# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မမြဲသော သဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျော်ကပ်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသော သဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၉)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ သောကြာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၄)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြော

နယူးယောက် စက်တင်ဘာ ၂၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်း အစီအစဉ် ဒုတိယနေ့ အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်ဂိုလီးယားနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Lundeg PUREVSUREN နှင့် ဒေသစံတော်ချိန်


စာမျက်နှာ ၃ ကော်လံ ၁ ✻




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်းအစီအစဉ် ဒုတိယနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (ဓာတ်ပုံ-ရိုက်တာ)

# မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များ ကင်းမဲ့သည့်ကမ္ဘာကြီးဖြစ်ပေါ်လာစေရေး တိုက်တွန်း

နယူးယောက် စက်တင်ဘာ ၂၂

(၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**သဘာပတိကြီး၊ လေးစားအပ်ပါသောလူကြီးမင်းများ၊ ဂုဏ်သရေရှိ ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များရှင့်၊**

မြန်မာနိုင်ငံအစိုးရသစ်ရဲ့ ပထမဆုံးကိုယ်စားလှယ်အနေနဲ့ ယခုကျင်းပပြုလုပ်လျက်ရှိတဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ တက်ရောက်ပြောကြားစဉ် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းရဲ့ရည်ရွယ်ချက်နဲ့ အခြေခံမူများအပေါ်ထားရှိတဲ့ ကျွန်မတို့ရဲ့ယုံကြည်ချက်ကို တာဝန်တစ်ခုအနေနဲ့လည်းကောင်း၊ အခွင့်အရေးတစ်ရပ်အနေနဲ့လည်းကောင်း ကျွန်မအနေနဲ့ ထပ်လောင်းအတည်ပြု ပြောကြားအပ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အင်အားဟာ


စာမျက်နှာ ၄ ကော်လံ ၁ ◆


**ရခိုင်ပြည်နယ်အတွင်း သဟဇာတရှိမှု၊ ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာရေးအတွက် ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်**




မြန်မာ့အလင်း

# ပြည်သူကို ရှင်လန်းအားတက်စေမည့် ဆောင်ရွက်ချက်

ယခုရက်ပိုင်းအတွင်း ဥပဒေတစ်ခုကို ပြည်သူ့လွှတ်တော်တွင် အတည်ပြုနိုင်ခဲ့ပြီး နောက်ဥပဒေတစ်ခုကို အမျိုးသားလွှတ်တော်တွင် အများစုသဘောထားဖြင့် ရုပ်သိမ်းနိုင်ခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် အတည်ပြုခဲ့သော ဥပဒေမှာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းဖြစ်ပြီး အမျိုးသားလွှတ်တော်တွင် ရုပ်သိမ်းရန် ဆုံးဖြတ်နိုင်ခဲ့သည့်ဥပဒေမှာ နိုင်ငံရေးသမားများစွာကို ထောင်သွင်း အကျဉ်းချခဲ့သည့် အရေးပေါ် စီမံမှုအက်ဥပဒေဖြစ်သည်။

ယင်းဥပဒေနှစ်ခုကိုကြည့်လျှင် တစ်ခုမှာ ၁၉၅၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သော သက်တမ်း ၆၆ နှစ်ရှိဥပဒေဖြစ်ပြီး လူတို့၏ လွတ်လပ်မှု၊ လုံခြုံမှုကို အလွယ်တကူ ထိပါးနိုင်သော ဥပဒေဖြစ်သည်။ ယင်းဥပဒေတွင်ပါရှိသော ပုဒ်မ(၅)ညမှာ နိုင်ငံရေးပုဒ်မအဖြစ် လူသိများပြီး နိုင်ငံရေးသမားများစွာကို ထောင်သွင်းအကျဉ်းချခဲ့သည့် ဥပဒေဖြစ်သည်။ ယင်းဥပဒေကို ဖဆပလ အစိုးရလက်ထက်မှစ၍ အစိုးရအဆက်ဆက်သည် အတိုက်အခံများ၊ နိုင်ငံရေးအရ ကွဲလွဲသူများကို ဖိနှိပ်ချုပ်ချယ်ရန် အသုံးပြုခဲ့ကြသည်။ ထိုဥပဒေအရ ထိန်းသိမ်းခံရသူများတွင် တရားဥပဒေအရ ခုခံချေပခွင့်၊ လူ့ဂုဏ်သိက္ခာနှင့်အညီ အစစ်ဆေးခံခွင့်၊ မျှတသောပြစ်ဒဏ်စသည်တို့ကို လုံးဝမမျှော်လင့်နိုင်သော အခြေအနေဖြစ်သည်။ နှစ်ရှာချီသော ထောင်ဒဏ်များကို နိုင်ငံရေးအရ သဘောကွဲသူများအပေါ် ရက်စက်စွာ ချမှတ်ခဲ့သည်။ စစ်ကြောရေးစခန်းများ၌ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် သေဆုံးရသူများလည်း ရှိခဲ့သည်။ ယခုလို ဥပဒေကို အမျိုးသားလွှတ်တော်တွင် ထောက်ခံမဲ ၁၂၈ မဲ၊ ကန့်ကွက်မဲ ၅၉ မဲဖြင့် ရုပ်သိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်ခွင့်နှင့် သွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်ကို ဆိုလိုသည်။ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ လုံခြုံမှုကိုဆိုလိုသည်။ ထိုစကားတွင် နိုင်ငံသားတစ်ဦး၏ နေအိမ် ဥပစာလုံခြုံမှု၊ စာပေးစာယူနှင့်အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ပါဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ အဆိုပါ ဥပဒေကြမ်းအရ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး မည်သူ့ကိုမှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုတို့ကို နစ်နာဆုံးရှုံးခြင်းမရှိစေရန် အကာအကွယ်ပေးရမည်ဟု သိရသည်။ ဤဥပဒေအရဆိုလျှင် ၂၀၀၈ အခြေခံဥပဒေအခန်း(၈) ‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ’ အခန်းမှ ပုဒ်မ-၃၅၄ ပါ လွတ်လပ်ခွင့်များထက် ပိုမိုကျယ်ပြန့်သည်ကို တွေ့ရသည်။ ဤဥပဒေကို လက်တွေ့ကျင့်သုံးခြင်းအားဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုအကာအကွယ်ပေးနိုင်မည်ဟု ယူဆရပါသည်။

လွန်ခဲ့သော အနှစ် ၂၀၀ ကျော်က အမေရိကန်ဖွဲ့စည်းပုံဥပဒေတွင် ပထမဆုံးပြင်ဆင်ချက် ၁၀ ချက်ကို ထည့်သွင်းခဲ့သည်။ ယင်းမှာ အခွင့်အရေးဥပဒေ (Bill of Rights) ဟုခေါ်သော ဥပဒေများဖြစ်သည်။ ယင်း ၁၀ ချက်အနက် ပထမလေးချက်မှာ လွတ်လပ်မှုနှင့်ဆိုင်သော၊ လွတ်လပ်မှုကိုဥပဒေအရ အကာအကွယ်ပေးသော အချက်များဖြစ်ပြီး ဒုတိယလေးချက်မှာ နိုင်ငံသားများအတွက် ဥပဒေကြောင်းဆိုင်ရာ အာမခံချက်များ ပေးထားခြင်းဖြစ်သည်။ သတ္တမအချက်မှာ ဒေါ်လာ ၂၀ အထက် တန်ဖိုးသတ်မှတ်ခြင်းခံရသော အရပ်ဘက်အမှုအခင်းများအားလုံး ခုံရုံးဖွဲ့စစ်ဆေးခြင်း၊ ခံယူခွင့်နှင့် အဋ္ဌမအချက်အရ လွန်လွန်ကဲကဲ ဒဏ်ရိုက်ခြင်း၊ အာမခံငွေတင်ခြင်းများကို တားမြစ်ထားပြီး ရက်စက်သော၊ ပုံမှန်မဟုတ်သော ပြစ်ဒဏ်ပေးမှုများကိုမပြုလုပ်ရန် တားမြစ်ထားခြင်း ဖြစ်သည်။ နဝမအချက်မှာ ထိုတစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများကို လုံးဝပြည့်စုံနေပြီဟု ယူဆရန်မဟုတ်ဘဲ၊ ဖွဲ့စည်းပုံတွင် ဖော်ပြထားခြင်းမရှိသော အခြားသော အခွင့်အရေးများလည်းရှိနိုင်ကြောင်း ဝန်ခံထားခြင်းဖြစ်သည်။

ထိုသို့ဝန်ခံထားချက်အတိုင်းပင် ခေတ်စနစ်လိုအပ်ချက်များအရ အခွင့်အရေးဆိုင်ရာ ခံစားခွင့်ဥပဒေများ တိုးများလာခဲ့သည်။ နိုင်ငံသားများ၏ တစ်ဦးချင်းလွတ်လပ်မှုနှင့် လုံခြုံမှုများကို ပိုမိုကာကွယ်ရန် လိုအပ်လာသည်။ ယခု ကမ္ဘာ့ရွာဖြစ်လာချိန်၊ သတင်းခေတ်ဖြစ်လာချိန်တွင် ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ရာကအစ လုံခြုံမှုလိုအပ်လာသည်။ သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်မရဘဲ နောက်ယောင်ခံခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေခြင်း သို့မဟုတ် ဖမ်းဆီးခြင်းများ မပြုနိုင်ရန် လိုအပ်လာသည်။ အစိုးရသစ်၏ ဦးတည်ချက်မှာ တစ်ဦးချင်းလွတ်လပ်ခွင့်ကို အားပေးသော ဥပဒေများ ပြဋ္ဌာန်းရန်နှင့် ဖိနှိပ်ချုပ်ချယ်သော ဥပဒေများ ဖျက်သိမ်းရန်ဖြစ်ရာ ယခုဆောင်ရွက်ချက်များသည် နိုင်ငံသားများ ရှင်လန်းအားတက်စေမည့် ဆောင်ရွက်ချက်များအဖြစ် ယူဆပါကြောင်း တင်ပြရပါသည်။ ။




## မြန်မာနိုင်ငံ လူငယ်မူဝါဒ

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## ထင်သာမြင်သာ ပြုပြင်စရာ

### ကျိုင်းတုံ- မိုင်းဖြတ်-တာချီလိတ်လမ်းအား အတားအဆီး အကာအရံများပြုလုပ်ပေးစေလို

ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့နှင့် တာချီလိတ်မြို့တို့ကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးသည် အရှည် ၁၀၂ မိုင်ရှိပြီး အကွေ့အကောက်များသည့် တောင်ပေါ်လမ်းတစ်ခုဖြစ်သည်။ အထူးသဖြင့် ကျိုင်းတုံမြို့နှင့်မိုင်းဖြတ်မြို့အကြား လမ်းပိုင်းသည်အများအားဖြင့် တစ်ဖက်တွင် တောင်နံရံ၊ တစ်ဖက်တွင် နမ့်လုံချောင်း စီးဆင်းနေသည့် အနက်ပေ ၁၅၀ ကျော်ခန့်ရှိသော ချောင်းကမ်းနဖူး (ချောက်ကမ်းပါးနဖူး)တွင် မေးတင်ဖောက်လုပ်ထားသည့် လမ်းဖြစ်ပါသည်။

လမ်းပခုံးမြေသားမှာလည်း အကျယ်နှစ်ပေ၊ သုံးပေခန့်သာရှိပြီး ယင်းလမ်းပခုံးမြေအား ချုံပင်နှင့်မြက်ပင်များဖုံးလွှမ်းနေသည့်အတွက် မြင်ကွင်းမရှင်းသလို ချောက်ကမ်းပါးနဖူးအား အကာအရံအတားအဆီးများ ပြုလုပ်ပေးထားခြင်းမရှိသည့်အတွက် ယာဉ်မတော်တဆမှုများဖြစ်ကာ ချောင်းအတွင်း (ချောက်အတွင်း) မကြာခဏဆိုသလို မော်တော်ယာဉ်များထိုးကျကာ **(ယာပုံ)** ငါးဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ရပြီး လူအမြောက်အမြား ဒဏ်ရာရရှိခဲ့ကြသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ၏ အသက်အန္တရာယ် ကင်းဝေးစေရန်အတွက် ကျိုင်းတုံ- မိုင်းဖြတ်-တာချီလိတ်လမ်းကို လိုအပ်သည့်အတားအဆီး အကာအရံများ၊ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် အထောက်အကူပြုလုပ်ငန်းများအား သက်ဆိုင်ရာမှလိုအပ်သလို ကွင်းဆင်းလေ့လာကာ ဆောင်ရွက်ပေးနိုင်ပါရန် ရေးသားလိုက်ရပါသည်။

**မောင်ယဉ်ကျေး**



### သုံးခွမြို့နယ် သခွတ်ကုန်းကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**သုံးခွ စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဆိုင်ကယ်ပြင်သင်တန်းကို သခွတ်ကုန်းကျေးရွာ ရွာဦးစေတီမြေရုံ၌ စက်တင်ဘာ ၁၉ ရက်က ဖွင့်လှစ်ရာ တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းသန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းနည်းပြများက ဆိုင်ကယ်တစ်စီးလုံးကို ဖြုတ်ခြင်း၊ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းများကို စာတွေ့ လက်တွေ့နှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သစ်ဖမ်းဆီးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူများအား ဂုဏ်ပြု

**ပြည် စက်တင်ဘာ ၂၂**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း သစ်ဖမ်းဆီးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရဲတပ်ဖွဲ့မှ ဆုချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာလတတိယပတ်က ပြည်မြို့ နဝင်းရဲရိပ်သာခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးယာယီ ဒုတိယရဲမှူးကြီးမြင့်ကြည်က အမှာစကားပြောကြားပြီး သစ်ဖမ်းဆီးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

### ပညာပေးဟောပြောပွဲများပြုလုပ်

**ရှာငံ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်အတွင်းရှိ ပြည်သူများ၏ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစသည့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က မြို့နယ်အုပ် ချုပ်ရေးမှူး ဦးကျော်စွာထွန်း ဦးဆောင်၍ သက်ဆိုင်သည့် ဌာနဆိုင်ရာ ၁၂ ခုဖြင့် မြင်းကျဒိုးကျေးရွာနှင့် အလယ်ချောင် ကျေးရွာများသို့ ကွင်းဆင်း၍ဆောင်ရွက်ရာ ပြည်သူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရှာငံ)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၂-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၇.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၁၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၄၃ |
| တရုတ် | တစ်ယွမ် | ၁၈၅.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Asia Society က စီစဉ်ကျင်းပသည့် လူထုဟောပြောပွဲ အခမ်းအနား၌ မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

မွန်းလွဲ ၃ နာရီခွဲတွင် ကုလသမဂ္ဂဌာနချုပ် အဆောက်အအုံ၌ တွေ့ဆုံကာ နှစ်နိုင်ငံ မူဝါဒဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် 2016 Treaty Event ၌ နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု **အလုံးစုံ တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်ခြင်း** အခမ်းအနား တက်ရောက်သည်။ **(ယာပုံ)**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Asia Society က စီစဉ်ကျင်းပသည့် လူထုဟောပြောပွဲ အခမ်းအနား၌ မိန့်ခွန်းပြောကြားပြီး မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်သည်။

အဆိုပါ Asia Society သို့ ဖိတ်ကြားထားသူများနှင့် နိုင်ငံခြားရေး မူဝါဒဆိုင်ရာ ပညာရှင်များ၊ နိုင်ငံရေးသိပ္ပံပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နယူးယောက်မြို့မှ စိတ်ပါဝင်စားသူဒေသခံများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။



ညပိုင်းတွင် နိုင်ငံတော်၏ အတိုင် ပင်ခံပုဂ္ဂိုလ်သည် Asia Society က တည်ခင်းသည့် ညစာစားပွဲသို့ တက် ရောက်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စု အစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

### မြန်မာ့ရုပ်မြင်သံကြား

**News Channel**

၂၃-၉-၂၀၁၆ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန်(အဆိုဘာသာရပ်) (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)

၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်

၁၄း၂၀ - အတီးပြိုင်ပွဲ

**ညပိုင်း**

၁၅း၃၅ - လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ

၁၆း၁၅ - ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန်(အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင် (ပထမတန်း)အဆင့်) (အမျိုးသမီး)

၁၈း၂၀ - ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေးလှုဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်) မျှော်လင့်ခြင်း ၊ အခုအချိန်ထိ အမှောင်ထဲမှာ

# အာဆီယံဒေသတွင်း ပြန်ပြည့်မြဲစွမ်းအင်နှင့် စွမ်းအင်ချွေတာရေးကဏ္ဍများကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၂၂**

အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြန်ပြည့်မြဲစွမ်းအင်နှင့် စွမ်းအင်ခြိုးခြံချွေတာရေးကဏ္ဍများကို ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ညနေပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ပြုလုပ်သည့် (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး သတင်းစာရှင်းလင်းပွဲမှသိရသည်။ **(ယာပုံ)**

အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၁၆-၂၀၂၀ (ASEAN Plan of Action for Energy Cooperation – APAEC) ကို ငါးနှစ်အတွင်း မူဝါဒများချမှတ်၍ ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ၏ရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ခုနှစ်တွင် အာဆီယံစွမ်းအင် သုံးစွဲမှုပမာဏ၏ ၂၃ ရာခိုင်နှုန်းကို ပြန်ပြည့်မြဲစွမ်းအင် ရယူသုံးစွဲနိုင်ရေး၊ ၂၀၂၀ပြည့်နှစ်တွင် အာဆီယံဒေသတစ်ခုလုံး စွမ်းအင်ကို အကျိုးရှိစွာ အသုံးချရေး အနေဖြင့် ၂၀၀၅ခုနှစ် သုံးစွဲမှုထက် ၂၀ ရာခိုင်နှုန်းလျှော့ချသုံးစွဲသွားရန် အတည်ပြုခဲ့ကြောင်း။

ထို့ပြင်အာဆီယံဒေသတွင်း လျှပ်စစ်ဓာတ်အားစနစ်၊ ဓာတ်ငွေ့ပိုက်လိုင်း မြှင့်တင်တည်ဆောက်၍ ဒေသတွင်း မျှဝေသုံးစွဲနိုင်ရေး၊ စွမ်းအင်ဖူလုံရေး၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေး သုံးစွဲရေးနည်းပညာ မြှင့်တင်သွားရန်၊ မြို့ပြသုံးနျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတည်ပြု ဆွေးနွေးခဲ့ကြကြောင်း စွမ်းအင်နှင့်လျှပ်စစ်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့က ASCOPE အဖွဲ့ဝင် နိုင်ငံဖြစ်တဲ့အတွက် အာဆီယံနိုင်ငံအတွင်းမှာ ဂက်စ်ပိုက်လိုင်းတွေကို သွယ်ဆက်ပြီးတော့ အချင်းချင်း မျှဝေသုံးစွဲဖို့အစီအစဉ်တစ်ခု လုပ်ထားတယ်။ ကျွန်တော်တို့ဆီကနေ ထိုင်းနိုင်ငံ၊ ထိုင်းနိုင်ငံကနေပြီးမှ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတွေစသဖြင့် အာဆီယံရဲ့ ဂက်စ်ပိုက်လိုင်း ကွန်ရက်ကို ပိုပြီးရှည်လာအောင်၊ ပိုပြီးမျှဝေသုံးစွဲလာနိုင်အောင် လုပ်နေတာဖြစ်ပါတယ်" ဟု စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာန၊ မူဝါဒနှင့် ဥပဒေလုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ လက်ထောက်အတွင်းဝန် ဦးမင်းမင်းဦးက ပြောကြားသည်။

ဒေသတွင်း စွမ်းအင်ဖူလုံရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် သတ်မှတ်စံနှုန်းများ တစ်ပြေးညီဖြစ်စေရေး၊ ဒေသတွင်း စွမ်းအင်ချိတ်ဆက်၍ မျှဝေသုံးစွဲနိုင်ရေးအချက်များကို အခြေခံကာ ယခုနှစ်၏ အာဆီယံစွမ်းအင် ဆောင်ပုဒ်ဖြစ်သော "Toward Greener Community With Cleaner Energy" (အာဆီယံတစ်ခွင် စိမ်းလန်းဖို့ သန့်ရှင်းသောစွမ်းအင်သုံးကြစို့)နှင့်အညီ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အာဆီယံစွမ်းအင် အစည်းအဝေးတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံစွမ်းအင်ဗဟိုဌာန(ACE)၊ IEA၊ ERIA၊ IRENA တို့မှ ကိုယ်စားလှယ်များက စာတမ်းဖတ်ပွဲများနှင့်အတူ တစ်ဆက်တည်း ဆွေးနွေးခဲ့ကြပြီး (၃၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပရန် သဘောတူညီခဲ့ကြသည်။ **(သတင်းစဉ်)**



# ပြည်သူတွေရဲ့ လူမှုရေးနဲ့စီးပွားရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ့် မူဝါဒများနဲ့အစီအစဉ်များကို အောင်မြင်စွာဖော်ဆောင်နိုင်ရေး ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ မရှိမဖြစ် လိုအပ်

◆ *ရှေ့စာမှ*

ပဋိညာဉ်စာတမ်းကြီးနဲ့ နိုင်ငံတကာဥပဒေရဲ့ အခြေခံမူကြီးများမှာ အခြေခိုင်မာစွာပါဝင်နေတဲ့ ကမ္ဘာ့နိုင်ငံအများအပြား ကျယ်ပြန့်စွာပါဝင်မှုနဲ့ တရားဝင်ရပ်တည်မှုတို့အပေါ်မှာ အခြေခံပါတယ်။ မပြည့်စုံမှုများနဲ့ ကန့်သတ်ချက်များရှိနေသော်လည်း လူသားအားလုံးအတွက် ကြင်နာမှုများ၊ ကရုဏာတရားများ ပိုမိုပြည့်ဝသောနေအိမ်အဖြစ်နဲ့ ပိုမိုငြိမ်းချမ်းသာယာဝပြောတဲ့ ကမ္ဘာကြီးဖြစ်လာစေရန် ကျွန်မတို့ရဲ့ မျှော်လင့်ချက်များကိုသယ်ဆောင်ပေးမယ့် အဖွဲ့အစည်းကြီးအဖြစ် ကုလသမဂ္ဂဟာဆက်လက်တည်ရှိနေမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်မှာပဲ ပြည်ထောင်စု မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂအဖွဲ့သို့ ပါဝင်ခဲ့ပါတယ်။ အဲဒီအချိန်ဟာ ကမ္ဘာ့လူသားအားလုံးအနေနဲ့ ကမ္ဘာ့စစ်ကြီးရဲ့ အပျက်အစီးများမှရုန်းထွက်ပြီး ၎င်းတို့ရဲ့ နိုင်ငံများ အသစ်တဖန် ပြန်လည်တည်ဆောက်နေတဲ့ အချိန်ဖြစ်သလို တန်းတူညီမျှမှု၊ သာယာဝပြောမှုနဲ့ တရားမျှတမှုတို့ဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်တဲ့ လူသားတို့ရဲ့ စွမ်းဆောင်ရည်အပေါ် ယုံကြည်မှုတို့ကို ပြန်လည်တည်ဆောက်နိုင်မယ်လို့ ယုံကြည်မှုအပြည့်အဝထားတဲ့ ခေတ်ကာလတစ်ခုလည်း ဖြစ်ပါတယ်။ ယခုအချိန်ဟာဆိုရင်လည်း မြန်မာနိုင်ငံအနေနဲ့ ခိုင်မာတဲ့မျှော်လင့်ချက်များထားရှိနေတဲ့ အချိန်ကာလဖြစ်နေပြန်ပါတယ်။ ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံမဲများ အပြတ်အသတ်ပေးခဲ့ခြင်းဟာ နိုင်ငံရေးပါတီတစ်ခုကို ထောက်ခံခြင်းသက်သက်မဟုတ်ဘဲ နိုင်ငံရဲ့အနာဂတ်ကို ၎င်းတို့ရဲ့အိပ်မက်များ၊ မျှော်လင့်ချက်များနဲ့အညီ ဖန်တီးနိုင်ဖို့အတွက် ၎င်းတို့ရဲ့အခွင့်အရေးနဲ့ စွမ်းဆောင်ရည်များအပေါ် ယုံကြည်မှုရှိကြောင်း ထင်ဟပ်တဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ခုကို ပြသခဲ့ခြင်းဖြစ်ပါတယ်။ ဒီအိပ်မက်များ၊ မျှော်လင့်ချက်များဟာ ကုလသမဂ္ဂကို စတင်တည်ထောင်စေခဲ့တဲ့ အိပ်မက်များ၊ မျှော်လင့်ချက်များနဲ့ အတူတူပင် ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ခါးသွားမှ ထယ်သွားအဖြစ် ပြောင်းလဲရေးသို့တည်းမဟုတ် ပိုမိုခေတ်မီတဲ့ အသုံးအနှုန်းနဲ့ ဒါကိုပြောကြားရမယ်ဆိုရင် အဖျက်လက်နက်များကို လယ်ယာသုံးကိရိယာများအဖြစ် ပြောင်းလဲရေးအိပ်မက်ဟာ ပဋိပက္ခများရဲ့ဖိအားကြောင့် အိပ်စက်မှုနဲ့ နေရပ်များကို ကာလရှည်ကြာစွာ စွန့်လွှတ်နေခဲ့ရတဲ့ ကျွန်မတို့ပြည်သူများရဲ့စိတ်ထဲနှလုံးသားထဲမှာ ရှိနေပါတယ်။ မိမိတို့နေအိမ်များအတွင်းမှာ လုံခြုံဘေးကင်းစွာ နေထိုင်နိုင်ရေး၊ မိမိတို့ရဲ့ စွမ်းဆောင်ရည်ကို အပြည့်အဝဖော်ထုတ်နိုင်စွမ်းအပေါ် ယုံကြည်မှုရှိရေး၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနဲ့ သက်ကြီးရွယ်အိုများရဲ့ လုံခြုံမှုအလားအလာများအပေါ် ကျေနပ်မှုရှိရေး၊ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုတစ်ခုရဲ့ နိုင်ငံသားများအတွက် ၎င်းတို့ရဲ့အခွင့်အရေးများနဲ့ တာဝန်ဝတ္တရားများ ခိုင်မာမှုရှိရေးတို့ဟာ ကျွန်မတို့ရဲ့ရိုးရှင်းတဲ့၊ မျှော်လင့်ချက်များပဲ ဖြစ်ပါတယ်။ ရိုးရှင်းပေမယ့် အောင်မြင်ဖို့ဆိုတာ ခက်ခဲကြောင်း အထူးပြောဖို့မလိုပါဘူး။ ကျွန်မတို့ရဲ့ရည်မှန်းချက်များကို ဖော်ဆောင်ပေးမယ့် တစ်ခုတည်းသောလမ်းကြောင်းကတော့ ငြိမ်းချမ်းရေးလမ်းကြောင်းသာဖြစ်ပြီး ဒီလမ်းကြောင်းကို မျှော်လင့်ချက်များ၊ သန္နိဋ္ဌာန်များနဲ့အတူ လျှောက်လှမ်းသွားရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

မြန်မာပြည်သူပြည်သားများအနေနဲ့ ၎င်းတို့ရဲ့ မွေးရာပါအခွင့်အရေးများဖြစ်တဲ့ ငြိမ်းချမ်းလုံခြုံစွာနေထိုင်နိုင်ရေး၊ အခြေခံလွတ်လပ်ခွင့်များရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာလကြာရှည်မရရှိမခံစားခဲ့ကြရပါ။ ဒီအခွင့်အရေးများဟာ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနဲ့လည်း အကျုံးဝင်ပါတယ်။ နှစ်ပေါင်း (၆၀) ကျော် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို တွေ့ကြုံခံစားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့လောက် အရေးကြီးတဲ့ ကိစ္စရပ်ရှိမှာမဟုတ်ပါဘူး။ အစိုးရသစ်အနေနဲ့ ဒီလိုခက်ခဲရှုပ်ထွေးတဲ့ကိစ္စရပ်ကို အဓိကစိန်ခေါ်မှုတစ်ရပ်အနေနဲ့လည်းကောင်း၊ ပင်မဦးစားပေး လုပ်ငန်းတစ်ရပ်အနေနဲ့လည်းကောင်း ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါတယ်။ မကြာသေးခင်က (၂၁) ရာစုပင်လုံလို့ခေါ်တဲ့ ပထမဆုံးသော ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။ ဒီလိုခေါ်ရခြင်းဟာ လွတ်လပ်သော မြန်မာနိုင်ငံကို အခြေခံအုတ်မြစ်ချပေးနိုင်ခဲ့တဲ့ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကြီးရဲ့ ပင်လုံစိတ်ဓာတ်ကို ကိုယ်စားပြု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးဟာ ပြည်ထောင်စုစိတ်ဓာတ်ကို လည်းကောင်း၊ အားလုံးပါဝင်ခွင့်ရှိစေရေးဆိုတဲ့ အခြေခံမူကိုလည်းကောင်း အခြေခံကျင်းပခဲ့ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ သို့သော် ဒီလိုညီလာခံကြီးကျင်းပရုံသက်သက်နဲ့တော့ ရည်မှန်းချက်ကို ရောက်ရှိမှာမဟုတ်ပါဘူး။ ဒီညီလာခံဟာ နောင်လာမယ့် မျိုးဆက်သစ်များကို ပြည်သူများအကြား မဖော်ပြနိုင်တဲ့ ဝမ်းနည်းကြေကွဲမှုများပေါ်ပေါက်စေတဲ့ ညီနောင်များ စိတ်ဝမ်းကွဲမှုများမှ လွတ်မြောက်စေမယ့် အမျိုးသားပြန်လည်သင့်မြတ်မှုနဲ့ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးတို့ကို ရှေးရှုတဲ့ခရီးမှာ ပထမဆုံးအရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်သာ ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရဲ့ အခြေအနေကို တစ်ကမ္ဘာလုံးက အာရုံစိုက်ခဲ့ကြပါတယ်။ ကမ္ဘာ့အသိုက်အဝန်းဝင် တာဝန်သိနိုင်ငံ တစ်နိုင်ငံအနေနဲ့ နိုင်ငံတကာအသိုက်အဝန်းရဲ့ ဝေဖန်မှုများအပေါ် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိပါဘူး။ ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းအားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မယ့်၊ ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ်ရရှိရေးကို သန္နိဋ္ဌာန်ရှိရှိနဲ့ ဆောင်ရွက်နေပါတယ်။ မိမိတို့အစိုးရအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပဓာနထားပြီး နားလည်မှုနဲ့ ယုံကြည်မှုတို့တိုးမြှင့်စေမယ့် ရေတို၊ ရေရှည်အစီအစဉ်များပါဝင်တဲ့ အားလုံးခြုံငုံမိသော နည်းလမ်းတစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့အစိုးရသစ်အနေနဲ့ တာဝန်ယူပြီးမကြာခင်မှာပဲ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနဲ့ တရားဥပဒေလိုက်နာရေး၊ လူဝင်မှုကြီးကြပ်ရေးနဲ့ နိုင်ငံသားစိစစ်ရေး၊ နေရာချထားရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာမှုအထောက်အပံ့များ ပေးအပ်နေတဲ့ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီကိစ္စရပ်ကို ပြည့်စုံကောင်းမွန်စွာနဲ့ ထိရောက်စွာကိုင်တွယ်ဖြေရှင်းရေး အထောက်အကူပြုစေရန်နဲ့ ပိုမိုကောင်းမွန်စေဖို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အဲဒီအကြံပေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ယခင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေါက်တာကိုဖီအာနန်က ဆောင်ရွက်မှာဖြစ်ပါတယ်။

အဆိုပါ ကော်မရှင်ဖွဲ့စည်းခဲ့တဲ့အပေါ် တချို့က ဆန့်ကျင်ဝေဖန်မှုများ အစဉ်တစိုက် ပြုလုပ်ခဲ့ပါတယ်။ သို့ပေမယ့်လည်း ကျွန်မတို့ဟာ ရခိုင်ပြည်နယ်အတွင်း သဟဇာတရှိမှု၊ ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာရေးအတွက် ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ နားလည်မှုနဲ့ အပြုသဘောကူညီဆောင်ရွက်ပေးဖို့ကိုလည်း ပြောကြားလိုပါတယ်။ တစ်ဖက်သတ် ပြုမူသူများနှင့် သည်းခံခြင်းတရားမရှိသူများရဲ့ဖိအားပေးမှုများကို ကြံ့ကြံ့ခံလျက် အခြေခံလူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနဲ့ လူသားတစ်ဦးအဖြစ် တန်ဖိုးထားမှုအပေါ် ကျွန်မတို့ရဲ့ ယုံကြည်မှုကို ထပ်မံအတည်ပြုပြောကြားလိုပါတယ်။

**သဘာပတိကြီးရှင့်**

ကျွန်မတို့ ပြည်သူတွေရဲ့ လူမှုရေးနဲ့ စီးပွားရေးလိုအပ်ချက်တွေကို အောင်မြင်စွာ ဖြည့်ဆည်းပေးမယ့် မူဝါဒများနဲ့ အစီအစဉ်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ မရှိမဖြစ် ကနဦး လိုအပ်ချက်များဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် နိုင်ငံတော်စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်

မူဝါဒကိုလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်အတော်များများကို အကောင်အထည်ဖော်ဖို့ ဦးတည်ရေးဆွဲထားတာ ဖြစ်ပါတယ်။ အဲဒီလိုထည့်သွင်းရေးဆွဲထားတဲ့မူဝါဒထဲမှာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ဖို့ ရည်မှန်းချက်တွေ ပါဝင်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူဗဟိုပြုပြီးအားလုံးပါဝင်တဲ့မူဝါဒရဲ့ အဓိကဦးတည်ချက်တွေကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနဲ့ သဘာဝသယံဇာတများထိန်းသိမ်းရေး၊ လူငယ်များအတွက် စွမ်းရည်မြှင့်တင်ပေးရေးနဲ့ အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ ပါဝင်ပါတယ်။

**သဘာပတိကြီးရှင့်**

ယမန်နေ့ကဖွင့်လှစ်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ အထွေထွေမူဝါဒရေးရာ ဆွေးနွေးမှုများမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေနဲ့ ကျွန်မတို့ရဲ့ တူညီတဲ့စိုးရိမ်မှုများအပေါ် ပြည့်ပြည့်စုံစုံဆွေးနွေးခဲ့ကြပါတယ်။ ဒါ့ကြောင့် ကျွန်မအနေနဲ့ ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ နျူကလီးယားလက်နက် ဖျက်သိမ်းရေးကိစ္စတို့ကိုပဲ သဘာပတိကြီးတို့ သတ်မှတ်ခွင့်ပြုပေးထားတဲ့ အချိန်အကန့်အသတ်အတွင်းမှာ ပြောကြားသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ပြဿနာတွေရဲ့အရင်းအမြစ်ကို စုံစမ်းဖော်ထုတ်နိုင်မှသာ ပြဿနာတွေကို ရေရှည်ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ မကြာသေးမီ နှစ်များအတွင်း ရွှေ့ပြောင်းသွားလာမှု ပမာဏဟာ မကြုံဖူးလောက်အောင် များပြားလာခြင်းနဲ့ အကျိုးဆက်အဖြစ်ပေါ်ပေါက်လာတဲ့ ဆင်းရဲဒုက္ခတွေဟာ မှုမမှန်တဲ့ ရွှေ့ပြောင်းသွားလာမှုကိုဖြစ်စေတဲ့ အဓိကအချက်နှစ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းမှုမရှိခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်လာတယ်ဆိုတာ တွေ့ရပါတယ်။ ကျွန်မတို့အနေနဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးအကြောင်းပြောတဲ့အခါမှာ ဘက်ပေါင်းစုံပါဝင်တဲ့ စီးပွားရေးမူဝါဒများကို ဟန်ချက်ညီညီအကောင်အထည်ဖော်မှုနဲ့အတူ အရေးကြီးတဲ့ လူ့အခွင့်အရေး၊ တန်းတူညီမျှမှုရှိရေး၊ မတူကွဲပြားမှုနဲ့ စိတ်ရှည်သည်းခံမှုတို့ကို လေးစားမှုမြှင့်တင်ရေးတို့ကိုလည်း လျစ်လျူရှုလို့ မရနိုင်ပါဘူး။ ဒါဟာ ကျွန်မတို့ကို စိန်ခေါ်နေတဲ့ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပြီး နိုင်ငံတကာဥပဒေနဲ့အညီ တရားမျှတပြီး နားလည်လက်ခံနိုင်တဲ့ ဖြေရှင်းမှုတွေကိုရှာဖွေရာမှာ နိုင်ငံအများက ပူးပေါင်းပါဝင်ပြီး အတူလုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ရွှေ့ပြောင်းသွားလာသူများဟာ သူတို့ရဲ့အိမ်ရှင်နိုင်ငံတွေရဲ့ စီးပွားရေးနဲ့ကမ္ဘာ့စီးပွားရေးကို အထောက်အကူပြုတယ်ဆိုတာကို ကျွန်မတို့ မေ့ထားလို့မဖြစ်ပါဘူး။ ဒါ့ကြောင့် ရွှေ့ပြောင်းသွားလာတဲ့ အလုပ်သမားများရဲ့ အခွင့်အရေးတွေကို အာမခံချက်ပေးနိုင်ဖို့ အိမ်ရှင်နိုင်ငံနဲ့ မူရင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ပြုလုပ်ခြင်းဟာ နှစ်နိုင်ငံစလုံးကို အထောက်အကူပေးလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ ကမ္ဘာမြေကြီးဟာ လူတိုင်းမျှဝေခံစားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ တန်ဖိုးများနဲ့ ခနဉစ္စာတို့ကို ခွဲဝေခံစားခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ကျွန်မတို့ဟာ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ လူအချင်းချင်းသည်းခံမှုကင်းမဲ့ခြင်းတို့နဲ့ ဆက်နွှယ်နေတဲ့ ပြင်းထန်တဲ့ အစွန်းရောက်မှုဆိုင်ရာ လက္ခဏာရပ်များနဲ့ ပုံစံများအားလုံးကို စည်းလုံးညီညွတ်စွာနဲ့ အတူတကွ ဆန့်ကျင် ရပ်တည်ကြရမှာ ဖြစ်ပါတယ်။ အစွန်းရောက်ဝါဒဟာ အကြမ်းဖက်မှုရဲ့ အခြေခံအရင်းအမြစ်ဖြစ်ကြောင်း သိရှိလက်ခံပြီးနောက်မှာ အကြမ်းဖက်ဝါဒကိုပေါ်ပေါက်စေတဲ့ အကြောင်းရင်းများကို စူးစမ်းရှာဖွေဖို့ လိုအပ်ပါတယ်။ လူမှုရေးနဲ့စီးပွားရေးလုံခြုံမှုကင်းမဲ့ခြင်းတွေဟာလည်း အရေးကြီးတဲ့ အကြောင်းအချက်တွေဖြစ်တယ်ဆိုတာ သံသယဖြစ်စရာမရှိပါဘူး။ ဒါ့အပြင် ရည်ရွယ်ချက်ကင်းမဲ့မှု၊ ဘဝမှာ ဦးတည်ချက်မဲ့တဲ့ခံစားမှုတို့ဟာလည်း လူအများ၊ အထူးသဖြင့် လူငယ်များကို မိမိကိုယ်ကို ယုံကြည်မှုပေးနိုင်တယ်လို့ထင်ရတဲ့ အတွေးအခေါ်လှည့်ကွက်များထဲ ကျရောက်စေနိုင်ပါတယ်။

**သဘာပတိကြီးရှင့်**

မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များကင်းမဲ့တဲ့ ကမ္ဘာကြီးဖြစ်ပေါ်လာစေရေး တိုက်တွန်းအားပေးလျက်ရှိပါတယ်။ လက်ရှိနဲ့ အနာဂတ်မျိုးဆက်များအတွက် ငြိမ်းချမ်းရေးနဲ့လုံခြုံရေးရရှိစေရန်ရည်ရွယ်ပြီး နျူကလီးယားလက်နက် ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံမှာ နှစ်စဉ်တင်သွင်းလျက်ရှိပါတယ်။ ကမ္ဘာပေါ်ရှိ ဒေသအသီးသီးမှာ နျူကလီးယား လက်နက်ကင်းမဲ့ရေးဇုန်များ တည်ထောင်ခြင်းဟာလည်း ဒီပန်းတိုင်ကို အထောက်အပံ့ပြုလျက်ရှိ ပါတယ်။ ကျွန်မတို့အနေနဲ့ ဒီနေ့မွန်းလွဲပိုင်းမှာ နျူကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှုအလုံးစုံ တားဆီးပိတ်ပင်ရေးဆိုင်ရာ စာချုပ်ကိုအတည်ပြုပါဝင်ကြောင်း စာချွန်လွှာကို ပေးအပ်သွားမှာ ဖြစ်တဲ့အကြောင်း ဒီညီလာခံကြီးကို ဝမ်းမြောက်စွာ အသိပေး ပြောကြားလိုပါတယ်။

**သဘာပတိကြီးရှင့်**

ကျွန်မတို့ဟာ ပဋိပက္ခတွေအတွက် ပေးဆပ်ရတဲ့တန်ဖိုးကို သိသလိုရုန်းကန်လှုပ်ရှားရတဲ့ဒဏ်ရာဒဏ်ချက်တွေကိုလည်း ခံစားခဲ့ရပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သူတစ်ဦးတစ်ယောက်နဲ့ ဘယ်နိုင်ငံကိုမှ ဒီလိုအဖြစ်မျိုး မကြုံစေချင်ပါဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ ကျွန်မတို့ လျှောက်လှမ်းခဲ့တဲ့ ခရီးတစ်လျှောက် ကူညီပေးခဲ့တဲ့သူအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဒီခက်ခဲ ကြမ်းတမ်းတဲ့လမ်းတစ်လျှောက် ကိုယ်ချင်းစာတရား၊ အကြင်နာမေတ္တာတရားနဲ့ နားလည်မှုတို့နဲ့ ကူညီပေးခဲ့ကြပါတယ်။

ယနေ့ကမ္ဘာကြီးက ကြုံတွေ့နေရတဲ့ပြဿနာများကို ရင်ဆိုင်ရာမှာလည်း ဒါတွေလိုအပ်ပါတယ်။ ကျွန်မအနေနဲ့ ဆောင်ရွက်ပေးမယ်လို့ ကမ်းလှမ်းမှုတွေထက် ဒေါသ၊ အမုန်းတရား၊ မကျေနပ်မှု၊ တောင်းဆိုမှုတွေကိုသာ အများအပြား ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့ကမ္ဘာကြီးကို ပိုမိုကြင်နာတတ်စေချင်သလို ရယူခြင်းထက် ပေးဆပ်ခြင်းကိုလည်း ပိုမိုနေရာရစေလိုပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှု၊ မသိနားမလည်မှုတွေဟာ မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှုရဲ့ အကြောင်းရင်းများဖြစ်ပါတယ်။ အဂတိလိုက်စားမှုလို့ပြောရမှာ လာဘ်ပေးလာဘ်ယူပြုလုပ်မှု သက်သက်ကိုသာ ဆိုလိုခြင်း မဟုတ်ဘဲ လူ့သဘာဝကျင့်ဝတ်ပျက်ခြင်းကို ဆိုလိုပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှု၊ မသိနားမလည်မှုများဟာ လူ့သဘာဝကျင့်ဝတ်ကို ပျက်စေသလို ကမ္ဘာကြီးကိုလည်း ကျင့်ဝတ်ပျက်စေပါတယ်။ ကျွန်မတို့ရဲ့ မြေးမြစ်အဆက်ဆက်အတွက် ပိုမိုကောင်းမွန်တဲ့နေစရာအဖြစ် ကမ္ဘာကြီးကိုဖန်တီးရာမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီလိုကမ္ဘာ့နိုင်ငံအများ စုဝေးတဲ့နေရာမှာပဲ ဒီလိုမေတ္တာရပ်ခံမှုမျိုး ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့အားလုံး အတူတကွ ဒေါသ၊ အမုန်းတရား၊ အကြောက်တရားနဲ့ မသိနားမလည်မှုတွေကို ဆန့်ကျင်ရပ်တည်ကြပါစို့၊ ကိုယ်ချင်းစာတရား၊ အကြင်နာမေတ္တာတရား၊ အခြားသူများရဲ့ ကံကြမ္မာကောင်းတွေအပေါ် ဝမ်းမြောက်တဲ့စိတ်များ မွေးမြူနိုင်ပြီး ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးဆီသို့ လျှောက်လှမ်းရာလမ်းရှာဖွေကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

✪ ကျောဖုံးမှ

စားလာကြတယ်။ အခုဆိုရင် ရန်ကုန်မှာ ရေငန်ငါးစားသုံးမှုကလည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာတယ်”ဟု ဆိုကြသည်။

ရန်ကုန်မြို့၏ အဓိကငါးအရောင်းအဝယ်ရှိသည့် ကြည့်မြင်တိုင်(ဗဟို) စံပြငါးဈေးကြီးသို့ လွန်ခဲ့သောနှစ်များက ရေချိုငါး၊ ပုစွန်အဝင်နှုန်းမှာ နေ့စဉ် ပိဿာချိန် ၂၅၀၀၀၀ ကျော်ရှိပြီး ရေငန်(ပင်လယ်ငါး) ဝင်ရောက်မှုမှာလည်း ပိဿာချိန် ၂၀၀၀၀၀ ဝန်းကျင် ရှိနေသည်။ နာဂစ်ဖြစ်ပြီးနောက် မွေးမြူရေးကန်များ ပျက်စီးခဲ့ရ၍ ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ရေချိုငါး၊ ပုစွန်ဝင်ရောက်မှုနှုန်းများ ကျဆင်းလာခဲ့သည်။

ထို့အပြင် ပင်လယ်ပြင်ငါးရှာဖွေရရှိမှုမှာလည်း ခက်ခဲလာခဲ့သည်။ ဖမ်းဆီးရရှိမှုများ လျော့နည်းလာခဲ့သည်ဟု သိရသည်။

ပို၍ဆိုးရွားလာသည်မှာ ပြီးခဲ့သောနှစ်က ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ မွေးမြူရေး ငါးကန်များ အများအပြားဆုံးရှုံးပျက်စီးခဲ့ရသည်။ ထို့အတူ ယခုနှစ်တွင်လည်း သဘာဝဘေးကြောင့်ပင် မွေးမြူရေးကန်များ ထပ်မံပျက်စီးခဲ့ပြီး သဘာဝအင်းအိုင်များပါ ပျက်စီးမှုရှိခဲ့သည်။

ဗဟိုစံပြငါးဈေးကြီးသို့ ရေချိုငါး၊ ပုစွန်ဝင်ရောက်နေမှုကို ပြန်လည်ဆန်းစစ်ပါက နေ့စဉ်ပိဿာချိန် ၂၀၀၀၀၀ ဝန်းကျင်သာ ရှိနေသည်ကို တွေ့ရသည်။

ကြည့်မြင်တိုင် ထီးတန်းဈေးကြီးအတွင်းမှ ငါးရောင်းသည့် ဒေါ်ချိုက “ငါးရောင်းလာတဲ့သက်တမ်းက မနည်းတော့ဘူး၊ ငါးက ရှားလာသလို ဈေးကလည်း အလွန်တက်လာတယ်” ဟု ဆိုသည်။

ယခုအခါ အများစုမစားသည့် ငါးစင်ရိုင်း အကောင်သေးသေးလေးပင်လျှင် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ခန့်ဖြစ်လာသည်။ လက်မခန့်အရွယ် ပုစွန်ထုပ်လေးများမှာ တစ်ပိဿာငွေကျပ် ၁၂၀၀၀ ခန့် ဖြစ်လာသည်။

ဘောဂရပ်ကွက်မှ အိမ်ရှင်တစ်ဦးက တစ်နှစ်ချင်းကို ငါးဈေးက တက်လာတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကပဲ သိသိသာသာကြီးကို ဈေးကြီးလာတယ်။ အရင်က ငါးမြစ်ချင်းတစ်ပိဿာကို ငွေကျပ် ၄၀၀၀မှ ၅၀၀၀ ကနေ အခု ငွေကျပ် ၆၀၀၀မှ ၇၅၀၀ အထိ ရှိလာပြီ။ ငါးကြင်းအကောင်ကြီးသားဆို တစ်ပိဿာ ငွေကျပ် ၆၀၀၀ ကနေ အခုငွေကျပ် ၉၀၀၀ အထိ တက်လာတယ်။ ငါးကြင်း၊ ငါးခူ၊ ငါးရံ့ဆို ငွေကျပ် ၁၀၀၀၀ ကနေ ငွေကျပ် ၁၅၀၀၀ အထိ ဈေးနှုန်းရှိတယ်” ဟု ဆိုသည်။

ပင်လယ်ငါးဖြစ်သည့်ရွှေငါးအကောင်သေးများသည်ပင် တစ်ပိဿာငွေကျပ် ၅၀၀၀ ဝန်းကျင်ရှိပြီးပြည်ကြီးငါးအရွယ်ကြီးများမှာ တစ်ပိဿာ ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ ဈေးဖြင့် ရောင်းလာကြသည်ကို တွေ့ရသည်။

စက်တင်ဘာ ၂၁ ရက်က ဗဟိုစံပြ ငါးဈေးကြီး၏ဈေးနှုန်းမှတ်တမ်းအရ တစ်ပိဿာဈေးနှုန်းမှာ ငါးရံ့ငွေကျပ် ၄၅၀၀မှ ၆၀၀၀၊ ငါးခူး ငွေကျပ် ၃၅၀၀မှ ၆၅၀၀၊ ငါးကြင်း ငွေကျပ် ၄၅၀၀မှ ၈၀၀၀၊ ငါးမြစ်ချင်းငွေကျပ် ၂၄၀၀မှ ၃၂၀၀၊ ငါးကြင်း ၄၅၀၀မှ ၅၈၀၀၊ ငါးသလောက် ငွေကျပ် ၈၀၀၀မှ ၁၅၀၀၀၊ ပုစွန်ဖော့ချိတ် ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ ဟု ဖော်ပြထားသည်ကို လေ့လာသိရှိရသည်။

ကြည့်မြင်တိုင်ပန်းလှိုင်ရပ်ကွက်မှ အိမ်ရှင်မဖြစ်သူဒေါ်ဇာဇာညွန့်က “သတင်းအချို့မှာတော့ ဖတ်ရပါတယ်။ သူတို့သတ်မှတ်တဲ့ငါးဈေးနှုန်းက တစ်ခါမှ အဲဒီဈေးနဲ့ ဝယ်မရပါဘူး။ အခုတလောတော့ တော်သလင်းနေ ပုစွန်သေဆိုတဲ့အတိုင်း ပုစွန်ဖော့ချိတ်လေးတွေကို တစ်ပိဿာ ငွေကျပ် ၅၀၀၀နဲ့ဝယ်လို့ရနေတယ်။ ဒီလကတော့ ငါး၊ ပုစွန်ဈေးက နည်းနည်းကျတယ်”ဟု ဆိုသည်။

ကုမ္ပဏီများသို့ ငါးကုန်စည်ပို့သူများအနေဖြင့် နိုင်ငံခြားငွေဈေးနှုန်းမြင့်မားမှုကြောင့် အရောင်းအဝယ်ကျဆင်းနေသကဲ့သို့ အဝင်ဆိပ်ကမ်းများနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တွံတေးမြို့နယ်တို့မှ မွေးမြူရေး ငါး၊ ပုစွန်များ ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

## ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်

**သံဖြူဇရပ် စက်တင်ဘာ ၂၂**

အောက်တိုဘာလ ၁ ရက်နေ့တွင်ကျရောက်မည့်(၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သိန်း၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်ဆန်းဦးတို့ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၄၈ ဦးတို့ဖြင့် အများပြည်သူ၏ကျန်းမာရေးကို အထောက်အကူဖြစ်စေ ရန်ရည်ရွယ်ကာ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စက်တင်ဘာလ တတိယပတ်မှစတင်ပြီး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြတ်မွန်ထွေး**

## (၅၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**လှိုင်ကော် စက်တင်ဘာ ၂၂**

အောက်တိုဘာလ ၁ ရက်နေ့တွင်ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် သွေးလှူဒါန်းခြင်းများကို စက်တင်ဘာ ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်း ဦးစီး၍ တပ်ဖွဲ့ဝင် ၁၂၀ တို့သည် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သစ်ပင်ချုံနွယ်များ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန် စေရေးအတွက် မြောင်းများရှိ အမှိုက်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး တပ်ဖွဲ့ဝင် ၂၅ ဦးတို့က သွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်သာလန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ဆက်ဆံမှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Wouter Robert Marie Jurgen အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်နေမှု၊ ကချင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရာတွင် ကြုံတွေ့ရသည့်ပကတိအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်နိုင်သည့်နယ်ပယ်များတွင် ဆက်ဆံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Allard Wagemaker တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိမ်ခြံမြေ ပြည်ပရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၃ ဒသမ ၅ သန်းအထိ ရှိလာနိုင်

**ရန်ကုန် စက်တင်ဘာ ၂၂**



မြန်မာနိုင်ငံတွင် အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံတကာကုမ္ပဏီများအတွက် စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုဖြစ်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အိမ်ခြံမြေနဲ့ ဆောက်လုပ်ရေးဈေးကွက်မှာ ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံတကာကုမ္ပဏီကြီးတွေအတွက် မြန်မာနိုင်ငံဟာ စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုဖြစ်လာပြီး အိမ်ခြံမြေနဲ့ ဆောက်လုပ်ရေးဈေးကွက်ဟာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေပါတယ်” ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဗဟိုကော်မတီအဖွဲ့ဝင် ဦးကြည်လွင်က ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ကျင်းပသည့် Myanmar Build & Decor ပြပွဲသတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် ပြောသည်။

နိုင်ငံတကာကုမ္ပဏီများအနေဖြင့် အိမ်ခြံမြေနှင့်ဆောက်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၅ ခုနှစ်က ရင်းနှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ သန်းအထိ မြင့်တက်လာနိုင်ကြောင်း ဦးကြည်လွင်က ဆက်လက်ပြောကြားသည်။

လျင်မြန်စွာ တိုးတက်လာသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အများပိုင်အခြေခံအဆောက်အအုံ လိုအပ်ချက်များအတွက် အစိုးရ၏ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းနှင့် တိုးတက်များပြားလာသည့်လူဦးရေ၏ အိမ်ရာလိုအပ်ချက်များအတွက် ပြည်တွင်းပြည်ပ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုများပြားလာခြင်းတို့ကြောင့် အိမ်ခြံမြေဈေးကွက်မှာ လာမည့်နှစ်များအတွင်း လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည့် ဆောက်လုပ်ရေးဆိုင်ရာ ပြပွဲကြီးတစ်ရပ်ကို အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ Myanmar Event Park ၌ ကျင်းပသွားမည်ဖြစ်ရာ ယင်းပြပွဲကြီးတွင် နိုင်ငံတကာကုမ္ပဏီပေါင်း ၂၀၀ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျာမနီ၊ အီတလီ၊ ဗီယက်နမ်၊ ကိုရီးယား၊ စင်ကာပူ၊ တရုတ်၊ မလေးရှား၊ ထိုင်း အစရှိသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများက ခေတ်မီအိမ်ရာဆိုင်ရာ ထုတ်ကုန်များ ခင်းကျင်းပြသသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**



**ပဲခူးတိုင်းဒေသကြီး(အရှေ့)တောင်ငူခရိုင် တောင်ငူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးက တောင်ငူမြို့ အထက(၁)ကျောင်း နတ်သျှင်နောင်ခန်းမ၌ စက်တင်ဘာ ၁၉ ရက်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့အား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှစဉ်**

ကျော်လှ(တောင်ငူ)

# မြန်မာနိုင်ငံ၏ ပထမဆုံးသော ပုဂ္ဂလိက စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း

## တက္ကသိုလ်ပွင့်သူအောင်

မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌နေထိုင်ပြီး စိုက်ပျိုးရေးနှင့်ဆက်နွယ်သော လုပ်ငန်းများဖြင့် ရပ်တည်နေကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးဆောင်ရွက်ရာ၌ နိုင်ငံတော်၏မူဝါဒသစ်များနှင့် ကိုက်ညီရေးနှင့်မူဝါဒများ အကောင်အထည်ဖော်နိုင်ရေးမှာ အရေးပါလာခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ ယင်းထုတ်ပြန်ချက်၌ နိုင်ငံတော်၏စီးပွားရေးမူဝါဒ ၁၂ချက်မှ လယ်ယာကဏ္ဍနှင့်ပတ်သက်ပြီး "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန်၊ လယ်ယာစက်မှုကဏ္ဍများဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်" ဟူသော မူဝါဒချမှတ်ခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် စပါးကို အဓိကစိုက်ပျိုးသောနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အား (Driving Engine)မှာလည်း လယ်ယာကဏ္ဍဖြစ်သည်။ ဤလယ်ယာကဏ္ဍတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသည် အရေးပါဆုံးဖြစ်ပြီး နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လယ်သမားများသည် လယ်ယာရိတ်သိမ်းသည့်အချိန်၌ စပါးအခြောက်ခံခြင်း စနစ်မကျမှုများရှိသည့်အတွက် စပါးလေလွင့်ကျိုးကြေမှုများရှိသဖြင့် ကြိတ်ခွဲရာ၌ ဆန်အရည်အသွေးကျဆင်းမှုများရှိခြင်းကြောင့် ဆန်စက်သို့မရောက်မီစပ်ကြား လယ်သမားဝန်ဆောင်မှုလုပ်ငန်းများပြုလုပ်ပါက ဆန်အမျိုးအစားကောင်းမွန်လာပြီး လေလွင့်မှုလည်း လျော့ပါးနိုင်မည်ဖြစ်သည်။ ထို့အပြင် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း တစ်နှစ်ထက်တစ်နှစ်တိုး၍လာနေသည်သာမက လယ်ယာလုပ်သားရှားပါးလာမှုကိုလည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ ခိုင်းနွားများရှားပါးလာမှုကိုလည်းကောင်း ကြုံတွေ့ခဲ့ရသည်။ ထိုမျှသာမက ဌာနနှင့် တောင်သူလယ်သမားပိုင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ စပါးစိုက်ဧရိယာနှင့်နှိုင်းယှဉ်ပါက လယ်ယာသုံးစက်ကိရိယာ လိုအပ်ချက်များစွာရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ၏ စုစုပေါင်းဆည်ရေသောက်ဧရိယာမှာ ၅၃၂၈၆ ဧကဖြစ်ရာ တောင်ငူမြို့နယ်အတွက် လက်ဝဲတူးမြောင်းမကြီးမှ ဆည်ရေသောက်ဧရိယာ ၁၃၂၈၆ ဧကနှင့် အုတ်တွင်းမြို့နယ်အတွက် လက်ယာတူးမြောင်းမကြီးမှ ဆည်ရေသောက်ဧရိယာ ဧက ၄၀၀၀၀ ပါဝင်ပါသည်။ ယင်းဆည်ရေသောက်ဧရိယာ ၅၃၂၈၆ ဧကရှိသည့်အနက် အဆင့်မြင့်လယ်ယာဖော်ဆောင်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၁၀၃ ဧကကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဧက ၃၆၀ ကို လည်းကောင်း စုစုပေါင်း ၂၄၆၃ ဧက ဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ အဆင့်မြင့် လယ်ယာဖော်ဆောင်ရန် ၅၀၈၂၃ ဧက ကျန်ရှိနေပါသည်။ ထို့အပြင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ တောင်ငူမြို့နယ်၌ ဌာနပိုင် ၁၇ စီးနှင့် တောင်သူလယ်သမားပိုင် ၁၂၃၇ စီးရှိပြီး အုတ်တွင်းမြို့နယ်၌ ဌာနပိုင် ၂၂ စီးနှင့် တောင်သူလယ်သမားပိုင် ၂၂၂၆ စီး ရှိပါသည်။

ထို့ကြောင့် အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တွင်ရှိသော လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ လယ်ယာလုပ်ငန်းအတွက် လိုအပ်ချက်များစွာရှိနေပါသေးသည်။ ယင်းလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးမည့် ပထမဆုံး စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ပေါ်ထွက်လာပြီဖြစ်ပါသည်။ ယင်းဝန်ဆောင်မှုလုပ်ငန်းမှာ "စံချိန်လင်း စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း" ပင်ဖြစ်ပါသည်။ စံချိန်လင်း စက်မှုလယ်ယာဝန်ဆောင်မှုစခန်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းနံဘေး မိုင်တိုင်အမှတ် (၁၄၄/၀) ခပေါင်းရေလှောင်တမံ DY-1 ရိပ်သာနှင့်ကပ်လျက် အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု ပိတောက်ခင်ကျေးရွာ၌ တည်ရှိပါသည်။ စံချိန်လင်းစက်မှုလယ်ယာဝန်ဆောင်မှုမှ ဆောင်ရွက်ပေးမည့် လုပ်ငန်းများမှာ စက်ဖြင့်မြေယာပြုပြင်ခြင်း၊ စက်ဖြင့်ထယ်ထိုးခြင်း၊ စက်ဖြင့် ထွန်ယက်ခြင်း၊ ရိုတာဗေတာ (Rotavator)ဖြင့် သမန်းမွှေခြင်း၊ စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ခြင်း စသည့်လုပ်ငန်းများကို ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ ထို့အပြင် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းများဖြစ်သည့် စက်ကြီးများဖြင့်ကုန်ထုတ်လမ်း ဆောင်ရွက်ခြင်း၊ စက်ကြီးများဖြင့် ရေပေးမြောင်း၊ ရေနုတ်မြောင်းဆောင်ရွက်ခြင်း၊ ကန်သင်းဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စံချိန်လင်း စက်မှုလယ်ယာဝန်ဆောင်မှု၏ ဆောင်ရွက်ပေးမည့် နှုန်းထားများကို ဇယားဖြင့်ဖော်ပြထားပါသည်။

| အမှတ်စဉ် | စက်ကိရိယာအမျိုးအမည် | လုပ်ငန်းအမည် | (၁)ဧက ဝန်ဆောင်မှုနှုန်း(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ထွန်စက်ကြီး | ထယ် | ၁၅၀၀၀ | |
| | ထွန်စက်ကြီး | ထွန် | ၉၀၀၀ | |
| | ထွန်စက်ကြီး | ရိုတာ | ၁၅၀၀၀ | သာမန်မြေ |
| | | | ၂၀၀၀၀ | ကျွံသောမြေ |
| ၂။ | ရိတ်သိမ်းခြွေလှေ့စက် | - | ၄၀၀၀၀ | |
| ၃။ | ထွန်စက်ကြီး(ဂေါ်) | မြေညှိ | ၁၅၀၀၀ | တစ်နာရီ |

စံချိန်လင်း စက်မှုလယ်ယာဝန်ဆောင်မှုစခန်းတွင် စက်သုံးမျိုးဖြစ်သည့်လယ်ထွန်စက် (Tractor)၊ မြေတူးစက် (Mini Excavator)၊ မြေထိုးစက် (Dozer)၊ ရိတ်သိမ်းခြွေလှေ့စက် (Combined Harvestor) တို့ထားရှိပြီး ထွန်းစက်နှင့်စက်တွဲသုံးသော ဆက်စပ်ပစ္စည်းများဖြစ်သည့် ထယ် (Disc Plough)၊ ထွန် (Disc Harrow Offset)၊ မြေမွှစက်(Rotavator ) စသည်တို့ထားရှိပါသည်။ စံချိန်လင်း စက်မှုလယ်ယာဝန်ဆောင်မှုစခန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သော ပုဂ္ဂလိကဝန်ဆောင်မှုစခန်းဖြစ်သည့်အပြင် လယ်ယာသုံးစက်ကိရိယာများကို လိုသလောက်ရရှိနိုင်အောင် စီမံထားရှိပါသဖြင့် တောင်သူများကလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပါကြောင်းနှင့် ယင်းစခန်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၆ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်၍ တောင်သူများနှင့်တွေ့ဆုံရှင်းပြပြီး ဖွင့်လှစ်ပေးခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာစနစ် ကျင့်သုံးခြင်းကြောင့် စက်ကိရိယာများ စက်စွမ်းအားပြည့် အသုံးပြုနိုင်ခြင်း၊ ရေကိုလိုသလို အသွင်း/အထုတ်ပြုလုပ်နိုင်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လွယ်ကူလျင်မြန်စွာ သယ်ယူသိုလှောင်နိုင်ခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ ရရှိစေနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ် လျော့ကျစေနိုင်ခြင်း၊ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်စေနိုင်ခြင်း၊ တောင်သူများဝင်ငွေ တိုးတက်ရရှိစေနိုင်ခြင်း စသော အကျိုးကျေးဇူးများရရှိစေနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**လယ်ယာလုပ်သား ရှားပါးလာမှုကိုလည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ ခိုင်းနွားများ ရှားပါးလာမှုကို လည်းကောင်း ကြုံတွေ့ခဲ့ရသည်။ ထိုမျှသာမက ဌာနနှင့် တောင်သူလယ်သမားပိုင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ စပါးစိုက်ဧရိယာနှင့် နှိုင်းယှဉ်ပါက လယ်ယာသုံးစက်ကိရိယာ လိုအပ်ချက် များစွာရှိနေ**

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Horizon Lake Viewတွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ဟန်ဆိုက်ဒယ်လ်ဖောင်ဒေးရှင်းမှ Mr. Moritz Michel က ကြိုဆိုနှုတ်ခွန်းစကားပြောကြားပြီး အာရှ-ဥရောပဖောင်ဒေးရှင်းမှ Ms. Dara Lee က အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များကို မိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာအာရှ-ဥရောပဖောင်ဒေးရှင်းမှ Ms. Dara Lee က အမျိုးသားအဆင့် ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အား အကောင်အထည်ဖော်ရေးကိစ္စများကို လည်း ကောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Yasuhisa OJIMA က ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က ထောင်စုနှစ်ရည်မှန်းချက်များမှ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးရည်မှန်းချက်များသို့ ကူးပြောင်းဖော်ဆောင်မှုကိုလည်းကောင်း၊

ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များအောင်မြင်ရေးအတွက် အမျိုးသားအဆင့်နှင့် ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကလုပ်ငန်းအဖြစ် ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးကဏ္ဍနှင့်ရေရှည်စဉ်ဆက်မပြတ်စိုက်ပျိုးရေးကဏ္ဍဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များကို အုပ်စုနှစ်ခုခွဲကာ ဆွေးနွေးညှိနှိုင်းပြီး အုပ်စုအလိုက်ဆွေးနွေးမှုရလဒ်များကို ပြန်လည်ရှင်းလင်းတင်ပြကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**

## ဇီကာဗိုင်းရပ်စ် ရောဂါအကြောင်း အသိပညာပေး

**ဥတ္တရသီရိ စက်တင်ဘာ ၂၂**

ဥတ္တရသီရိမြို့နယ် သင်းဝင်တိုင်းကျေးရွာတွင် ယနေ့ နံနက် ၁၀ နာရီက ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ ဥတ္တရသီရိမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံမှ လက်ထောက်ကျန်းမာရေးမှူး ဦးစိုးမင်းအောင်နှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၄၅ အိမ်သို့ သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ပေးခြင်း၊ ပြည်သူလူထုတွင် ဖြစ်ပွားတတ်သော ရောဂါအခြေအနေများပေါ်မူတည်၍ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**ထန်းတပင် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီမှ ဦးစီး၍ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် စိုက်ပျိုးရေးဆိုင်ရာလူထုအခြေပြုစခန်း၌ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူပေါင်း ၇၅ ဦးဖြင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကကော်မတီ၏ လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးရေးနည်းပညာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ အခြားကော်မတီဝင်များကလည်း နည်းပညာပေးလုပ်ငန်းများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်တောင်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# ဆေးဝါးမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်း၊ အရေးကြီးအဆိုနှင့် အဆိုတစ်ခု တင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်၏ **ပြည်ပမှဆေးနှင့် ဆေးပစ္စည်း ထုတ်လုပ်ဖြန့်ချိသော ဆေးကုမ္ပဏီများသည် ပြည်တွင်းသို့ ဆေးဝါးများဖြန့်ချိရာတွင် မူလဆေးဝါး ဖြန့်ချိရေးကုမ္ပဏီမှ N.O.C ကန့်ကွက်ရန်မရှိကြောင်း အသိပေးစာပါဝင်မှသာ ဖြန့်ချိရေးကုမ္ပဏီအသစ်တစ်ခုပြောင်းလဲနိုင်ခြင်းအား ပယ်ဖျက်ပေးရန်အစီစဉ် ရှိ/မရှိ မေးခွန်း**၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၏ **ဘူးသီးတောင် မောင်တောဒေသများအား လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေအရ ကျန်းမာရေး စောင့်ရှောက်ဆောင်ရွက်မည့် ဒေသအဖြစ် သတ်မှတ်ပေးရန်အစီစဉ် ရှိ/မရှိ မေးခွန်း**များနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အမျိုးသားဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ ဆေးဝါးအကြံပေးကော်မတီတို့၏ ကြပ်မတ်မှုများဖြင့် ဆေးဝါးမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း အစရှိသည့်လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဈေးကွက်ရှိဆေးဝါးများကို အရည်သွေးစစ်ဆေးခြင်း၊ ဆေးဝါး ဘေးထွက်ဆိုးကျိုးများကို



ဒေါက်တာ မြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို အမျိုးသားဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားဆေးဝါး ဥပဒေအရ မှတ်ပုံတင်ထားရှိသော ဆေးဝါးများကို ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားရာတွင် လိုက်နာရမည့်အချက်များကို ဖော်ပြထားပြီး တင်သွင်းဖြန့်ချိမည့်ကုမ္ပဏီ၏ တင်ပြအထောက်အထားများ စိစစ်မှန်ကန်ပါက ကုမ္ပဏီသို့ တစ်ကြိမ်တင်သွင်းခွင့် ခွင့်ပြုဆောင်ရွက်ပါကြောင်း၊ ကောင်းမွန်သော ဆေးသိုလှောင်မှုကျင့်စဉ်နှင့် ကိုက်ညီမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီပါက ဆေးဝါးတင်သွင်းခွင့် လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို သက်တမ်းသုံးနှစ် သတ်မှတ်ခွင့်ပြုပါကြောင်း။

ဆေးဝါးတင်သွင်းခွင့် လျှောက်ထားရာတွင် တရားဝင်ကိုယ်စားလှယ် ခန့်အပ်စာသည် အဓိကကျပါကြောင်း၊ ဆေးဝါးပိုင်ရှင်က တစ်ဦးတည်း တင်သွင်းဖြန့်ချိရေး ကိုယ်စားလှယ်ခန့်ထားပါက မိမိတို့အနေဖြင့် မည်သို့မျှ လုပ်ဆောင်၍မရကြောင်း၊ အခြားကုမ္ပဏီက တင်သွင်းခွင့်မရှိပါကြောင်း၊ တစ်ဦးတည်း တင်သွင်းဖြန့်ချိခွင့်ခန့်အပ်သော ကုမ္ပဏီ၏ No Objection letter ရရှိမှသာ အခြားကုမ္ပဏီတစ်ခုက ဆေးဝါးတင်သွင်းခွင့်ရှိမည်ဖြစ်ကြောင်း၊ ဤကိစ္စကို ပြောင်းလဲရန် လိုအပ်မည်ဆိုပါက ဥပဒေကို ပြင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ဖြင့် ပြဋ္ဌာန်းခဲ့သည့် လူဦးရေ တိုးပွားထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေတွင် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည့်ဒေသ သတ်မှတ်ခြင်းကို အခန်း(၃)တွင် ဖော်ပြထားပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ စတင်၍ UNFPA အထောက်အပံ့ဖြင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းစီမံချက် ဆောင်ရွက်လျက်ရှိပြီး သားဆက်ခြားလုပ်ငန်း၊ မိသားစုကျန်းမာရေးလုပ်ငန်း၊ မိခင်နှင့်ကလေးကျန်းမာရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှုများ ကျဆင်းရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အထူးဂရုပြု ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **ဝေရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူကာ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကို မြင့်မားထည်ဝါစေခဲ့သော လူပုဂ္ဂိုလ်နှင့်အဖွဲ့စည်းများအား ဂုဏ်ပြုချီးမြှောက်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**၊ မြောက်ဦး မဲဆန္ဒနယ်မှ ဦးဦးလှစော၏ **မြောက်ဦးမြို့မှ အဆောက်အအုံဟောင်းတစ်ခုပမာ စွန့်ပစ်ထားသော ယခင်ပြည်သူ့ဆေးရုံဟောင်းနှင့် ပတ်သက်၍ ညှိနှိုင်းဖြေရှင်းရန်နှင့် ဆေးရုံဟောင်းတွင် ကျန်းမာရေးလုပ်ငန်းများ၊ ရုံးများ ဖွင့်နိုင်/မဖွင့်နိုင်တို့ကို သိရှိလိုခြင်း မေးခွန်း**များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု



ဦးဖြိုးဇေယျာသော်
ဇမ္ဗူသီရိမဲဆန္ဒနယ်

ဝန်ကြီး ဒေါက်တာမြင့်ထွေးက တောင်တက်အားကစားသမားများ ဖြစ်သည့် ကိုဝင်းကိုကိုနှင့် ကိုပြည့်ဖြိုးအောင်တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်းစီနှင့် ထူးဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀ စီ ဂုဏ်ပြုချီးမြှင့်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် ၎င်းတို့၏ ပုံတူကိုယ်တစ်ပိုင်းရုပ်တုများ ထုဆစ်၍ နေပြည်တော်ရှိ မြန်မာ့အားကစားမော်ကွန်းခန်းမတွင် ထပ်မံဂုဏ်ပြုထားရှိပါကြောင်း၊ တောင်တက်အားကစားသမားများ၏ တောင်တက်ပစ္စည်းကိရိယာများ၊ အဝတ်အစားများ၊ ရွက်ဖျင်တဲများ၊ အစားအစာများ၊ ဆေးဝါးများ၊ အောက်ဆီဂျင်ပစ္စည်းများနှင့် ငွေကြေးအပါအဝင် အစစအရာရာကူညီပံ့ပိုးပေးခဲ့သည့် ထူးဖောင်ဒေးရှင်း၊ တောင်တက်သမားများကို မွေးထုတ်ပေးခဲ့သည့် TCCM ခြေလျင်တောင်တက်အသင်းနှင့် မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ကို ဂုဏ်ပြုလွှာများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှစ်စဉ် ရရှိရန်ပုံငွေ၊ ရေရှည်လုပ်ငန်းစီမံချက်များအရလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နန်းတော်မြင်ကွင်းကို ကွယ်နေသည့် ဆေးရုံဟောင်းအဆောက်အအုံများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နောက်ဆုံးထား၍ ဖျက်သိမ်းဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံဟောင်းတွင် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ မြို့မကျန်းမာရေးဌာနတို့ကို လုပ်ငန်းလိုအပ်ချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုချက်အရ ယာယီဖွင့်လှစ်ထားပြီး မြောက်ဦးမြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အဆောက်အအုံပြီးစီးပါက ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချိုက **ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေး ချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို** တင်သွင်းရာ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက အဆိုကို ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး လွှတ်တော်က ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်က **မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက်ပိုမိုရှင်းနီးမြုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်း မြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** တင်သွင်းရာ ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းဖိုးမြတ်က **အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

# ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေစာအုပ်များကို ဖြန့်ဝေရောင်းချပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့တွင် **"မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန်နှင့် ဥပဒေကြမ်းကော်မတီသို့လွှဲပြောင်းပေးအပ်ရန် ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **"မြေဆီလွှာတိုက်စား ပြန်းတီးခံရမှုများမှ ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ပြီး ကမ္ဘာတစ်ဝန်းတွင် အောင်အောင်မြင်မြင် ကျယ်ပြန့်စွာ စိုက်ပျိုးအသုံးချလျက်ရှိသော Vetiver Grass (ခေါ်) မြေထိန်းမြက်ရှည်မျိုးကို မြန်မာနိုင်ငံအတွင်းတွင်ကျယ်စွာ စိုက်ပျိုးအသုံးပြုရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက Vetiver Grass မျိုးသည် နှစ်ရှည်မျိုးဖြစ်ပြီး၊ ယင်း၏ အမြစ်အုံသည် ရှည်လျား၍ ကြီးမားသည့်အတွက် စိုက်ပျိုးမြေများတွင် ထည့်သွင်းစိုက်ပျိုးရန် အခက်အခဲရှိနိုင်ပါကြောင်း။

ထို့ကြောင့် အဆိုပါမြက်မျိုးကို မြစ်၊ ချောင်းကမ်းပါးများ ကမ်းပြိုမှုထိန်းသိမ်းနိုင်ရန်၊ အဝေးပြေးလမ်းများနှင့် တာတမံများတွင် မြေဆီလွှာတိုက်စားမှု ကာကွယ်နိုင်ရန်၊ တောင်စောင်းဒေသများတွင် ရေတိုက်စားမှုကြောင့် မြေဆီလွှာ ထိခိုက်လျော့ပါး ပျက်စီးမှုမရှိစေရန်အတွက်သာ အဓိကထား အသုံးပြုစိုက်ပျိုးသင့်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်း တွင်ကျယ်စွာ စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ မြေဆီလွှာပြန်းတီးခံရမှုများမှ ကာကွယ်ရေးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် Vetiver Grass ကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးရန် အစီအစဉ်မရှိပါ



ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး

ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **"ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့နှင့် ကန်ပက်လက်မြို့နယ်ကြားရှိ ဆမီး-ကန်ပက် လက် တိုက်ရိုက်ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့နှင့် ကန်ပက်လက်မြို့အကြား ဆမီး-ကန်ပက်လက် တိုက်ရိုက်ကားလမ်း ဖောက်လုပ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ လျာထားတင်ပြပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၏ **"၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းနှင့် ပုံစံသစ်သတ်မှတ်မှုကို တစ်ပေါင်းတည်းဖြင့် လယ်ယာမြေဥပဒေလက်စွဲအဖြစ် စာအုပ်ဖြန့်ဝေပေးရန်နှင့် ဆင့်ပွားသင်တန်းပေးရန် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေစာအုပ်များကို ဖြန့်ဝေရောင်းချပေးလျက်ရှိကြောင်း၊ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူများ အကျိုးခံစားခွင့်ရရှိနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ဆင့်ပွားသင်တန်းများ တိုးချဲ့ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၏ **"ကယားပြည်နယ် ဒီမော့ဆိုမြို့ရှိ ငွေတောင်ဆည်ကြီး တိမ်ကောလာခြင်းကို ပြန်လည်တူးဖော်ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေအရ ငွေတောင်ရေလှောင်တမံ၏ သက်တမ်းသည် (၅၁) နှစ်ခန့်ရှိပြီး သဲနုန်းပို့ချမှု အတော်အသင့်ရှိသော်လည်း ကန်ရေသေ ရေမှတ်၏ အောက်တွင်သာရှိပါကြောင်း။

ထို့ကြောင့် ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေးဝေမှုကို ထိခိုက်ခြင်းမရှိသည့်အပြင် မိုးစပါး၊ နွေစပါး စိုက်ပျိုးရေးနှင့် ဒေသတွင်း သောက်သုံးရေပေးဝေရေးတို့အတွက်လည်း ထိခိုက်ခြင်းမရှိသေးပါကြောင်း၊ ရေလှောင်တမံ၏ ရေရှည်တည်တံ့ရေးအတွက် နုန်းပို့ချနေမှုအား သိရှိနိုင်ရန် လိုအပ်သည့် စူးစမ်းလေ့လာတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသော အချက်အလက်များအပေါ် မူတည်၍ သုံးသပ်စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

**ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူများ အကျိုးခံစားခွင့် ရရှိနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များက ဆင့်ပွားသင်တန်းများတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ**

# ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများ လုံခြုံစိတ်ချစွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးသည် အထူးအရေးကြီး

**နေပြည်တော် စက်တင်ဘာ ၂၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့၏ (၂/၂၀၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်က ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ အနေဖြင့် ဥပဒေနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သတ်မှတ်ထားသည့် မူဘောင်အတွင်း လိုက်နာဆောင်ရွက်မှုမရှိသည့် အေဂျင်စီအချို့ကြောင့် စည်းကမ်းချက်များ ပေါ်ပေါက်လာပြီး အရေးယူမှုများလည်း ရှိလာခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် အေဂျင်စီများ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် အနီးကပ်ထိရောက်စွာ ကြီးကြပ်ကွပ်ကဲစေလိုကြောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ လုံခြုံစိတ်ချစွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ ပြည်ပရောက်အလုပ်သမားများ ကာကွယ်စောင့်ရှောက်မှုကို တရားဝင်၊ တရားမဝင် ခွဲခြားဆောင်ရွက်ခြင်းမရှိဘဲ တန်းတူဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ လွှဲပြောင်းနိုင်ရေးကိုလည်း နည်းလမ်းရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ မူဘောင်များအတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၃၈ ဦးအား ပြန်လည်ခေါ်ယူ



**မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်** ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)

**ရန်ကုန် စက်တင်ဘာ ၂၂**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်စရိတ် မတတ်နိုင်သူ C of I ရရှိပြီးသည့် မြန်မာနိုင်ငံသား ၁၃၈ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Mother Trading and Construction Co., Ltd နှင့် မိဘဂုဏ်ရည်အဖွဲ့သားများ၏ လှူဒါန်းမှုအရ မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် ယနေ့ ည ၈ နာရီ မိနစ် ၄၀ တွင် အဌမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား Mother Trading and Construction Co., Ltd နှင့် မိဘဂုဏ်ရည် အဖွဲ့သားများ၏ လှူဒါန်းမှုဖြင့် အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ ထောက်ပံ့ကူညီပေးခဲ့သည်။ ထို့အပြင် IOM အဖွဲ့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေရပ်ပြန်ခရီးစရိတ်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများကိုလည်း ခေတ္တနေရာချထားပေးသည်။

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ C of I ဖြင့် ပြန်လာသည့် အလုပ်သမားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ပြန်လည်ခေါ်ယူလျက်ရှိရာ ပထမအကြိမ်မှ အဌမအကြိမ်အထိ စုစုပေါင်း ၁၀၉၉ ဦး ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရန်ကုန်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ (မြန်မာ့အလင်း)



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဇွန်လမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် သုံးသပ်ချက်နှင့် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ရှေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ယင်းအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီသည် ၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရေးရာဆောင် အမှတ်(I-15) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြား၍ ပုဂ္ဂလိကဘဏ် ၁၇ ခုမှ တာဝန်ရှိသူများက နိုင်ငံခြားစီမံခန့်ခွဲမှုဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဖြည့်စွက်မေးမြန်းဆွေးနွေးကြကာ ကော်မတီဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ **(သတင်းစဉ်)**

**အီတလီနိုင်ငံ၏ သမ္မတဟောင်းဖြစ်သူ Mr.Carlo Azeglio Ciampi ကွယ်လွန်သွားသဖြင့် ရန်ကုန်မြို့ရှိ အီတလီနိုင်ငံ သံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် စက်တင်ဘာ ၂၁ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ယု လက်မှတ်ရေးထိုးစဉ်**
(သတင်းစဉ်)



# ကလိုထူးဘောကရင်အစည်းအရုံး (KKO) ခွဲထွက်အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲရန် စီစဉ်မှုများကို တပ်မတော်က ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် မြိုင်ကြီးငူ-မဲသဝေါနယ်မြေ၌ အခြေပြုလှုပ်ရှားလျက်ရှိသော ကလိုထူးဘောကရင်အစည်းအရုံး(KKO) ခွဲထွက်အဖွဲ့သည် တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ဆောင်ရွက်ခဲ့မှုကြောင့် တပ်မတော်က နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါနယ်မြေရှင်းလင်းမှုများကို စက်တင်ဘာ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် မြိုင်ကြီးငူ-မဲသဝေါ ကားလမ်းတစ်လျှောက်ရှိ KKO ခွဲထွက်အဖွဲ့ အခြေပြုလှုပ်ရှားသည့် စခန်းအားလုံးကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်အထိ ထိတွေ့တိုက်ပွဲပေါင်း ၁၉ ကြိမ် ဖြစ်ပွားခဲ့ကာ တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ဒဏ်ရာရရှိသကဲ့သို့ KKO ခွဲထွက်အဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိသူ တစ်ဦးအပါအဝင် လေးဦး သေဆုံးကာ ဗိုလ်ကြီးအဆင့်ရှိသူတစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့ပြီး လက်နက် ခုနစ်လက်၊ မော်တော်ယာဉ် နှစ်စီး၊ ထော်လာဂျီ တစ်စီး၊ ဆိုင်ကယ် လေးစီးနှင့် ကျည်မျိုးစုံ



၁၁၇၉ တောင့် သိမ်းဆည်းရမိခဲ့သည်။

KKO ခွဲထွက်အဖွဲ့သည် ထိုသို့ တိုက်ပွဲဖြစ်ပွားမှုများကြောင့် တပ်မတော်စစ်ကြောင်းများအား အာရုံလွှဲရန် မြဝတီ၊ ကော့ကရိတ်မြို့ပေါ်ရှိ စစ်ရေးနှင့် မသက်ဆိုင်သည့် နေရာများနှင့် မြိုင်ကြီးငူ-မဲသဝေါ ကားလမ်းတစ်လျှောက် တိုက်ပွဲရှောင် အပြစ်မဲ့ဒေသခံတိုင်းရင်းသားများ နေရပ်ပြန်စဉ် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ရန် ဆောင်ရွက်ခဲ့ရာ မြဝတီမြို့၌ စက်တင်ဘာ ၁၄ ရက် နှင့် ၂၀ ရက်က လက်လုပ်မိုင်း နှစ်လုံးအား အချိန်မီရှင်းလင်းနိုင်ခဲ့ပြီး ဝါးဘိုးတောင်-ကျုံထော် နယ်မြေအတွင်းမှ အသက်သွင်းရန် အသင့်ဖြစ်သည့် မိုင်းမျိုးစုံ ၂၃၈ လုံး၊ မဲသဝေါပြန့် နယ်မြေအတွင်းမှ မိုင်းမျိုးစုံ ၃၇၁ လုံး စုစုပေါင်း မိုင်းမျိုးစုံ ၆၀၉ လုံးတို့ကို ဖော်ထုတ်ရှင်းလင်းသိမ်းဆည်းရမိခဲ့သည်။

ယခုအခါ မြိုင်ကြီးငူ-မဲသဝေါကားလမ်းတစ်လျှောက် နယ်မြေတည်ငြိမ်အေးချမ်းခဲ့ပြီးဖြစ်သောကြောင့် မြိုင်ကြီးငူသို့ တိမ်းရှောင်လာခဲ့သော ဒေသခံပြည်သူများကို တပ်မတော်မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်နေရာချထားပေးခြင်း၊ စားနပ်ရိက္ခာ ထောက်ပံ့ကူညီပေးခြင်းနှင့် လမ်းကြောင်းတစ်လျှောက် မိုင်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို တပ်မတော်က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၈ ခုနှစ်၊  လ  ရက်**
**(၂၀၁၆ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် -

**(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)၊ ပုဒ်မခွဲငယ် (တ) ကို ပယ်ဖျက်ရမည်။**

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(ထ) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းဆိုသည်မှာ ကျောက်မျက်ရတနာဖြစ်ထွန်းမှု ပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း ၅ ဧကထက်မပိုသော လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရား စသည်တို့ပါဝင်သော ၃နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။"**

၃။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန် အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့် နေရာများကို အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက် ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။"**

၄။ **မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် -**

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (က)နှင့် (ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(က) အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် နေရာပေါ်မူတည်၍ သင့်လျော်သော အတည်ပြုချက် ဈေးနှုန်းကို သတ်မှတ်ပေးရမည်။**

**(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ လုပ်ကွက်အတန်းအစားအလိုက် သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုလွှာခေါ်ယူရမည်။"**

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၁၁။ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်ခွင့်ရှိသည်။"**

၆။ **မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် -**

(က) ပုဒ်မ ၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"၁၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်၍ ရွေးချယ် အတည်ပြုထားသော အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"**

(ခ) ပုဒ်မ ၁၂-က ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"၁၂-က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။"**

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာ လုပ်ကွက်များ၏ ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့်သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။"**

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"(က) အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)အရ လျှောက်ထားချက်ကို သတ်မှတ်ချက် များနှင့်အညီ စိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် အတည်ပြု ဈေးနှုန်းကို သတ်မှတ်ရမည်။"**

၉။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၆) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ ရောင်းချခွင့်ရှိသည်။"**

၁၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (င)၏ အောက်တွင် ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(စ) ကျောက်မျက်ရတနာထွက်ရှိရာ ဒေသများတွင် ကျောက်မျက်ရတနာ အရောင်းအဝယ်ပြုလုပ်ရာနေရာများအား ကျောက်မျက်ရတနာ ဈေးအဖြစ် သတ်မှတ်ပေးရန်။"

*(ဆက်လက်ဖော်ပြပါမည်)*

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်းလမ်းမ၊ စက်ပိုင်း(၃)လမ်း၊ အမှတ်(၁၄၅၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**သည် ယင်းတို့၏ ပါတီအမည်အား **ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ (Union Farmer-Labour Force Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီအလံနှင့် တံဆိပ်တို့ကိုလည်း ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ (Union Farmer-Labour Force Party)** ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ၏ အလံပုံစံ**




**ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့ ညောင်ကုန်း (၃) ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၁၄၆) တွင် ပါတီရုံးချုပ်တည်ရှိသော **ကယန်းအမျိုးသားပါတီ**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကယန်းအမျိုးသားပါတီ၏ အလံပုံစံ**



ကယန်းအမျိုးသားပါတီ၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် 'စီ'လမ်းထောင့်၊ အမှတ် (၅) တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မုတ်သုံလေအားနည်းနေမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေသို့ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်မှအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

(မိုး/ဇလ)

# မြေထဲပင်လယ်တွင် ဒုက္ခသည်လှေနစ်မြုပ် ၄၂ ဦးထက်မနည်းသေဆုံး

ကိုင်ရို စက်တင်ဘာ ၂၂

ရွှေ့ပြောင်းအခြေချသူ ၆၀၀ နှင့် ဒုက္ခသည်များ တင်ဆောင်လာသော လှေတစ်စင်းသည် အီဂျစ်ကမ်းလွန်မြေထဲပင်လယ်တွင် နစ်မြုပ်မှုဖြစ်ပွား ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အီဂျစ်အစိုးရပိုင်မီဒီယာက လှေနစ်မြုပ်မှုတွင် ၄၂ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ပြောကြားခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့က လူ ၁၆၃ ဦး အားကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါလှေသည် အီတလီသို့ ဦးတည်သွားနေစဉ် စက်တင်ဘာ ၂၁ ရက်က နစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းထောက်များကပြောကြားခဲ့သည်။ လှေပေါ်ပါသူများမှာ အီဂျစ်၊ ဆူဒန်နှင့် ဆီးရီးယားတို့မှဖြစ်ကြောင်းသိရပြီး လှေသည်၎င်း ခံနိုင်ဝန်အားထက် လူများပိုမိုသယ်ဆောင်လာခြင်းကြောင့် နစ်မြုပ်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

အီဂျစ်အာဏာပိုင်များက ပျောက်ဆုံးသူများကို ဆက်လက်ရှာဖွေ လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင်ဥရောပသို့သွားလာရာ၌ ရွှေ့ပြောင်းအခြေချသူ ၃၂၀၀ ကျော်မြေထဲပင်လယ်တွင် သေဆုံး (သို့မဟုတ်) ပျောက်ဆုံးခဲ့ကြောင်း၊ ယမန်နှစ်ထက်စာလျှင် ပိုမိုများပြားလာကြောင်း ကုလသမဂ္ဂတာဝန်ရှိသူ များက ပြောကြားသည်။

(အင်န်အိတ်ချ်ကေ)





# မြောက်ကာရိုလိုင်းနားအစိုးရက ချာလော့တီ၌ အရေးပေါ်အခြေအနေကြေညာ

ဝါရှင်တန် စက်တင်ဘာ ၂၂

ရဲကသေနတ်ပစ်ခတ်ရာမှ စတင်ခဲ့သည့် ဆူပူအုံကြွမှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် မြောက်ကာရိုလိုင်းနားအုပ်ချုပ်ရေးအဖွဲ့က ချာလော့တီမြို့တွင်း၌ အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာခဲ့ရကြောင်း သိရသည်။

လူမည်းအမျိုးသားတစ်ဦးသေနတ်ပစ်ခံရပြီး သေဆုံးခဲ့သည့်အတွက် ဆန္ဒပြမှုဖြစ်ပွားသည့် ပဋိပက္ခသည် နှစ်ညမြောက်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ ဆန္ဒပြဆန္ဒကျင်သူတစ်ဦးမှာ အရပ်သားအချင်းချင်းရန်းရင်းဆန်ခတ်ဖြစ်ပွားရာမှ မတော်တဆထိခိုက်ကာ အရေးပေါ်အခြေအနေဖြစ်နေကြောင်း မြို့တွင်းမှ မျက်မြင်သက်သေများက ပြောခဲ့သည်။

ဆန္ဒပြသူရာပေါင်းများစွာကို ရဲများက မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွင်းခဲ့ရသည်။ အင်္ဂါနေ့က ကိတ်လာမွန့်စကော့တ် (၄၃ နှစ်)ကို ရဲများက သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး သေဆုံးခဲ့သည့်ဖြစ်ရပ်အပေါ် ဆန္ဒပြလူအုပ်က များစွာဒေါသထွက်ခဲ့သည်။

ရဲအဖွဲ့က မစ္စတာစကော့တ်အား သေနတ်ဖြင့်မပစ်ခတ်မီ ၎င်းအား လက်နက်ချရန်အကြိမ်ကြိမ်ပြောဆိုခဲ့သည်ဟုဆိုသည်။ သို့သော် စကော့တ်၏မိသားစုဝင်များကမူ သေနတ်ဖြင့် ပစ်သတ်ခံရချိန်တွင် ၎င်းမှာစာအုပ်ဖတ်နေခဲ့သည်ဟု ပြောကြားခဲ့သည်။

(ဘီဘီစီ)

# ဆော်ဒီအာရေဗျသို့ ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ လက်နက်ပစ္စည်းများရောင်းချရန် အမေရိကန်အထက်လွှတ်တော် (ဆီးနိတ်)က သဘောတူ



ဝါရှင်တန် စက်တင်ဘာ ၂၂

မကြာသေးမီက ကွန်ဂရက်တွင်ဝေဖန်မှုခံခဲ့ရသည့် အရှေ့အလယ်ပိုင်းဒေသမှ မိတ်ဖက်နိုင်ငံကို ခုခံကာကွယ်မှုပြုရင်း အမေရိကန် အထက်လွှတ်တော် (ဆီးနိတ်)က အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ တင့်ကားများနှင့်အခြားစစ်လက်နက်ပစ္စည်းများကို ဆော်ဒီအာရေဗျသို့ရောင်းချရန် သဘောတူခဲ့သည်။ လက်နက်ရောင်းချခြင်းကိုတားဆီးရန်အတွက် ဥပဒေပြုရန်ကြိုးစားခြင်းကို အထက်လွှတ်တော် (ဆီးနိတ်)က ထောက်ခံမဲ ၇၂ မဲဖြင့် ပယ်ချခဲ့သည်။

ရီပတ်ဘလစ်ကန်အမတ် ရန့်ဒ်ပေါလ်နှင့် ဒီမိုကရက်တစ်အမတ် ခရစ်မာဖီတို့ ဦးဆောင်သောအဖွဲ့က ဆော်ဒီအာရေဗျသို့ လက်နက်ရောင်းချမှုကို ပိတ်ပင်တားဆီးရန် ကြိုးစားမှုကို အထက်လွှတ်တော်(ဆီးနိတ်)က မဲအများဖြင့် ပယ်ချခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့က ယီမင်စစ်ပွဲတွင် တစ်နှစ်ကျော်ကြာ အတိအကျပြောရမည်ဆိုလျှင် ၁၈ လကြာပါဝင်ခဲ့သော ဆော်ဒီအာရေဗျသို့ လက်နက်များ ရောင်းချခြင်းသည် ဒေသတွင်း ဖြစ်ပွားနေသော လက်နက်စစ်ပွဲကို မီးလောင်ရာလေပင့်သလိုဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနက Abrams တင့်ကား ၁၃၀ ကျော်၊ သံချပ်ကာကား အစီးရေ ၂၀ ကျော်နှင့် အခြား စစ်လက်နက်ပစ္စည်းများကို ဆော်ဒီအာရေဗျသို့ ရောင်းချရန် သဘောတူခဲ့ကြောင်း ပင်တဂွန်က ဩဂုတ် ၉ ရက်တွင် ကြေညာခဲ့သည်။

ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီက အမေရိကန်အာကာသနှင့် ကာကွယ်ရေးပစ္စည်းရောင်းချရေးကော်ပိုရေးရှင်း (ဂျီဒီ) အဖွဲ့သည် လက်နက်ရောင်းချခြင်းတွင် အဓိက ညှိနှိုင်းစေ့စပ်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ရိုက်တာ)

# အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အိုင်အက်စ်တို့က ဓာတုလက်နက်ဖြင့် တိုက်ခိုက်သည်ဟု အမေရိကန်ယူဆ

ဝါရှင်တန် စက်တင်ဘာ ၂၂

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် အီရတ်၌အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့ကို ဓာတုဒုံးကျည်များဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ် နိုင်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

မိုဆူးလ်မြို့အနီး ကွာရာယာလေတပ်အခြေစိုက်စခန်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များရှိရာ ဧရိယာအတွင်းပစ်ချခဲ့သည့် ဒုံးကျည်တွင် အငွေ့ပြင်းထန်ပြီး ယားယံစေသည့် အရောင်မဲ့ဓာတုပစ္စည်းပါဝင်ခဲ့သည်ဟု ယူဆရသည့်အတွက် အတည်ပြုနိုင်ရန် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အင်္ဂါနေ့က လေတပ်အခြေစိုက်စခန်း၌ ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာသူမရှိခဲ့ကြောင်း သိရသည်။ ကွာရာယာအခြေစိုက်စခန်းသည် အမေရိကန်တပ်ဖွဲ့ဝင် ရာပေါင်းများစွာတို့စုဝေးရာဌာနလည်း ဖြစ်သည်။

အကယ်၍ ခိုင်မာကြောင်းအတည်ပြုနိုင်ခဲ့ပါက အဆိုပါတိုက်ခိုက်မှုသည် အီရတ်ရှိ မဟာမိတ်ညွန့်ပေါင်းအင်အားစုများကို ဓာတုဓာတ်ငွေ့သုံးတိုက်ခိုက်သည့် ပထမဆုံးသောတိုက်ခိုက်မှုဖြစ်လာလိမ့်မည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၀ ရက်ညနေခင်းအချိန်တွင် အနောက်ပိုင်းရှိ အီရတ်လေတပ်စခန်းသည် တိုက်ရိုက်မဟုတ်သည့်အမြောက် ပစ်ခတ်တိုက်ခိုက်မှုကိုခံခဲ့ရကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။

(ဘီဘီစီ)

# အင်ဒိုနီးရှားနိုင်ငံ ဂျာဗား၌ရေကြီး လူ ၂၀ သေဆုံး

ဂျာဗား စက်တင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးပြီး လူ ၂၀ သေဆုံးခဲ့ကာ ၁၄ ဦးပျောက်ဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂျာဗားအနောက်ဘက်ဒေသအတော်များများတွင် မြစ်ချောင်းများရေလျှံမှုဖြစ်ပွားခဲ့သည်။ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ရေကြီးမှုကြောင့် အိမ်ခြေ ၂၀ ခန့်မျောပါသွားခဲ့ကြောင်း ပြောခဲ့သည်။

အစိုးရက ပျောက်ဆုံးသူများကို ရှာဖွေရန်နှင့်ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ရန်အတွက် အကူအညီပေးရေးအဖွဲ့များအား စေလွှတ်ထားကြောင်း သိရသည်။

ယင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သိရသည်။ အစိုးရက ဒေသခံများအား ဂရုစိုက်နေထိုင်ရန် သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

"အကယ်၍ဖြစ်နိုင်မယ်ဆိုရင် ဒီထက်ပိုကောင်းအောင် ပြင်ဆင်ဖို့အတွက် နောက်ပြန်ဆုတ်ချင်တယ်"ဟု မာကယ်က သတင်းထောက်များကို ပြောခဲ့သည်။ ၎င်း၏ စီဒီယူပါတီသည် ဘာလင်ရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (အက်စ်ပီဒီ)ကို မယှဉ်နိုင်ခဲ့ပေ။

# ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ အနာဂတ်နိုင်ငံရေး စာမျက်နှာသစ်ဖွင့်လှစ်နိုင်ရန် မျှော်လင့်ချက်ပျောက်ဆုံးနေပြီလား




ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် ၎င်း၏ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ (စီဒီယူ) ဘာလင်ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခြင်းအတွက် ၎င်းတွင် တာဝန်မကင်းကြောင်းခံယူထားသည်။

မာကယ်အနေဖြင့် ဂျာမနီတွင်လွန်ခဲ့သောနွေရာသီက ဖြစ်ပွားခဲ့သော ဒုက္ခသည်အရေးနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချခဲ့ခြင်းကို နောင်တရမိသည့်လေသံဖြင့် ဖွင့်ဟပြောဆိုခဲ့သည်။ မှတ်တမ်းများအရ ဂျာမနီနိုင်ငံသို့ ဒုက္ခသည်တစ်သန်းကျော် ရောက်ရှိလာခဲ့သည်။

စီဒီယူပါတီသည် ဆန္ဒမဲ ၁၇ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့ပြီး ဘာလင်ရွေးကောက်ပွဲသမိုင်းတွင် မကြုံစဖူး အဆိုးရွားဆုံးရလဒ်ကို ရရှိခဲ့သည်။

ဒုက္ခသည်အရေးနှင့်ပတ်သက်ပြီး ၎င်း၏ တံခါးဖွင့်ဝါဒက ရွေးကောက်ပွဲရလဒ်ကို ဆိုးရွားခဲ့သည်ဆိုခြင်းကိုမူ မာကယ်အနေဖြင့် ဝန်ခံခဲ့သည်။ ထို့အပြင် ၎င်း၏ဝါဒကို ဂျာမနီနိုင်ငံသားများက အပြင်းအထန်ဝေဖန်ခဲ့ကြသည်။ မာကယ်၏ ဝါဒသည် လူသားချင်းစာနာထောက်ထားမှုကို ပုံရိပ်ထင်ဟပ်စေသော်လည်း ဂျာမနီသို့ရောက် ရှိခဲ့သည့် ဒုက္ခသည်အများစုမှာ ဆီးရီးယား စစ်ဘေးရှောင်ဒုက္ခသည်များဖြစ်ကြသည်။



လက်ယာယိမ်းဒုက္ခသည် ဆန့်ကျင်ပါတီဖြစ်သည့် ဂျာမနီပြောင်းလဲရေး (အေအက်ဖ်ဒီ) ပါတီသည် ဘာလင်ပါလီမန်သို့ ထောက်ခံမဲ ၁၄ ရာခိုင်နှုန်းဖြင့် ပထမဆုံးအကြိမ် ဝင်ရောက်နိုင်ခဲ့သည်။ ယခုအခါတွင် အေအက်ဖ်ဒီပါတီသည် ဂျာမနီပြည်နယ်လွှတ်တော် ၁၆ နေရာတွင် ၁၀ နေရာကို ကိုယ်စားပြုနိုင်ခဲ့သည်။

ဒုက္ခသည်အရေးကို ပြန်ကြည့်မည်ဆိုပါက မာကယ်သည် ၎င်း၏မူဝါဒအား ဟန်ချက်ညီ ထိန်းညှိနိုင်သည်ဆိုကာ ခုခံပြောကြားခဲ့သော်လည်း အချိန်ကာလအနည်းငယ်ကြာလာသည်နှင့်အမျှ ထိန်းသိမ်းမှုအားနည်းလာကြောင်းကို တွေ့ရမည်ဖြစ်သည်။

၎င်းအခြေအနေကို မိမိအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ထပ် ထပ်ဖြစ်ချင်လိမ့်မည်မဟုတ်ကြောင်း မာကယ်က ပြောခဲ့သည်။ ထို့အပြင် ၎င်း၏မူဝါဒနှင့်ပတ်သက်ပြီး ရှင်းပြရန် ပိုမိုကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အက်စ်ပီဒီပါတီသည် ၎င်း၏မဲဆန္ဒရှင် ၇ ရာခိုင်နှုန်းဆုံးရှုံးခဲ့သော်လည်း ထောက်ခံမဲ ၂၂ ရာခိုင်နှုန်းဖြင့် အင်အားအကြီးမားဆုံးဖြစ်လာသည်။ အေအက်ဖ်ဒီပါတီမှလွဲ၍ တခြားအဖွဲ့များနှင့် မဟာမိတ်ဖွဲ့နိုင်ရေးအတွက် အက်စ်ပီဒီပါတီအနေဖြင့် ကြိုးစားသွားမည်ဖြစ်ကြောင်းသိရသည်။ ထိုသို့မဟာမိတ်ဖွဲ့ရာတွင် အက်စ်ပီဒီပါတီအနေဖြင့် လက်ဝဲယိမ်းပါတီ ဒိုင်းလင့်နှင့်ဂရင်းန်ပါတီတို့ကို ဦးစားပေးလိမ့်မည်ဖြစ်ကြောင်းသိရပြီး စီဒီယူပါတီ (အိန်ဂျလာမာကယ်ပါတီ) အား ချန်လှပ်ထားနိုင်ကြောင်းသိရသည်။ မာကယ်အနေဖြင့် လတ်တလောတွင် ၎င်း၏ပါတီ ဘာလင်ရွေးကောက်ပွဲတွင် ရှုံးနိမ့်သည်က တစ်ကြောင်း၊ ဒုက္ခသည်မူဝါဒနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက် မှားယွင်းသည်ကတစ်ကြောင်း စသည့်အကြောင်းကြောင်းများကြောင့် စိတ်ဓာတ်ကျဆင်းနေသည်ဟု သုံးသပ်ရမည်ဖြစ်သည်။

**လက်ရှိတွင် ဂျာမနီနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းမှာ ယခင်နှင့်မတူ ပြောင်းလဲနေပြီဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘာလင်ရွေးကောက်ပွဲတွင် အက်စ်ပီဒီပါတီအနေဖြင့် အင်အားအကြီးမားဆုံး ဖြစ်လာသည်သာမက ဒုက္ခသည် ဆန့်ကျင်ပါတီဖြစ်သည့် ဂျာမနီပြောင်းလဲရေး (အေအက်ဖ်ဒီ) ပါတီသည် ဘာလင် ပါလီမန်သို့ ထောက်ခံမဲ ၁၄ ရာခိုင်နှုန်းဖြင့် ပထမဆုံး အကြိမ် ဝင်ရောက်နိုင်ခဲ့**

လက်ရှိတွင် ဂျာမနီနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းမှာ ယခင်နှင့်မတူ ပြောင်းလဲနေပြီဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘာလင်ရွေးကောက်ပွဲတွင် အက်စ်ပီဒီပါတီအနေဖြင့် အင်အားအကြီးမားဆုံးဖြစ်လာသည်သာမက ဒုက္ခသည်ဆန့်ကျင်သောပါတီဖြစ်သည့် ဂျာမနီပြောင်းလဲရေး (အေအက်ဖ်ဒီ)ပါတီသည် ဘာလင်ပါလီမန်သို့ ထောက်ခံမဲ ၁၄ ရာခိုင်နှုန်းဖြင့်ပထမဆုံးအကြိမ် ဝင်ရောက်နိုင်ခဲ့သည်တို့ကြောင့်ဖြစ်သည်။

ဂျာမနီပြည်သူများက မာကယ်အား ပြစ်တင်ခဲ့ကြရာ ပထမဆုံးအနေဖြင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ အနာဂတ်နိုင်ငံရေးစာမျက်နှာသစ်ဖွင့်လှစ်နိုင်ရန်မှာ မကျိန်းသေသောအနေအထားဖြစ်လာသည်။

အမာခံမဲဆန္ဒရှင် ပြည်သူများကြား ကာလရှည်ကြာ ယုံကြည်ချက်ပျောက်ဆုံးနေခြင်းသည် ကွန်ဆာဗေးတစ်အသိုင်းအဝိုင်းအား ခြိမ်းခြောက်မှုဖြစ်လာနိုင်ကြောင်း ဘာဗေးရီးယန်းဘဏ္ဍာရေးဝန်ကြီး မားကပ်စ်ဆိုဒါက ဘိုင်းလ်နေ့စဉ်သတင်းစာသို့ ပြောကြားခဲ့သည်။

ထို့အပြင် မာကယ်အနေဖြင့် ၎င်း၏ဒုက္ခသည် မူဝါဒအားပြောင်းလဲကာ လက်ဝဲလက်ယာ နိုင်ငံရေးအားများစုစည်းပြီး ထောက်ခံမှုများ ပြန်လည်ရရှိရေး ကြိုးစားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်၏ ကံကြမ္မာနှင့်ပတ်သက်ပြီး လက်ရှိမဲစာရင်းဇယားများကို အပြစ်တင်ရမည်မဟုတ်ဘဲ ၎င်း၏ဒုက္ခသည်ကြိုဆိုရေး မူဝါဒအား အပြစ်တင်ရမည်ဖြစ်သည်။ အကယ်၍ အိန်ဂျလာမာကယ်မပါခဲ့ပါက အနာဂတ် ဂျာမနီနိုင်ငံတွင် ဘာတွေဆက်ဖြစ်မလဲဆိုသည်မှာ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း... ... ။ ။

**တင်လင်းအောင်**

# မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

**နယူးယောက် စက်တင်ဘာ ၂၂**

ဂျီ-၇ အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများသည် မြောက်ကိုရီးယားကို တင်းကျပ်စွာအရေးယူပိတ်ဆို့ မှုများပြုလုပ်ရန်သဘောတူခဲ့ပြီး ကိုရီးယားကျွန်းဆွယ်အား နျူကလီးယားကင်းစင်သော ကျွန်းဆွယ်ဖြစ်ရေး ကြိုးစားဆောင်ရွက်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စက်တင်ဘာ ၂၀ ရက်က နယူးယောက်တွင် ကျင်းပသော နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီရိုကီရှီဒါက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများက မြောက်ကိုရီးယားနောက်ဆုံး နျူကလီးယားစမ်းသပ်မှုအပေါ် ပြင်းထန်သော အသုံးအနှုန်းများသုံးနှုန်းခဲ့ပြီး ရှုတ်ချသည့် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ၎င်းတို့က မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်နည်းပညာများအပေါ် စိုးရိမ်စိတ်မကင်းဖြစ်နေကြသည်။

ယင်းထုတ်ပြန်ချက်တွင် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြောက်ကိုရီးယား၏ လူ့အခွင့်အရေးဖောက်ဖျက်မှုများကို တားဆီးချင်ကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် နိုင်ငံခြားသားများအား ပြန်ပေးဆွဲသည့်ကိစ္စရပ်များကို အလျင်အမြန်ဖြေရှင်းရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။ အရှေ့နှင့်တောင်တရုတ်ပင်လယ်တို့တွင် တရုတ်၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဒေသတွင်းတင်းမာမှုကို မြင့်တက်စေနိုင်သည့် တစ်ဖက်သတ်ကျသော မည်သည့်လုပ်ဆောင်ချက်မဆို ဆန့်ကျင်ကြောင်း ဂျီ-၇ အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများက ပြောခဲ့သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာရန် တိုက်တွန်းပြောကြားခဲ့သည်။



ထို့ပြင် မကြာသေးမီက ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများကိုလည်း ရှုတ်ချကြောင်း ယင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားပြီး ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကြမ်းဖက်မှုများအား ဆန့်ကျင်တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# ရထားလမ်းကမ်းကပ်ခုံ ရေတိုက်စားပြီး နိမ့်ကျသွား၍ ရထားယာယီပိတ်ထားရ

**ခင်ဦး စက်တင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ စက်တင်ဘာ ၂၁ရက်တွင် ရေဦးမြို့ အငယ်တန်းအင်ဂျင်နီယာ-၂ (သံလမ်း) ဦးစိုးမြင့်က ရထားလမ်းပိုင်းနှင့် တံတားများ စစ်ဆေးစဉ် မြစ်တော်ဘူတာနှင့် အင်းပတ်ဘူတာကြား မူးတိမ်အလယ်ချောင်းကူးတံတား အမှတ်(၃၀၆)သည် အင်းပတ်ဘူတာဘက်ခြမ်းရှိ ကမ်းကပ်ခုံမှာ ရေတိုက်စား၍ တစ်ပေခွဲခန့် နိမ့်ကျွံကျသွားသည်ကို စစ်ဆေးတွေ့ရှိသဖြင့် ရထားလမ်းပိုင်းအား ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းနိမ့်ကျသွားသော နေရာသို့ စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မီးရထားအင်ဂျင်နီယာမှူး (ရွှာထောင်) ဦးမင်းသူ၊ ဆည်မြောင်းဦးစီးအရာရှိ ဦးထွန်းထွန်းတို့က အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် သွားရောက်ကြည့်ရှုခဲ့သည်။ တံတားအမှတ် (၃၀၆)ကို မီးရထားဝန်ထမ်း ၃၀ ဖြင့် ယာယီဇလီဖားတုံး ထပ်ခွေပြုလုပ်ဆောင်ရွက်၍ လမ်းပိုင်းကို ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိပြေးဆွဲနေသော ခင်ဦး-မုံရွာ လူစီးရထားကို ရေဦး-မုံရွာအထိသာ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရေဦးမြို့ အငယ်တန်းအင်ဂျင်နီယာ-၂ (သံလမ်း) ဦးစိုးမြင့် ပြောသည်။ **ခင်ဦးစိုးဝေ**





# မီးပုံးများ ရောင်းအားကောင်း ဈေးကွက်သို့ လိုသလောက်မတင်ပို့နိုင်

**မန္တလေး စက်တင်ဘာ ၂၂**
သီတင်းကျွတ်ကာလအမီ မြန်မာ့ရိုးရာ မီးပုံးများနှင့် ကစားစရာမီးပုံးအရုပ်များ ပိုမိုရောင်းအား ကောင်းသော်လည်း ဝါးရှားပါးမှုကြောင့် ဈေးကွက်သို့ လိုသ လောက် မတင်ပို့နိုင်ကြောင်း ချမ်းမြသာစည် မြောက်ရပ်ကွက်မှ မီးပုံးလုပ်ငန်းလုပ်ကိုင်သူ မကြည်ကြည်ဌေးက ပြောပြသည်။

မြန်မာ့ရိုးရာ မီးပုံးဈေးကွက်သို့ တရုတ်ပြည်မှ မီးပုံးများအစားထိုး ဝင် ရောက်လာသော်လည်း ဈေးကွက်ထိခိုက် မှုမရှိကြောင်း ယခုနှစ်တွင် မီးပုံးများကို မန္တလေးမြို့တွင်းထက် နယ်အဝယ်လိုက် ခြင်းကြောင့် မီးပုံးများစောစီးစွာ ပြတ်လပ်ခဲ့ကြောင်း သိရသည်။

"မီးပုံးတွေနဲ့ ကစားစရာအရုပ်တွေကို သကြၤန်ပြီးလောက်ကတည်းက စတင် ပြီး လုပ်ဆောင်ခဲ့တယ်။ ဝါခေါင်လလောက်ဆို စတင်ပြီးနယ်တွေက အဝယ်လိုက်လာပြီ။ ဒီနှစ်ကတော့ နယ်ဝယ်လက်များ ပေမယ့် ဝါးရှားပါးတော့ မီးပုံးတွေကိုလို သလောက် မလုပ်နိုင်ဘူး။ အခုတောင် ပစ္စည်းက ပြတ်နေပြီ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါမီးပုံးများကို ငွေကျပ် ၁၅၀ နှင့်အထက်ရောင်းချလျက်ရှိပြီး ကစားစရာ မီးပုံအရုပ်များကို ငွေကျပ် ၅၀၀ မှ ၅၀၀၀ အထိရှိကြောင်း မီးပုံးနှင့်ကစားစရာအရုပ် ၂၅ မျိုးအထိ ပြုလုပ်ပြီး လေယာဉ်ပျံ၊ ကား၊ ယုန်ရုပ် စသည့်အရုပ်များကို ကလေးများ ပိုမိုစိတ်ဝင်စားကြောင်း သိရသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စားအုန်းဆီကဏ္ဍမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**
မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့် မလေးရှားနိုင်ငံ ဆီအုန်းထုတ်လုပ်မှုကုမ္ပဏီများပူးပေါင်း၍ စားအုန်းဆီကဏ္ဍ မြှင့်တင်ရေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်ပထမထပ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင်မလေးရှားနိုင်ငံ Palm Oil Board (MPOB)မှ ညွှန်ကြားရေးမှူးချုပ် Dr.Ahmad Kushairi Din၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူ၊ ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံသံရုံးမှ သံအမတ် H.E.Mr. Mohd Haniff Abd Rahman၊ မလေးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Datuk Datu Nasrun Datu Mansur တို့က အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ မလေးရှားနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီများမှ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အချက်အလက်များကို ဟောပြောဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲသည် ကမ္ဘာ၌ ဆီအုန်းထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ အစိုးရအောက်ရှိ Malaysian Palm Oil Board (MPOB) က လာရောက်ချိတ်ဆက်ခြင်းအပေါ် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းပြီး ပြည်တွင်းစားသုံးသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးမြင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြန့်ဖြူးနိုင်ရေးအတွက် ပူးပေါင်းစီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တယောအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

| | | |
|---|---|---|
| (က) | အိုသာတင့်ဆုံး | (ယိုးဒယား) |
| (ခ) | အောင်မြေမြမန်း | (ပတ်ပျိုး) |
| (ဂ) | အောင်မင်္ဂလာ | (ယိုးဒယား) |
| (ဃ) | တောမြိုင်စွန်း | (ယိုးဒယား) |
| (င) | ရွှေပြည်တော်သည် | (ပတ်ပျိုး) |
| (စ) | သာဆန်းရဂုံဗွေ | (ပတ်ပျိုး) |
| (ဆ) | မြန်ချာမြေကို | (ပတ်ပျိုး) |
| (ဇ) | ခိုင်ပန်းစုံမှန်မာလာ | (ယိုးဒယား) |

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)

| | | |
|---|---|---|
| (က) | ဆန်းနွေဦး | (ယိုးဒယား) (သဖြန်မလို) |
| (ခ) | ညဥ့်သုံးယံ | (ပတ်ပျိုး) |
| (ဂ) | ဂုဏ်တော်ဖွင့် | (ကာလပေါ်) (ပြည်လှဖေ) |

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

| | | |
|---|---|---|
| (က) | ပြည်တော်ဝင် | (ကာလပေါ်) |
| (ခ) | ဆန်းဆန်းသဥ္ဇာကြာညောင် | (မိုးဘွဲ့ယိုးဒယား) |
| (ဂ) | ဇေယျာမြို့ | (ကြိုး) |

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

| | | |
|---|---|---|
| (က) | မြနန္ဒာ | (ကာလပေါ်)(ဒေါ်စိန်ပါတီ) |
| (ခ) | ဖြေလျော့ခွေ | (ပတ်ပျိုး) |
| (ဂ) | ရွှေပြည်ကြီးရော | (ကြိုး) |

၅။ အခြေခံပညာ (၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)

| | | |
|---|---|---|
| (က) | လွမ်းပိုအောင်ညိုမြင်းလွင် | (ယိုးဒယား) |
| (ခ) | မေတ္တာဖျန်းမှုလန်းဆန်းမယ် | (ကာလပေါ်)(အဖွဲ့) |
| (ဂ) | ဇေယျာအောင်ချာ | (ကြိုး) |

# တရားဝင်ငါးဖမ်းဆီးခြင်း လက်မှတ်ထုတ်ပေးနိုင်ရေး ဆွေးနွေး

**ကော့သောင်း စက်တင်ဘာ ၂၂**
ဥရောပသမဂ္ဂ(Europen Union) ပညာရှင်နှင့် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူ များအဖွဲ့ တရားဝင်ငါးဖမ်းဆီးခြင်းအသိအမှတ်ပြုလက်မှတ်(Catch Certificate) ထုတ်ပေးနိုင်ရေး ကော့သောင်းမြို့ ဒေသခံငါးလုပ်ငန်းရှင်များဖြင့် စက်တင်ဘာ ၁၉ ရက်က ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂ(Europen Union) ပညာရှင် အီတလီ နိုင်ငံသား Mr.GillesHosch နှင့် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နီလာကြွယ်တို့က ဒေသခံငါးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးသယံဇာတမပြုန်းတီးရေး၊ တရားဝင်ငါးဖမ်းဆီးမှုများပပျောက်ရေး၊ တရားမဝင် ငါးတင်ပို့ရောင်းချမှုမဖြစ်ပေါ်စေရေးအတွက် ဒေသခံရေလုပ်ငန်းရှင်များအား အသိပေးဆွေးနွေးပြီး တရားဝင်ငါးဖမ်းဆီးမှုအသိအမှတ်ပြု (Catch Certificate) ထုတ်ပေးနိုင်ရေးကိစ္စရပ်များအား အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

**ဖခင်အမည်မှန်**
ပြည်မြို့၊ အထက(ခွဲ)၊ မှော်ဇာ၊ တက္ကသိုလ်ဝင်တန်း(B)မှ မစန်းစန်းမာ၏ ဖခင်အမည်မှန်မှာ ဦးမျိုး ၇/ပမန (နိုင်) ၁၅၃၀၂၄ ဖြစ်ပါကြောင်း။ **ဦးမျိုး**

**ဖခင်အမည်မှန်**
ပြည်မြို့၊ အထက(ခွဲ)၊ မှော်ဇာ၊ တက္ကသိုလ်ဝင်တန်း(A)မှ မဇူးဇူးအောင်နှင့် ဆဋ္ဌမတန်း(A)မှ မောင်ထက်ဝေယံဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်လှ ၇/ပမန(နိုင်)၁၁၂၅၇၇ ဖြစ်ပါကြောင်း။ **ဦးတင်လှ**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမကျွဲခြံကျေးရွာ အထက(ခွဲ) ဆင်ဖြူရပ် သတ္တမတန်းမှ မောင်နိုင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁၀/ပမန (နိုင်) ၀၁၁၇၀၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အထက(သုခဝတီ)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်သက်ကိုကို၏ဖခင်အမည်မှန်မှာ ဦးခွန်လှကား ၃/မဝတ(နိုင်)၀၄၅၃၄၉ ဖြစ်ပါကြောင်း။ **ဦးခွန်လှကား**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(ခွဲ) ဘုရားပျိုးကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုသဲဝေနှင့် အလက(ခွဲ) ကဒွတ်ကျောင်း အဋ္ဌမတန်းမှ မောင်မင်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးစောထွန်းအောင် ၇/ဝမန(နိုင်)၀၈၅၉၅၆ ဖြစ်ပါကြောင်း။

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့**
**၀၂/၂၀၁၆-၂၀၁၇ကြိမ်မြောက် သစ်လုံး/သစ်ခွဲသား(ဒေသ)**
**ဈေးပြိုင်လေလံကြော်ငြာခြင်း**
၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ လားရှိုးဒေသအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုးခရိုင်(လားရှိုးယာဉ်ယန္တရားဝင်း)နှင့် ကျောက်မဲခရိုင် အုမ္မခါး သစ်ဆိပ်များရှိ သတ-ဖ (သစ်လုံး/ခွဲသား) ကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း(ဒေသ)ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
(က) **ရောင်းချမည့်ရက်နှင့်ချိန်** - ၄-၁၀-၂၀၁၆ရက် ၉း၃၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်း/သစ်မာ(သစ်လုံး/တိုင်/ခွဲသား/ဓားရွှေ)၁၁၂တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာ(ပြည်တွင်းရောင်း/စက်)ရုံး မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့
၂။ ဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၈၂-၂၃၇၉၆၊ ၀၈၂-၂၂၀၃၀၄၀များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။
**(ဒေသ)ဈေးပြိုင်လေလံရောင်းချရေးကော်မတီ**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့**

**ဖခင်အမည်မှန်**
ဖားကန့် အထက နဝမတန်း(B)မှ မောင်ဂမ်ရိန်း၏ ဖခင်အမည်မှန်မှာ ဦးနော်ဘောက် ၁၃/နပတ(နိုင်) ၀၂၃၃၈၈ ဖြစ်ပါကြောင်း။ **ဦးနော်ဘောက်**

**ဖခင်အမည်မှန်**
ကြံခင်းမြို့နယ်၊ အထက (ဘက်ရဲ) အဋ္ဌမတန်း(ခ)မှ မသက်ဆုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်လှိုင်မြင့် ၁၄/ကခန(နိုင်)၀၈၀၆၄၁ ဖြစ်ပါကြောင်း။ **ဦးစိန်လှိုင်မြင့်**

**ဖခင်အမည်မှန်**
မိုးညှင်းမြို့၊ အထက (ခွဲ) တက္ကသိုလ်ဝင်တန်း(B)မှ မရန်လုနန်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၁/ပတအ(နိုင်)၀၀၅၈၄၇ ဖြစ်ပါကြောင်း။ **ဦးအောင်မြင့်**

**ဖခင်အမည်မှန်**
ကျောက်တန်းမြို့၊ (အလက) မြို့မကျောင်း သတ္တမတန်းမှ မောင်အောင်ခန့်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးဇာဏီလှ ၁၂/ဗဟန(နိုင်) ၀၇၇၂၃၉ ဖြစ်ပါကြောင်း။

**ပိုင်ရှင်ကိုယ်တိုင်ငှားမည်**
ကမ္ဘာအေးဗီလာ၊ ဒုတိယထပ်၊ ၂၂၀၀ sqft, Master-1,Single-2, Fully Furnished, AC-5, Lift, Car Parking, Line Ph, Internet
**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၈၂၉၄၀**

**အများပြင်ဆင်ချက်ဖြင့် ကြေညာခြင်း**
မြန်မာ့အလင်းသတင်းစာ ၁၇-၉-၂၀၁၆ရက်စွဲပါ ကြော်ငြာကဏ္ဍစာမျက်နှာ (၃၀)တွင် ဦးဘိုင်မှ ဦးကျော်ကျော်နိုင်အား အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်သည့်၂၄-၁-၂၀၁၅ရက် မှတ်ပုံတင်အမှတ်(၉၈/၂၀၁၈၅)အစား မှတ်ပုံတင်အမှတ်(၂၉၈/၂၀၁၅)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **ဦးဘိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ဝမ်း [တရားလွှတ်တော်ရှေ့နေ (၆၅၈၃) (၇/၉၈)]**
**သထုံလမ်း၊ ဘောလုံးကွင်းမြောက်ဘက်၊ သုခမင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့**
**ဖုန်း-၀၉-၂၀၂၂၄၅၆**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၉ယ/၁၉၉၆၉ HONDA Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းလွင် ၁/ဗမန(နိုင်)၀၀၀၀၂၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 5H/4945 Mitsubishi Canter EE7D B L/T(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၉/ခမစ(နိုင်)၀၀၈၇၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
လှိုင်းဘွဲ့မြို့နယ်၊ တခွက်ဖိုးကျေးရွာနေ နန်းမလေးဖြူ၏ ဖခင် ဦးအောင်ထွန်း(ခ)ဦးသာထုံး ၃/လဘန(နိုင်)၁၀၄၇၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 1E/2564 Aumark II (8LT 63) Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေး ၁၂/မရက(နိုင်) ၁၃၂၁၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 9J/8889 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



# ရေး- ထားဝယ် ရထားလမ်းပိုင်း၌ သစ်ပင်လဲ၍ လမ်းပိတ်

**မော်လမြိုင် စက်တင်ဘာ ၂၂**

ရေးမှ ထားဝယ်ဘူတာသို့ စက်ခေါင်းမောင်း ဦးစိုးနိုင်နှင့် ရထားထိန်း ဦးဝင်းမြင့်သိန်းတို့ လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၁၇၅) အဆန် အမြန်လူစီးရထားသည် စက်တင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်ခန့်က ချောင်းတောင်ဘူတာနှင့် ကိုးမိုင်ဘူတာကြား ရေးမြို့နယ် ရထားလမ်းမိုင်တိုင်အမှတ် (၂၇၃/၃ မှ ၄) ကြားတွင် မိုးအဆက်မပြတ်ရွာသွန်း၍ လေတိုက်ခတ်မှုကြောင့် သစ်မွှေးပင်ကြီးတစ်ပင်မှာ ရထားလမ်းပေါ်သို့ပြိုလဲကျ၍ ရထားလမ်းပိတ်သွားခဲ့ကြောင်း သိရသည်။

ယင်းရထားလမ်းပိတ်မှုကြောင့် အမှတ် (၁၇၅) အဆန်အမြန် လူစီးရထားတွင် လိုက်ပါတာဝန်ထမ်းဆောင်လာကြသော စက်ခေါင်းမောင်းနှင့်အဖွဲ့၊ တွဲစောင့်များ၊ လုံခြုံရေး၊ မီးရထားရဲတပ်ဖွဲ့ဝင်များနှင့်ရထားထိန်းတို့က ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းခဲ့မှုကြောင့် ရထားသည် အချိန်တစ်နာရီခန့်စောင့်ဆိုင်းခဲ့ရပြီး ထားဝယ်ဘူတာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# နေအိမ်တွင်အုပ်စုလိုက် မူးယစ်ဆေးဝါးသုံးစွဲနေသူ လူငယ်အုပ်စုအား ဖမ်းမိ

**ကော့သောင်း စက်တင်ဘာ ၂၂**

ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ နေအိမ်တွင် အုပ်စုလိုက် မူးယစ်ဆေးဝါးသုံးစွဲနေသည့် လူငယ်အုပ်စုတစ်စုအား စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက မူးယစ်အထူးအဖွဲ့နှင့် နယ်ထိန်းရဲတပ်ဖွဲ့ပူးပေါင်းဖမ်းဆီးဖော်ထုတ် အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

မူးယစ်အထူးအဖွဲ့နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ပျူစောထီးလမ်း ဦးပိန်တန်းလျား အခန်းအမှတ်-၄ နေ စိုးသီဟ(ခ) ကိုကိုနိုင်၏ နေအိမ်၌ လူငယ်များစု၍ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ရာ ယင်းနေအိမ်တွင် အေးရိပ်ငြိမ်ရပ်ကွက်နေ စိုးသီဟ(ခ) ကိုကိုနိုင်၊ တေဇာအောင်(ခ)ဝတုတ်၊ အောင်အောင်၊ ကျော်ဇင်ဌေး၊ အောင်ဇော်ဦးနှင့် မျိုးလွင်တို့ ခြောက်ဦးတို့အား တွေ့ရှိရပြီး ၎င်းတို့အားစစ်ဆေးခဲ့ရာ နိုင်တေဇာအောင်(ခ)ဝတုတ်တွင် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်းဆေးပြား ၁၀ ပြား၊ နေအိမ်အတွင်းမှ ဆေးရှူကိရိယာနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိပြီး ၎င်းတို့အား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

စိုးသီဟ(ခ) ကိုကိုနိုင်နှင့် အပေါင်းအပါများအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်




# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တမူး စက်တင်ဘာ ၂၂**

တမူး-ကလေးကားလမ်းမပေါ်၌ စက်တင်ဘာ ၂၁ ရက်က သတင်းအရ ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည်။

စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲခန့်က တမူးခရိုင် ခမ်းပါတ်မြို့ ဘုက္ကန်ရဲကင်းစခန်းမှူး ရဲအုပ်စံမြိုင်နှင့် တပ်ဖွဲ့ဝင်များသည် တမူး-ကလေးကားလမ်းမပေါ် ဘုက္ကန်ရဲကင်းစခန်းရှေ့၌ ဦးနွမ်ဆွမ်းမောင်းနှင်ပြီး ရန်ခိုလတ်လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် ၂၀ စုစုပေါင်း ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိပြီး ဦးနွမ်ဆွမ်းနှင့် ရန်ခိုလတ် တမူးမြို့နယ်နေသူတို့အား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**



# အရက်မူးနေသူ လူငယ်သုံးဦး စာသင်ခန်းထဲဝင်၍ ခြိမ်းခြောက်ငွေတောင်း

**တပ်ကုန်း စက်တင်ဘာ ၂၂**

နေပြည်တော် တပ်ကုန်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ၂၂ ရက်က ထမင်းစားကျောင်းဆင်းချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်၌ တပ်ကုန်းမြို့ ဆရာစံရပ်ကွက်နေ မျိုးလွင်၊ စိုင်းဝဏ္ဏအောင်၊ ဇင်မင်းထက်တို့ သုံးဦးသည် အရက်မူးနေကာ တတိယတန်း(က)စာသင်ခန်းထဲသို့ ဝင်ရောက်၍ ကျောင်းသား၊ ကျောင်းသူများထံမှ ငွေပေးရန် အတင်းအကျပ်၊ ခြိမ်းခြောက်တောင်းဆိုမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကျောင်းအုပ်ဆရာမကြီးက တရားလိုပြုလုပ်တိုင်ကြားသဖြင့် တပ်ကုန်းမြို့မရဲစခန်းက ၎င်းတို့ သုံးဦးအား အမှုဖွင့်စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

# အရှိန်မထိန်းနိုင်သည့် ယာဉ် လမ်းလယ်ကျွန်းပေါ်ရောက်ရှိ ဘီးလေးဘီးပေါက်ကွဲပျက်စီး

**ကျောက်တံခါး စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန် - နေပြည်တော်အမြန်လမ်း မိုင်တိုင်အမှတ်(၉၁/၀ - ၁)အကြားတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ကိုယ်ပိုင်ယာဉ်တစ်စီးအရှိန်လွန်ကာ လမ်းလယ်ကျွန်းပေါ်ရောက်ရှိပြီး ဘီးလေးဘီးစလုံး ပေါက်ကွဲပျက်စီးခဲ့ကြောင်း သိရသည်။

သတင်းအရအခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးဒုရဲမှူးထွန်းထွန်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့ချောင်းအမြန်လမ်းမီးသတ်စခန်း လက်ထောက်ဦးစီး ဦးကျော်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းစိုးမိုးဝင်း (၄၀ နှစ်) ပုသိမ်ကြီးမြို့နေသူမောင်းနှင်သော ယာဉ်အမှတ်1B/----- မတ်တူး ကိုယ်ပိုင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရောက်ရှိသွားခဲ့ရာ ယာဉ်ပေါ်ပါသူများ ဒဏ်ရာမရရှိသော်လည်း ယာဉ်မှာပျက်စီးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူအား ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်ဆန်းအောင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးခွန်မောင်သောင်းဖြစ်ပါကြောင်း။ **ဦးခွန်မောင်သောင်း ၁၃/ပလန(နိုင်)၀၅၅၃၀၀**

**ဖခင်အမည်မှန်**
ပုဏ္ဏားကျွန်း အထက တက္ကသိုလ်ဝင်တန်း (D) မှ မအေးငြိမ်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေဘော်ဖ ၁၁/ပဏတ(နိုင်)၀၀၄၈၉၃ ဖြစ်ပါကြောင်း။ **ဦးရွှေဘော်ဖ**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်ဆားတန်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးတကျော်ဖြစ်ပါကြောင်း။ **ဦးတကျော် ၁၃/ပလန(နိုင်)၀၁၁၉၄၀**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်စိုးသိန်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးထွန်းသာ ဖြစ်ပါကြောင်း။ **ဦးထွန်းသာ ၁၃/ပလန(နိုင်)၀၂၃၆၉၅**

**မိဘအမည်မှန်**
ရေဦးမြို့၊ အထက (၁) နဝမတန်းမှ မောင်မျိုးသူဝင်း၏ မိဘအမည်မှန်မှာ ဦးမျိုးသန်း ၅/ရဥန(နိုင်)၀၅၄၁၃၉ နှင့် ဒေါ်သင်းသင်းမြတ် ၅/ရဥန(နိုင်)၀၆၆၇၀၇ ဖြစ်ပါကြောင်း။ **ဦးမျိုးသန်း-ဒေါ်သင်းသင်းမြတ်**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက(ခွဲ)လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မမြစိန်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးလှဆွေဖြစ်ပါကြောင်း။ **ဦးလှဆွေ ၁၃/ကလန(နိုင်)၀၃၄၆၂၂**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်မောင်စိုး(၂)၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမောင်လာဖြစ်ပါကြောင်း။ **ဦးခွန်မောင်လာ၁၃/ပလန(နိုင်)၀၁၂၀၀၂**

**ဖခင်အမည်မှန်**
စစ်တွေမြို့၊ မောလိပ်အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဖြူမနွယ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုးမောင် ၁၁/ပဏတ(နိုင်)၀၃၇၆၆၃ ဖြစ်ပါကြောင်း။ **ဦးသိန်းစိုးမောင်**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်ဆုသုဝဏ္ဏ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးခွန်သွင် ဖြစ်ပါကြောင်း။ **ဦးခွန်သွင် ၁၃/တကန(နိုင်)၁၆၂၁၅၈**

**ဖခင်အမည်မှန်**
ညောင်ရွှေမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်အာကာဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဖုန်း ၁၃/ညရန(နိုင်)၀၄၀၀၀၀ ဖြစ်ပါကြောင်း။ **ဦးဖုန်း**

**ဖခင်အမည်မှန်**
ရေဦးမြို့နယ်၊ ချမ်းသာကျေးရွာ၊ အထက၊ အဋ္ဌမတန်း(A)မှ မောင်ဝေယံဖြိုး၏ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၅/ရဥန(နိုင်)၀၆၅၁၆၂ ဖြစ်ပါကြောင်း။ **ဦးကျော်ဝင်း**

**ဖခင်အမည်မှန်**
အထက(၆) စစ်တွေ၊ တက္ကသိုလ်ဝင်တန်းမှ မသိန်းမြဦးနှင့် အဋ္ဌမတန်းမှ မောင်ထွန်းနိုင်အေးတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်မင်း ၁၁/စတန(နိုင်)၀၈၃၂၀၈ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်မင်း**

**ဖခင်အမည်မှန်**
အထက(၁) စစ်တွေ၊ တက္ကသိုလ်ဝင်တန်းမှ မနွယ်နွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆန်းဌေး ၁၁/မပန(နိုင်)၀၇၁၄၃၈ ဖြစ်ပါကြောင်း။ **ဦးမောင်ဆန်းဌေး**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မနန်းရွှေတင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးလှဆွေ ဖြစ်ပါကြောင်း။ **ဦးလှဆွေ ၁၃/ကလန(နိုင်)၀၃၄၆၂၂**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မဝိုင်းမို့မို့ဇော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း ၅/ခဥတ(နိုင်)၀၃၈၇၄၂ ဖြစ်ပါသည်။ **ဦးခင်မောင်ဆန်း၅/ခဥတ(နိုင်)၀၃၈၇၄၂**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မနန်းခမ်းဗွာတိ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးသန်းဆောင် ဖြစ်ပါကြောင်း။ **ဦးသန်းဆောင်၁၃/ညရန(နိုင်)၁၀၁၂၀၀**

**ဖခင်အမည်မှန်**
ညောင်ရွှေမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(က)မှ မမေမြတ်မိုးနှင့် ဆဋ္ဌမတန်း (က)မှ မောင်တင့်နိုင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေ ၁၃/ညရန(နိုင်)၀၄၁၉၁၆ ဖြစ်ပါကြောင်း။ **ဦးတင်ရွှေ**

**ဖခင်အမည်မှန်**
ရေဦးမြို့နယ်၊ ချမ်းသာကျေးရွာ၊ အထက၊ တတိယတန်း (A)မှ မဝါဝါဦး၏ဖခင်အမည်မှန်မှာ ဦးသိန်းထွန်းနိုင် ၅/ရဥန(နိုင်)၁၂၂၄၅၂ ဖြစ်ပါကြောင်း။ **ဦးသိန်းထွန်းနိုင်**

**ပျောက်ဆုံးကြောင်း**
မနန်းခမ်းဆောင် ၁၃/တခလ(နိုင်)၀၉၇၂၉၅ (ဘ) ဦးအိုက်ကွတ်နွဲ့၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၄၀၆၂၃၅၈**

**ပျောက်ဆုံးကြောင်း**
နန်းနွယ် ၁၃/တခလ(နိုင်)၁၀၇၈၃၂ (ဘ) ဦးလုံးကျင်းဆမ် PP.No MA 456654 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၆၁၀၇၂၆၆**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်ညွှန့်မောင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးပွင့် ဖြစ်ပါကြောင်း။ **ဦးပွင့် ၁၃/တကန(နိုင်)၁၅၈၃၅၀**

**မိဘအမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(E)မှ မနှင်းအိလွင်၏ မိဘအမည်မှန်မှာ ဦးထွန်းလွင် ၅/ခဥတ(နိုင်)၀၅၇၃၅၆ နှင့် ဒေါ်စန်းဌေး ၅/ခဥတ(နိုင်)၀၈၉၉၃၉ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ပင်လောင်းမြို့နယ်၊ အထက (ခွဲ) လွယ်ဘောင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မနန်းခမ်းမူ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမောင်ဆွမ် ဖြစ်ပါကြောင်း။ **ဦးမောင်ဆွမ် ၁၃/ပလန(နိုင်)၀၀၉၉၃၄**

**အမည်မှန်**
ဦးခင်မောင်အေး၏ သမီး ညောင်ရွှေမြို့၊အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဂ) မှ မနဒီနိုင်၏ အမည်မှန်မှာ မနဒီနေနိုင် ဖြစ်ပါကြောင်း။ **မနဒီနေနိုင်**

**ဖခင်အမည်မှန်**
မုံရွာမြို့၊ အလုံတပ်နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မမေသူအောင်၏ ဖခင်အမည်မှန်မှာ ဦးလိန်းခွီအွမ် ၅/ရဘန(နိုင်)၁၂၁၄၁၁ ဖြစ်ပါကြောင်း။ **ဦးလိန်းခွီအွမ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ မဝေဝေခိုင်နှင့်မောင်ကျော်မြတ်ခိုင်တို့၏မိဘ ဦးမောင်ညွှန့်ချေ ၁၁/စတန(နိုင်)၁၁၉၃၂၅ -ဒေါ်ဦးခင်သိန်း ၁၁/စတန(နိုင်)၁၁၅၅၉၄နှင့် ဦးမောင်ကျော်ညွှန့် - ဒေါ်ခင်ခင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 4G/9021 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံမြို့)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်စာကြည့်တိုက်အား စာအုပ်များ ပေးအပ်လှူဒါန်းပွဲနှင့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး လွှတ်တော်၌ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်းဥက္ကဋ္ဌ ဦးစောလုလုထော်၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN) ဥက္ကဋ္ဌဦးစောလုလုထော်က ဆွေးနွေးဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်နှင့် ပတ်သက်၍ ဟောပြောဆွေးနွေးသည်။

ယင်းနောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော် စာကြည့်တိုက်အတွက် စာအုပ်များကို မြန်မာနိုင်ငံပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN)ဥက္ကဋ္ဌ ဦးစောလုလုထော်က ပေးအပ်ရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လက်ခံယူသည်။

**သတင်းနှင့်ဓာတ်ပုံ- ဖိုးသော်ဇင်**



# ကမ္ဘောဇဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ(၂) ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက် ပခုက္ကူမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့လှူ

ပခုက္ကူ စက်တင်ဘာ ၂၂

**ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)သည် ပခုက္ကူမြို့၌ ကမ္ဘောဇဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ(၂) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ငွေကျပ်သိန်း ၂၇၀ တန်ဖိုးရှိ ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက်ကို ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ စက်တင်ဘာ ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့သည်။**

အခမ်းအနားတွင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ(၁)တာဝန်ခံ ဒေါ်နီလာကိုနှင့် ပခုက္ကူဘဏ်ခွဲ(၂)တာဝန်ခံ ဦးမိုးဇော်ထွန်းတို့က ကျောက်ကပ်ဆေးစက်နှင့်ရေသန့်စက်ကို ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဖုန်းမော်ထံ ပေးအပ်လှူဒါန်းခဲ့ပြီး(**အပေါ်ပုံ**) ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဖုန်းမော်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဖောင်ဒေးရှင်းသည် ၂၀၁၁ခုနှစ်ကလည်း ဂီရိမုန်တိုင်းတိုက်ခတ်၍ မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပခုက္ကူမြို့ရှိ ရွှေချောင်းတံတားပျက်စီးပြီး ပခုက္ကူခရိုင်အနီး ကြိမ်ချောင်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များ ရေနစ်မြုပ်ပျက်စီးခဲ့ရာ ပြန်လည်ထူထောင်ရေးအတွက် ငွေသိန်းပေါင်း ၂၀၀၀ ကို လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍအနေဖြင့် ဆေးရုံကြီးများ ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခမဲ့ဆေးကုသခန်းများ ဖွင့်လှစ်ကုသပေးခြင်း၊ မြန်မာနိုင်ငံအနှံ့အပြားရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များကို အခမဲ့ဆေးကုသပေးခြင်း၊ ကမ္ဘောဇအုပ်စုနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ စုပေါင်း၍ သွေးလှူဒါန်းခြင်း၊ အရေးပေါ်လူနာတင်ယာဉ်များ လှူဒါန်းခြင်းနှင့် ရေဘေးသင့်ပြည်သူများကို ရပ်ကွက်၊ ကျေးရွာများအရောက် ကျန်းမာရေးလိုအပ်ချက်များ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တောင်ငူမြို့၌ ကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၂**

ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် CB ဘဏ်က အဓိကကူညီပံ့ပိုးသော မြန်မာ့ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ်ကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ Southern Star ဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ဂေါက်သီးအားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းကို စတင်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၂၅ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသား ၉၉ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၃၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**



# မိတ္ထီလာ အထက(၁)၌ ကျန်းမာရေးနှင့် အားကစားဆိုင်ရာအသိပညာပေးဟောပြော

**မိတ္ထီလာ စက်တင်ဘာ ၂၂**

မိတ္ထီလာမြို့ အထက (၁)၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဝူရှူး၊ ကရာတေးဒို သရုပ်ပြပွဲကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက ယင်းကျောင်းခန်းမနှင့် ကွင်းပြင်၌ ကျင်းပသည်။

ကျန်းမာရေးနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးအောင်သောင်းက အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က အသိပညာပေးဟောပြောသည်။ ယင်းနောက် တာဝန်ခံမြို့နယ်ပညာရေးမှူးထံသို့ အားကစားနှင့် ဆက်စပ်သည့်ပစ္စည်းများ၊ စာအုပ်စာစောင်များကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပေးအပ်သည်။ ဆက်လက်၍ ကျောင်းကွင်းပြင်၌ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ ဝူရှူးနှင့် ကရာတေးဒို အားကစားသမားများက တစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက် သရုပ်ပြကစားကြသည်။

**ချမ်းသာ(မိတ္ထီလာ)**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သောဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာ ပုံစံများစတင်ရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၃-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ၄း၃၀နာရီ

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများအကြောင်းကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးသို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၅၆၃၄**

**အမည်မှန်**

လားရှိုးမြို့၊ ရပ်ကွက်(၅)နယ်မြေ (၁၃)၊အိမ်အမှတ် (၁၈၂၃) တွင်နေထိုင်သောမောင်နေလင်းထွန်း၏ဖခင် ဦးချန်ချန်(ခ)ဦးချန်ချမ်း ၁၃/လရန(နိုင်)၀၅၃၂၀၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အများသိစေရန်ကြေညာခြင်း**

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ နယ်မြေ (၅)၊ အကွက်အမှတ် (အမက-၁၇ ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၁၃၁၉)၊ မြေချိန်ဧရိယာ ၀ဒသမ၀၆၈ဧကရှိ မြေကွက်သည် ဦးနုတ်လဲ့မှ မြေဂရန် အမှတ်ခွဲအမှတ် ၄၀၉-၅/၂၀၀၁-၂၀၀၂ (အေ)အရ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဦးနုတ်လဲ့မှ လှူဒါန်းပေးကမ်းခြင်း စာချုပ်အမှတ် ၅၄ I/၂၀၁၆ ဖြင့် ဧဒင်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ လားရှိုးမြို့သို့ လှူဒါန်းပေးကမ်းထားပြီးဖြစ်၍ ယင်းမြေကွက်အား ဧဒင်ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ လားရှိုးမြို့မှ မြေဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၂၀ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ဧဒင်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်**
**ရပ်ကွက် (၅)၊ နယ်မြေ (၅)၊ လားရှိုးမြို့**

**ပိုင်ဆိုင်မှုများလွှဲပြောင်းပေးအပ်ခြင်း**

သာစည်မြို့၊ အမှတ်(၅)ရပ်ကွက်နေ ကျွန်မ ဒေါ်ခင်ခင် ပိုင်ဆိုင်သော ယခုလက်ရှိနေထိုင်သည့် အိမ်၊ပိုင်းမြေနှင့် ရွှေ၊ ငွေပစ္စည်းများအားလုံးကို အမွေစားအမွေခံဖြစ်သည့် တူမဖြစ်သူ မမိုးမိုး(ခ)မသင်းသင်းမိုး ၉/သစန(နိုင်) ၀၀၀၅၇၄သို့ ယနေ့မှစ၍ အပြီးအပိုင်လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ပါကြောင်း အများသိရန်ကြေညာအပ်ပါသည်။**ဒေါ်ခင်ခင်၊ အမှတ်(၅)ရပ်ကွက်၊ သာစည်မြို့**

**အယူတော်ခံမှုကိုဆိုင်ရန်ချိန်းဆိုသည့်ရက်ကို**
**အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**
**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၆ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ်-၁၅**

| | | |
|---|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | **နှင့်** | ဦးထွန်းအောင်ကျော် |
| ဦးခင်မောင်ဝင်း | | စမ်းကလေးအရှေ့ကျေးရွာ၊ |
| မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် | | ညောင်လေးပင်မြို့နယ် |
| ညောင်လေးပင်မြို့ | | |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်စွဲပါ ပဲခူးခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၇/၁၆၏ စီရင်ချက်နှင့်ထုံးပုံကျအယူခံတော်ခံမှု

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်ဦးထွန်းအောင်ကျော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် ထုံးပုံကျကို ဦးခင်မောင်ဝင်းက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၂ရက် (၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင် ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူကိုယ်စားလယ်ဖြစ်စေ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့ လျှင် ၎င်းအယူခံမှုကို သင့်မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံသွင်းရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**အမိန့်အရ**
**(အေးအေးမြင့်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တနင်္သာရီတိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ တိုင်းဒေသကြီးအတွင်းတွင် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်၊ ဓာတ်အားလိုင်း၊ ခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း၊ ရုံးအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ ခြံစည်းရိုး၊ ဝင်းခြံကာရံခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၆-၉-၂၀၁၆ ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချတင်သွင်းမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့
(ဂ) တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၄၉၅၊ ၀၉-၄၂၅၂၈၂၇၇၂၊ ၀၉-၂၅၀၀၀၁၆၉၀၊ ၀၉-၈၅၆၈၅၅၈ တို့သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မအေးသန္တာ၏ ဖခင်အမည်မှန်မှာ ဦးစောမြေမောင် ၉/ကပတ(နိုင်)၀၀၇၃၄၄ဖြစ်ပါကြောင်း။ **ဦးစောမြေမောင်**

**ဖခင်အမည်မှန်**

စဥ့်ကူးမြို့နယ်၊ ဆည်သည်၊ အထက၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင်ဦး၅/ရဘန(နိုင်) ၁၄၃၈၉၃ ဖြစ်ပါကြောင်း။ **ဦးမင်းနိုင်ဦး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၀ယ/၅၆၈၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလွင် ၇/ရတရ(နိုင်)၀၁၂၃၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ပ/၆၁၆၃ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလှိုင်မြင့် ၇/တငန(နိုင်)၁၀၂၂၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**အမည်မှန်**

လက်ကောက်ကျကျေးရွာနေ ဦးလင်းအောင်၏သား ဆည်သည် အထက၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်သိန်းထက်အောင်၏ အမည်မှန်မှာ မောင်သိန်းထိုက်အောင် ၅/ကမန(နိုင်)၀၀၅၈၅၈ ဖြစ်ပါကြောင်း။ **မောင်သိန်းထိုက်အောင်**

**မိခင်အမည်မှန်**

တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ထွန်းနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်မိမိခိုင် ၁၃/တကန(နိုင်)၂၈၄၂၇၀ ဖြစ်ပါကြောင်း။ **ဒေါ်မိမိခိုင်**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ ခွန်မျိုး၏ ဖခင်အမည်မှန်မှာ ဦးခွန်ပန္တိ ၁၃/ဖဖဆဆန(နိုင်)၀၁၇၉၀၂ ဖြစ်ပါကြောင်း။ **ဦးခွန်ပန္တိ**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ ခွန်သန်းအောင်၏ဖခင်အမည်မှန်မှာ ခွန်မောင်ဖေ ၁၃/တကန(နိုင်)၀၇၇၉၂၈ ဖြစ်ပါကြောင်း။ **ခွန်မောင်ဖေ**

**အမည်ပြောင်း**

တောင်ကြီးမြို့နယ်၊ အေးသာယာ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(F)မှ ခွန်မောင်ဦးအား ယနေ့မှစ၍ စိုင်းမောင်ဦး ၁၃/ကတလ(နိုင်) ၀၁၅၃၉၇ဖြစ်ပါကြောင်း။ **စိုင်းမောင်ဦး**

# ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန့်မြို့ ဒန်စီခွန်းအထူးယာယီဂိတ်၌ မြန်မာ-ထိုင်းဒေသဆိုင်ရာစည်းဝေး

**မြိတ် စက်တင်ဘာ ၂၂**

ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန့်မြို့ ဒန်စီခွန်းအထူးယာယီဂိတ် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ထိုင်း-မြန်မာဒေသဆိုင်ရာ အစည်းအဝေးကျင်းပခဲ့ကြောင်း မောတောင်ဒေသအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန့်ခရိုင် ဒုတိယခရိုင်ဝန် မစ္စတာ စုံချိုင်က နှစ်နိုင်ငံနယ်စပ်ဒေသတွင် ထိုင်းနိုင်ငံဘက်မှ စုပေါင်းဝန်ဆောင်မှုရုံး (OSS) ကို ဒန်စီခွန်းတောင်ခြေတွင် ဖွင့်လှစ်မည်ဖြစ်ပြီး အကောက်ခွန်ရုံးနှင့် တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်၍ စုပေါင်းဝန်ဆောင်မှုဥက္ကဋ္ဌအဖြစ် ပရာကျွတ်ခရီခန့်မြို့ပိုင်အား တာဝန်ပေးသွားမည်ဖြစ်ကြောင်း၊ OSS ရုံးကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရုံးဖွင့်လှစ်သည့်အခါတွင်လည်း မြန်မာနိုင်ငံဘက်သို့ ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က ဒေသထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးနှုန်းမတည်ငြိမ်မှုများ၊ ထိုင်းနိုင်ငံမှ မောတောင်ကျေးရွာသို့ လျှပ်စစ်သွယ်တန်းပေးရန် ရှိ/မရှိ အခြေအနေနှင့် ဒန်စီခွန်းယာယီဂိတ်မှတရားဝင်ဂိတ်အဖြစ် ဖွင့်လှစ်မည်အခြေအနေတို့ကို သိရှိလိုကြောင်း ဆွေးနွေးခဲ့သည်။ မောတောင်ဒေသတာဝန်ခံ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက မောတောင်ဒေသခံများမှ ဒန်စီခွန်းသို့ ကုန်ပစ္စည်းနှင့်လူဝင်/ထွက် သွားလာရာတွင် အခက်အခဲအနည်းငယ်ရှိခြင်း၊ ထိုင်းမော်တော်ယာဉ်များ လာရောက်သည့်အခါတွင် မောတောင်ကျေးရွာ နယ်စပ်ကုန်သွယ်ရေးဂိတ်အထိ သွားလာခွင့်ပြုထားခြင်း၊ မောတောင်ကျေးရွာမှ မော်တော်ယာဉ်များအား ဒန်စီခွန်းတောင်ခြေဈေးအထိ သွားလာခွင့် ရှိ/မရှိ သိရှိလိုကြောင်း၊ ဒေသခံဈေးသည်များနှင့် တက္ကစီသမားများသွားလာရာတွင် သင့်တင့်သည့်ဈေးနှုန်းကောက်ခံပေးရန်ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် တရားဝင်ကောက်ခံမှုဈေးနှုန်းကို သိရှိလိုကြောင်း၊ မောတောင်ကျေးရွာမှ အလုပ်သမားများပြန်လာသည့်အခါတွင် ထိုင်းနိုင်ငံဘက်မှ ခွင့်ပြုပေးနိုင်မှုအခြေအနေကို သိရှိလိုကြောင်း၊ မြန်မာနိုင်ငံဘက်မှ တရားဝင်ဂိတ်ဖွင့်လှစ်ပြီးဖြစ်သော်လည်း ထိုင်းဘက်မှ တရားဝင်ဂိတ်ဖွင့်လှစ်ရန် ဒေသခံများက တောင်းဆိုနေကြခြင်း၊ ဥပဒေကင်းလွတ်သည့်စားသောက်ကုန်များ၊ လူသုံးကုန်များအား ဒန်စီခွန်းတောင်ခြေဈေးတွင် လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုနိုင်မှု အခြေအနေတို့ကို မေးမြန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပရာကျွတ်ခရီးခန့်မြို့ပိုင် မစ္စတာဆုမ်ဖွန်က လျှပ်စစ်သွယ်တန်းမှုတွင်လည်း နယ်စပ်ဒေသများနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုတစ်စုံတစ်ရာပြုရန်အတွက် လက်မှတ်ရေးထိုးထားခြင်းမရှိသေးကြောင်းနှင့် တာဝါတိုင်စိုက်ထူရန်ရွေးချယ်ထားသည့်နေရာကို နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပြီးမှ သွယ်တန်းနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုမှာ နှောင့်နှေးနေပြီး ထိုင်းနိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီး လာရောက်ဆွေးနွေးသည့်အခါတွင် နယ်စပ်ဒေသနှင့် ပတ်သက်ပြီး နှစ်နိုင်ငံလက်မှတ်ရေးထိုးမည့်အခါတွင် နယ်စပ်ဂိတ်ဖွင့်လှစ်မှုနှင့် လျှပ်စစ်ဖြန့်ဖြူးမှုကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြင့်ဦး (မြိတ်)**

# မူဆယ်မြို့နယ် တအာင်းလူငယ်အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

**မူဆယ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်စု နမ့်ဟွယ်ကျေးရွာပိုင်အားကစားကွင်း တအာင်းလူငယ်အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ရွာပေါင်း ၁၀ ရွာမှ အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ကြသည်။

ယင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ မိုင်းယုအသင်း၊ မန့်ဟန်အသင်း၊ အထက်နမ့်ဟွယ်အသင်းနှင့် ဆိုင်းခေါင် အသင်းတို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက စတင် ကစားခဲ့ရာ မိုင်းယုကျေးရွာမှ မန့်ဟန်ကျေးရွာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ရှိခဲ့ပြီး တတိယနေရာသို့လည်းကောင်း ညနေ ၄ နာရီတွင် ဗိုလ်လုပွဲကို အထက် နမ့်ဟွယ်အသင်းနှင့် ဆိုင်းခေါင်အသင်း တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အထက်နမ့်ဟွယ် အသင်းမှ ဆိုင်းခေါင်အသင်းကို ခြောက် ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲဖြစ်မြောက်ရေးအတွက် မြို့နယ် အား/ကာအဖွဲ့မှ ဒိုင်လူကြီးများ၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများမှ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း အမှတ်စဉ် ( ၂၃/ ၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ တတိယပတ်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ် ချက်များကို ပြောကြားစဉ်

စိုးဝင်း (ကျောက်တန်း )



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သတင်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး(၂/၃)(ပဲခူး)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးကျော်ချစ် ဦးဆောင်သော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက်က ပဲခူးမြို့ ရန်ကုန်-မန္တလေး ကားလမ်း (လမ်းဟောင်း)ရှိ ရွှေဝါထွန်းဟိုတယ်ရှေ့၌ ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူ ပြည်သူများအား ဆိုင်ကယ်စီးဦးထုပ်များ ဝေငှစဉ်

သန့်စင် (ပဲခူး)

# လျှင်ကြောင့် ပျက်စီးခဲ့သော စေတီတော်အား ထီးတော်တင်လှူ

**နွားထိုးကြီး စက်တင်ဘာ ၂၂**

ချောက်မြေလျှင်ကြောင့် နွားထိုးကြီးရှင်ပင်သာဒွန်းဦးဘုရားဝင်းရှိ နဂါးရုံစေတီတော်မြတ်၏ စိန်ဖူးတော်မြေခမှုကို အလှူရှင်များစုပေါင်းမှုဖြင့် စိန်ဖူးတော်နှင့် အရုံရှစ်ဆူ စိန်ဖူးတော်တင်လှူပွဲကို စက်တင်ဘာ ၁၉ ရက်က နွားထိုးကြီး၌ ဂေါပကအဖွဲ့က ဦးဆောင်ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် နွားထိုးကြီးကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ရှင်ပင်သာဒွန်းဦးဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထိုက်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းများ၊ ပရဟိတအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများက စိန်ဖူးတော်ဖြင့် နဂါးရုံဘုရားအား လက်ယာရစ်ပတ်၍ ထီးတော် တင်လှူပူဇော်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က လျှင်ဒဏ်ခံရမှုနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက နဂါးရုံဘုရားစေတီ မွမ်းမံပြင်ဆင်လှူဒါန်းမှုများကို ရှင်းလင်းတင် ပြခဲ့သည်။

**ဌေးမြင့်မောင်**

# မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသူနှစ်ဦးတို့၏ မိသားစုအား ထောက်ပံ့ငွေပေးအပ်

**မိုးညှင်း စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်တွင် နေထိုင်လျက်ရှိသော အမျိုးသားနှစ်ဦးသည် စက်တင်ဘာ ၁၇ ရက်က မိုင်တိုင်အမှတ်(၂/၆) မှ တစ်မိုင်ခန့်အကွာ အရှေ့တောင်ခြေသို့သွားသည့် လှည်းလမ်းနံဘေး ငါးပေခန့်အကွာတွင် မိုင်းနှစ်လုံးပေါက်ကွဲသဖြင့် နေရာတွင်ပွဲချင်းပြီး သေဆုံးခဲ့ရာ မိုးညှင်းခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၉ ရက်က အောင်သပြေရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ထို့နောက် ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနဦးစီးမှူး ဦးကျော်နိုင်ထွေးက ထောက်ပံ့ငွေကျပ် တစ်သိန်းစီကိုပေးအပ်ရာ သေဆုံးသူ ဦးမြင့်သိန်းဦးအတွက် ဇနီးဖြစ်သူ ဒေါ်ခိုင်ခိုင်စိုးကလည်းကောင်း၊ သေဆုံးသူ ဦးမျိုးဝင်းအတွက် ဇနီးဖြစ်သူ ဒေါ်စန်းယုတင်ကလည်းကောင်း လက်ခံယူခဲ့ပြီး အောင်သပြေရပ်ကွက်အုပ်ချုပ်ရေးမှူးက တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ စီတို့ကို ထပ်မံထောက်ပံ့ခဲ့ကြောင်း သိရသည်။

(၀၆၇)



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း ဦးစီးသော တပ်ဖွဲ့ဝင်များ ကျိုက်မရောမြို့ အထကကျောင်းတွင် စက်တင်ဘာလတတိယပတ်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်

ကျော်သန်း(မော်လမြိုင်)

## မှုခင်းသတင်းတိုထွာများ

### ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့နယ်ရဲတပ်ဖွဲ့ အိန္ဒုနယ်မြေရဲစခန်းမှ စက်တင်ဘာ ၁၉ ရက်က မူးယစ်ဆေးဝါးသုံးစွဲရောင်းချခဲ့သူ အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၀ နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများမှာ စိန်ဝင်း(၆၀ နှစ်)၊ မြင့်အောင်(၄၂နှစ်)နှင့် မညွန့်သန်း(ခ)မရှောက်(၄၁နှစ်)၊ ကျော်တိုင်း(၄၂နှစ်)၊ ဒေါ်တောနက် (၃၈နှစ်)ဘားအံမြို့နေသူတို့ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

### နောင်ချို

နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ်ဇော်မျိုးလတ်ဦးစီးသော နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ စက်တင်ဘာ ၁၇ ရက်က မူဆယ်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော 6G/---GI ခရီးသည်တင်ယာဉ်ကို နောင်ချိုမြို့မော်တော်ယာဉ်ရုံးအနီး ရပ်တန့်စစ်ဆေးရာ ခရီးသည် ဇော်ဝင်း၊ ထွန်းထွန်းသန်း၊ သိန်းထိုက်တို့ သုံးဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ ပြားကို ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် နောင်ချိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

### ကြံခင်း

ကြံခင်းမြို့နယ် တလိုင်းကွင်းအုပ်စု မြို့ပတ်ကွန်ကရစ်လမ်းမပေါ်တွင် ရပ်ထားသောယာဉ်ကို ဆိုင်ကယ်ကဝင်တိုက်သဖြင့် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအနီး မြို့ပတ်လမ်းပေါ်တွင် စက်တင်ဘာ ၂၀ ရက်ညက ဝါးပိုးဝါးများ တင်ဆောင်၍ ရပ်ထားသောကားအား မြို့ရှောင်လမ်းအတိုင်း အနောက်မှအရှေ့သို့ စည်သူထွန်းမောင်းနှင်ပြီး နောက်မှ ကိုကိုဦးစီးနင်းလိုက်ပါလာသော ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ ဝါးပိုးဝါးအဖျားပိုင်းများဖြင့် ထိုးမိပြီး ဆိုင်ကယ်စီးလာသူနှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**(၀၆၉)**

### အောင်လံ

ဆင်ပေါင်ဝဲမြို့နယ် သာယာကုန်းကျေးရွာအနီး မိုင်တိုင်အမှတ်(၂၃၅/၀)နှင့် (၂၃၅/၁)အကြားတွင် စက်တင်ဘာ ၁၉ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်လံမြို့မှ ကိုးပင်ကျေးရွာဘက်သို့ ယာဉ်မောင်း ဦးလှမြင့် ဖိုလေးလုံးကျေးရွာ ဆင်ပေါင်ဝဲမြို့နယ်နေသူ မောင်းနှင်လာသောယာဉ်သည် ခရီးသည်ငါးဦး တင်ဆောင်မောင်းနှင်လာစဉ် ကိုးပင်ကျေးရွာဘက်မှ အောင်လံမြို့ဘက်သို့ အောင်လံမြို့နယ် ရွှေသူဌေးကျေးရွာနေ အေးကြိုင်မောင်းနှင်ပြီး နောက်တွင် ကျော်မြိုင် စီးနင်းလိုက်ပါလာသော ဆိုင်ကယ်နှင့် လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်ပေါ်တွင် စီးနင်းလိုက်ပါလာသူ နှစ်ဦးစလုံးနေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **သိန်းလွင် (ပြန်/ဆက်)**

### ကျောင်းကုန်း

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ရှမ်းရွာလယ်ကွင်း ဘက်ဖိုးတူးမြောင်းအတွင်း စက်တင်ဘာ ၁၉ ရက်က အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဘုရားကြီးကုန်းကျေးရွာအုပ်စု ရှမ်းရွာလယ်ကွင်းမှာ ပေ ၃၀ ခန့်ကျယ်ပြီး ခြောက်ပေခန့် ရေအနက်ရှိသော တင်ကြီးဘက်ဖိုးတူးမြောင်းအတွင်း မလှဲလှဲဝင်း(၁၇နှစ်) ဇရပ်ဆိပ်အုပ်စု ကျောင်းကုန်းမြို့နေသူမှာ ကန်စွန်းညွှန့်ခူးရန် ဘက်ဖိုးတူးမြောင်းအား ဖြတ်ကူးစဉ် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ပြီး ကမ်းစပ်နှင့် လေးပေခန့်အကွာတွင် သေဆုံးသူအား ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### တိုက်ကြီး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ရန်ကုန်-ပြည်လမ်းတိုးဂိတ်တွင် စက်တင်ဘာ ၁၈ ရက်က တရားမဝင် ကျွန်းခွဲသားများ သိမ်းဆည်းရမိခဲ့သည်။

တိုက်ကြီးမြို့ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဇော်သက်နှင့်အဖွဲ့သည် တိုက်ကြီးတိုးဂိတ်တွင် မြောက်မှတောင်ဘက်သို့ ယာဉ်မောင်း ဝင်းမင်းဆန်း(၃၄ နှစ်) ဘားအံမြို့နေသူနှင့် ယာဉ်နောက်လိုက် လှမင်းဦး(၃၁ နှစ်) ကျောက်တံတားမြို့နေသူတို့မောင်းနှင်လာသောယာဉ်ကို ရပ်တန့်စစ်ဆေးရာကျွန်းခွဲသား ၁၂၅ ချောင်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

### အင်းတော်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သံဘိုရွာအနီးတွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ် ၁၇ သိန်းကျော်ဖိုးနှင့် တရားမဝင်တမလန်းသစ်များကို စက်တင်ဘာ ၁၈ ရက်က ဖမ်းဆီးရမိခဲ့သည်။

ယင်းနေ့ ညနေ ၅ နာရီ၄၅ မိနစ်က မဲဇာရဲကင်းမှူး ရဲအုပ်စိုးလှိုင် နှင့်အဖွဲ့သည် နယ်မြေကင်းလှည့်ဆောင်ရွက်နေစဉ် သံဘိုကျေးရွာအနောက်ဘက် လယ်တောသွားလမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ နေလင်းထွန်း (ခ)ဝေမင်း ဦးအား ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၆ ပြားအား တွေ့ရှိခဲ့သည်။

အလားတူ ယင်းနေ့ ည ၁၁ နာရီခွဲက အဆိုပါအဖွဲ့သည် ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၂၇/၁) နှင့်(၂) ကြားတွင် မြောက်မှတောင်သို့ ယာဉ်မောင်း သန့်ဇင်ထွန်းမောင်းနှင်ပြီး ယာဉ်ပေါ်တွင် ကျော်ဦးနှင့် အောင်ဖြိုးတို့ လိုက်ပါလာသည့်ယာဉ်ကို ရှာဖွေရာ တမလန်းသစ်အလုံး ၂၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၃၅)

# ပြစ်မှုနှင့် ပြစ်ဒဏ်မျှတပါစေ



**ဦးဟန်ညွန့်(ဥပဒေ)**

........................

**ပြည်သူ့အသံ**

**အမှု(၁)**

ရုပ်ရှင်မင်းသမီးတစ်ဦးက သတင်းထောက် အမျိုးသမီးတစ်ဦးကိုပါးချသည်။ "ပါးရိုက်မှု" ဖြင့် တရားစွဲသည်။ တရားရုံးက ဒဏ်ငွေကျပ်တစ်ထောင် ဒဏ်ရိုက်သည်။ "ပါးတစ်ချက်ချ၊ ဒဏ်ငွေတစ်ထောင်" ဟုပြောနေကြပြီ။ "ဒို့လည်း ငွေငါးထောင်ပေးပြီး ပါးငါးချက်ချချင်၊ ရိုက်ချင်လိုက်တာ" ဟု ဟာသ သဘောပြောနေကြသတဲ့။

**အမှု(၂)**

အသက် ၁၈ နှစ်အရွယ် မိန်းကလေးကိုခိုးယူကာ အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်သည်။ ခြေထောက်ကိုလည်းသံကြိုးဖြင့်ခတ်၍ ချည်နှောင်ရိုက်နှက်သည်။ တရားခံအမျိုးသားကိုတရားရုံးကထောင်နှစ်နှစ်ချသည်။ ထိရောက်တဲ့ပြစ်ဒဏ်ဟုတ်ပါသလား။ ပြစ်ဒဏ်နှစ်ခုပေါင်းကိုမှ နှစ်နှစ်ပဲ ချတာမှန်သလားတဲ့။

**အမှု(၃)**

ဆွံ့အသူ(စကားမပြောနိုင်သူ)အမျိုးသမီးတစ်ဦးအား မုဒိမ်းမှုကျူးလွန်သည်။ ကျူးလွန်သူ အမျိုးသားအား ပြစ်မှုပုဒ်မ ၄၁၇(ကာမလိမ်လည်ရယူမှု)ဖြင့်သာ တရားရုံးက အရေးယူသည်။ တကယ်တော့ပြစ်မှုပုဒ်မ ၃၇၆ (မုဒိမ်းမှု) ဖြစ်သင့်သည်။ ဆွံ့အသူမို့ တရားခံက နည်းမျိုးစုံဖြင့် အနိုင်ကျင့်တာလား။ အများကမကျေနပ်။ ရုပ်ရှင်ရိုက်ပြီး တင်ပြ၍ကြည့်ရသည်။ အဖြစ်မှန်ဇာတ်လမ်းမို့ တရားဥပဒေနှင့် အညီဆက်လုပ်ကြမည်...တဲ့။ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတပါစေ... တဲ့။

**ပြည်သူ့အသံများမှတစ်ဆင့်**

ပြည်သူ့အသံများမှတစ်ဆင့် တရားဥပဒေမှုခင်းတွေ ကြားရသည်။ မြင်ရသည်။ လေ့လာရသည်။ သင်ခန်းစာယူစရာတွေ၊ ရှေ့ဆက်လုပ်စရာတွေ၊ ဥပဒေအသိ၊ ဥပဒေဗဟုသုတမျှဝေစရာတွေ၊ ဥပဒေပညာရှင်များ၏ တာဝန်တွေ၊ ရှေ့နေရှေ့ရပ်များ၏ စေတနာ့ဝန်ထမ်းလုပ်စရာတွေ၊ ကူညီစရာတွေ၊ အထောက်အပံ့ပေးစရာတွေ၊ ကျေးလက်တောရွာအရောက် ခရီးပေါက်ပြီး မျှဝေခံစားစရာတွေ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ သမိုင်းပေးတာဝန်တွေ များလှပေသည်။ တွေးလေ၊ မဝေးလေ။ မဝေးလေ နီးကပ်လေ။ နီးကပ်လေ ပြည်သူ့ဘဝသိလေ။ နားလည်ခံစားမိစေ...။ ဤအခြေအနေတွေ...။

**ရာဇဝတ်မှုတွေများနေသလား**

သတင်းစာဂျာနယ်များမှာနေ့စဉ်လိုလိုမှုခင်းသတင်းများဖတ်ရသည်။ ကြားရသည်။ ဖတ်ရ၊ ကြားရမသက်သာ။ လူသတ်မှု၊ လုယက်မှု၊ ခိုးဆိုးနှိုက်စသည်ဖြင့် ဖြစ်သည်။ ဘာကြောင့် ရာဇဝတ်မှုတွေများနေသလဲ။ ပြည်သူကမေးပြီ။ ကာတွန်းရေး၍ ဟာသပြောသူကပြောပြီ။ ပြစ်မှုနှင့် ပြစ်ဒဏ်မမျှတလို့၊ ပြစ်ဒဏ်က နည်းနေလို့ဟု ထောက်ပြသူတွေ ရှိသည်။ ပြစ်ဒဏ်တိုးသင့်သော ဥပဒေအချို့ ရှိသည်။ ဥပဒေပြင်မည်လား။ ရှိပြီးဥပဒေကိုရော နှစ်နှစ်ကာကာ၊ ထိထိမိမိအပြစ်ချရဲ့လား။ တရားသူကြီးက တရားခံကိုသက်ညှာသလား။ သနားနေသလား။ ရိုးရိုးသားသား သနားခြင်းလား။ အဂတိတစ်ပါးပါးကြောင့် သနားခြင်းလား။ တမင်တကာ ပြစ်ဒဏ်လျှော့ပေါ့ပေးနေခြင်းလား။ သုံးသပ်ဖို့လိုပြီ။ စိစစ်ဖို့လိုပြီ။ အထက်ရုံးများ၏တာဝန် ပီပြင်စေချင်သည်။ စဉ်းစားကြပါ။ ရာဇသတ်ကြီးကို ပြင်ထားတာ မကြာသေးပါ။ ဘာကျန်သေးသလဲ။

**ပြင်ဆင်မှုအာဏာ**

-အယူခံပြင်ဆင်အခွင့်အရေးသုံးစွဲပါ။

-တရားရုံးဆိုတာနှစ်ဖက်အမှုသည်တို့၏ အနိုင်အရှုံးကို ဆုံးဖြတ်ပေးရတာပါ။ မနိုင်မရှုံး သရေ အဆုံးအဖြတ်ပေး၍ ရသော ရုံးမဟုတ်ပါ။ တရားရုံး၏အဆုံးအဖြတ်ကို မကျေနပ်သူတွေရှိနေမှာ ဓမ္မတာပါ။

-တရားသူကြီးဆိုတာလည်း မဟော်သဓာလို ဘယ်သူမှန်၊ ဘယ်သူမှား မိမိအလိုအလျောက် ခွဲခြားသိနိုင်စွမ်းရှိသူမဟုတ်ပါ။ သက်သေခံအထောက်အထားများနှင့် ဥပဒေပြဋ္ဌာန်းချက်များအပေါ် ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံပညာရပ်များနှင့်အညီ အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းပါ။

## ပြစ်မှုနှင့် ပြစ်ဒဏ်မမျှတလို့၊ ပြစ်ဒဏ်က နည်းနေလို့ဟု ထောက်ပြသူတွေ ရှိသည်။ ပြစ်ဒဏ်တိုးသင့်သော ဥပဒေအချို့ ရှိသည်။ ဥပဒေပြင်မည်လား။ ရှိပြီးဥပဒေကိုရော နှစ်နှစ်ကာကာ၊ ထိထိမိမိအပြစ်ချရဲ့လား။ တရားသူကြီးက တရားခံကို သက်ညှာသလား။ သနားနေသလား။ ရိုးရိုးသားသား သနားခြင်းလား။ အဂတိတစ်ပါးပါးကြောင့် သနားခြင်းလား။

**-မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ လက်အောက်တရားရုံးများ၏ အဆုံးအဖြတ်သည် အပြီးအပြတ်မဟုတ်သေးပါ။** အထက်ရုံးများသို့ အယူခံတက်ရောက်ခွင့်၊ ပြင်ဆင်မှုတက်ရောက်ခွင့်ရှိပါသည်။ ဥပဒေအရအခွင့်အရေးရှိပါသေးလျက် အယူခံမတက်၊ ပြင်ဆင်မှုမတက်၊ တိုင်စာပို့ တရားရုံးကို ဆန္ဒပြတယ်ဆိုတာ ဥပဒေမဲ့လုပ်ရပ်တွေပါ။ တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေသော လုပ်ရပ်တွေပါ။ တရားရုံးကိုလည်း မထီမဲ့မြင်ပြုရာရောက်တဲ့လုပ်ရပ်တွေပါ။

အမှုအတွက်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည်သာအပြီးအပြတ်ပါ။

**[တရားရေးဂျာနယ်၊ အတွဲ-၃၊ အမှတ် ၅၊ စာမျက်နှာ-၁၃၅]**

**ပြင်ဆင်မှုသဘောသဘာဝ**

ပြင်ဆင်မှုတင်နိုင်သော သဘောသဘာဝမှာ-

(၁) တိုင်လျှောက်လွှာအား ပယ်သည့်အမိန့် ပယ်ဖျက်ပေးရန်

(၂) တရားခံအား တရားရှင်လွှတ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန်

(၃) တရားခံအပေါ်စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန်

(၄) မူလရုံး၏ မှုခင်းဆောင်ရွက်ချက်တစ်ရပ်ရပ်အပေါ် ဥပဒေနှင့်ညီ၊ မညီစိစစ်ပေးရန်၊ ပြင်ဆင်မှုတို့ဖြစ်ပါသည်။ အယူခံဝင်ခွင့်မရှိသည့်အမှုကို ပြင်ဆင်မှုတင်သွင်းခြင်း၊ တရားခံအပေါ် ချမှတ်သည့်ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် ပြင်ဆင်မှုတင်သွင်းခြင်းတို့ဖြစ်သည်။

**အရပ်သားတစ်ဦး**

အစိုးရကလျှောက်ထားခြင်းမပြုသော်လည်း အရပ်သားတစ်ဦး(Private Person)အနေဖြင့် တရားခံအပေါ် တရားရုံးက ချမှတ်ထားသော ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။ **(ပြစ်မှုကျင့်ထုံးပုဒ်မ ၄၃၉)**

**တရားမျှတမှုကင်းမဲ့လောက်အောင်**

ပြင်ဆင်မှုကို ကြားနာသောတရားရုံးအနေဖြင့် မူလရုံးက ချမှတ်ထားသော ပြစ်ဒဏ်ကို မိမိ၏ ထင်မြင်ချက်နှင့်ကွာခြားရုံမျှဖြင့် ဝင်ရောက် စွက်ဖက်အပ်သည်မဟုတ်ပေ။ တရားမျှတမှုကင်းမဲ့လောက်အောင် အလွန်အမင်းလျော့နည်းလွန်းသည်ဟု သိသာထင်ရှားစွာ ပေါ်ပေါက်သောအမှုမျိုး၌သာ ပြင်ဆင်မှုကိုကြားနာသောတရားရုံးက ဝင်ရောက်စွက်ဖက်ကြ ပြင်ဆင်တိုးမြှင့်ပေးလေ့ရှိကြောင်းကို စီရင်ထုံးများက ထောက်ပြခဲ့ဖူးသည်။ သတိချပ်ဖွယ်ဖြစ်သည်။

**အယူခံအခွင့်အရေး**

ပြင်ဆင်မှုအခွင့်အရေးရှိသကဲ့သို့ အယူခံအခွင့်အရေးလည်းရှိသည်။ ဤအချက်ကို မမေ့သင့်။ ပြစ်ဒဏ်ကျခံရသော တရားခံများမှာ ကျခံရသော ပြစ်ဒဏ်အတွက် အယူခံခွင့်ရှိကြသည်။ အယူခံတရားရုံးများက ကြားနာပြီး သုံးသပ်၍ အဆုံးအဖြတ်ပေးသည်။ စီရင်ထုံးများက ပြဆိုသည်။

**အယူခံမဝင်သော်ငြား**

အကြောင်းအမျိုးမျိုးကြောင့် အယူခံ ဝင်ရောက်မလာသော ပြစ်ဒဏ်ကျခံနေရသူ (တရားခံ) ၏ အခွင့်အရေးကိုလည်း မျက်ကွယ်ပြုမထားပါ။ ဥပဒေနှင့်အညီ စဉ်းစားဆုံးဖြတ်ပေးပါသည်။ သာဓကတစ်ရပ်မှာ- နိုင်ငံတော်တရားရုံးချုပ် ၂၀၀၈၊ တရားစီရင်ထုံး၊ စာမျက်နှာ ၄၉၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှု ၂၅/၂၀၀၈ ကို ရည်ညွှန်းပါသည်။

"ဤအထူးအယူခံမှုတွင် နန်းကြာမုံသည် အယူခံဝင်ရောက်ခြင်းမရှိပေ။ နန်းကြာမုံနှင့်မနာခူးတို့သည် ပြစ်မှုဆိုင်ရာ အမှုကြီးတစ်မှုတည်းတွင် အတူပူးတွဲ စွဲဆိုခံရသူများဖြစ်ကြသည်။ မူးယစ်ဆေးဝါးဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အပြစ်ရှိကြောင်းကောက်ယူဆုံးဖြတ်ချက်ကို ထောက်ခံသော သက်သေခံအထောက်အထားမရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ နန်းကြာမုံက တရားရုံးချုပ်သို့ အထူးအယူခံဝင်ရောက်ခြင်းမရှိသော်လည်း နန်းကြာမုံအပေါ် ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အား ဝင်ရောက်စွက်ဖက်ပြီး နန်းကြာမုံနှင့်စပ်လျဉ်း၍ ဤအမှု၌ အမိန့်ချမှတ်သင့်ကြောင်း တွေ့ရှိရသည်။ တရားရုံးအဆင့်ဆင့်က နန်းကြာမုံအပေါ် မူးယစ်ဆေးဝါး ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အားပယ်ဖျက်ပြီး အမှုမှ အပြီးအပြတ်လွှတ်ကြောင်းအမိန့်ချမှတ်လိုက်သည်ဟု ဆုံးဖြတ်ခဲ့ဖူးသည်။"

**ပြင်ဆင်မှုတွင် လျှောက်ထားသူအဖြစ် ပါဝင်ခြင်းမရှိခဲ့သူ**

ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၂(ဃ) ကို ရည်ညွှန်းသည်။ ပြင်ဆင်မှုတွင် လျှောက်ထားသူအဖြစ် ပါဝင်ခြင်း မရှိခဲ့သည့် မူလရုံး ပူးတွဲတရားခံအပေါ် ချမှတ်ထားသော အမိန့်ကို ပြင်ဆင်မှုရုံးက ဝင်ရောက်စွက်ဖက်နိုင်ခြင်းရှိ၊ မရှိ ပြဿနာဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဒွေးရှေ့တွင် စီရင်ခဲ့သော ဒေါ်သန်းသန်းနွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်- ပါ - ၂အမှု(၉၊ နိုဝင်ဘာလ၊ ၂၀၁၂) ၂၀၁၂၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅၀(ခ) နှင့် ၂၅၁(ခ) ဖြစ်ပါသည်။ ထပ်မံဆုံးဖြတ်ချက်မှာ ဒေါ်သန်းသန်းနွဲ့ ကိုယ်တိုင် လိမ်လည်မှုကျူးလွန်ကြောင်း မပေါ်ပေါက်သည့် အခြေအနေတွင် မစိုးမြတ်သူဇာဝင်းသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုတင်သွင်းခြင်းမပြုခဲ့သော်လည်း ပြင်ဆင်မှုရုံး၏ လုပ်ပိုင်ခွင့်အရ မစိုးမြတ်သူဇာဝင်းအတွက်ပါ ဤအမှုတွင် ထည့်သွင်းအမိန့်ချမှတ်သင့်ပေသည်။ ထို့ကြောင့် မူလရုံးအမိန့်များကို ပယ်ဖျက်ပြီး တရားခံနှစ်ဦးစလုံးကို အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည်။ အဓိကအချက်များကိုသာ ကောက်နုတ်ဖော်ပြရေးတာပါ။

**ပြင်ဆင်/အယူခံသင်ခန်းစာ**

အထက်ပါ ပြင်ဆင်မှု၊ အယူခံမှုများက ဥပဒေဗဟုသုတ အတော်အတန်ရပေမည်။ လူငယ်ရှေ့နေများဆက်လက်လေ့လာစရာတွေများစွာ ကျန်သေးသည်။ ဥပဒေ အသိပညာတွေ လူထုကြားမှာ ဝေငှကြရဦးမည်။ ဟောပြောကြရဦးမည်။ အထောက်အကူပြုကြရဦးမည်။ **တာဝန်ယူနိုင်ကြပါမည်လား။**

**တိုင်စာတွေလျှော့ပါးဖို့**

တရားရေးကို မကျေနပ်၍ တိုင်စာတွေပို့ကြသည်။ အချို့တိုင်စာများ မှန်သည်။ အချို့တိုင်စာများ မမှန်။ စပြီးတိုင်ကတည်းက မမှန်၊ ဘာကြောင့်လဲ။ မတိုင်သင့်တာတိုင်ကြသည်။ အထင်အမြင် လွဲမှားနေခြင်းသာဖြစ်သည်။ ဥပဒေကိုမသိ၊ လုပ်ထုံးကိုမသိ၊ စနစ်ကိုမသိ။ သိသူကလည်း ရှင်းမပြ။ သဘာဝမကျ၊ ထိုအခါတရားရုံးကို အထင်လွဲသည်။ ဥပဒေအရာရှိကို အမြင်လွဲသည်။ ရဲကို အကောင်းမထင်၊ မြင်မြင်သမျှမယုံကြည်၊ ယုံကြည်အောင်လည်း ပတ်ဝန်းကျင်က တာဝန်မကျေ၊ ပညာမပေး။ စနစ်အမှန်ကို ပြောမပြကြ။ ထိုအခါ လွယ်လွယ်ကူကူ၊ တိုင်စာရေးကြလေတော့သတည်း။ လိုရင်းသို့ မရောက်နိုင်တော့ပါတကား-။

**တင်ပြချက်**

ခက်ခဲသော၊ ရှုပ်ထွေးသောဥပဒေလုပ်ထုံးတွေကို အများနားလည်အောင် အကူအညီပေးဖို့ တွေးမိသော ကျွန်တော့်ဥပဒေအတွေးမျှသာပါ...။

---

## မသန်စွမ်းမိသားစုဝင်များသို့ ရိက္ခာများထောက်ပံ့

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၂**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက် အင်္ဂါပတ်ဆွမ်းလောင်းဓမ္မာ ရုံ၌ စက်တင်ဘာ ၂၁ ရက်က မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့နှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းတို့မှ ငါးသိုင်းချောင်းမြို့ပတ်ဝန်းကျင်ရပ်ကွက်နှင့် ကျေးရွာများရှိရေဘေးသင့် မသန်စွမ်းမိသားစုဝင်အိမ်ထောင်စုများကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ရေဝင်နစ်မြုပ်ဒဏ်ခံရသည့် မသန်စွမ်းအသင်းဝင်များအား နှစ်စဉ်ထောက်ပံ့လှူဒါန်းပေးလျက်ရှိပြီး မသန်စွမ်းအသင်းဝင်များအား ဆက်လက်ကူညီစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(ငါးသိုင်းချောင်းမြို့)ရုံးခွဲမှ တာဝန်ခံ ဒေါ်မြတ်ငြိမ်းဖြူက ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## တောမဲ့မြေသား၊ ရေတိုက်စား၏။

---

## အင်္ဂလိပ်ရုပ်ပြစာအုပ်များ ဖတ်ရှုစေခြင်းနှင့် Book Review ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၂**

ကျောင်းသားကျောင်းသူများ ဗဟုသုတရရှိစေရန်၊ အင်္ဂလိပ်စာအုပ်ကို ဖတ်တတ်သည့် အလေ့အကျင့်ရရှိစေရန်၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုရရှိစေရန်၊ ဝေါဟာရ ကြွယ်ဝစေရန်စသော ရည်ရွယ်ချက်ဖြင့် British Council Library မှ ငှားရမ်းပေးသော အင်္ဂလိပ်ရုပ်ပြစာအုပ်များအား ဖတ်ရှုစေခြင်း၊ Book Reviews ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၀ ရက်က အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ရာ နဝမတန်း ကျောင်းသား ကျောင်းသူများက ဖတ်ရှုခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ပြည်ပမှဖိုက်ဘာသပိတ်နှင့်စတီးသပိတ်များတင်သွင်းလာမှုကြောင့် သံသပိတ်လုပ်ငန်းများမျိုးဆက်ခံမည့်သူရှားပါး

**စဉ့်ကိုင် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝရှေးဟောင်းမြို့တော်၌ ရှေးနှစ်ပေါင်းများစွာမှစ၍ မြေသပိတ်လုပ်ငန်း၊ သံသပိတ်လုပ်ငန်း၊ နှီးသပိတ်လုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင် လာခဲ့ကြပြီး ယခုနောက်ပိုင်းတွင် တရုတ်နိုင်ငံဘက်မှ ဖိုက်ဘာသပိတ်နှင့်စတီးသပိတ်များ တင်သွင်းလာမှုကြောင့် အင်းဝဒေသမှ မြေသပိတ်လုပ်ငန်းများမှာ ကွယ်ပျောက်လုနီးပါးရှိနေပြီး သံသပိတ်နှင့် သစ်စေးသရိုးကိုင် နှီးသပိတ်လုပ်ငန်းများမှာလည်း လက်ရှိလုပ်ကိုင်နေသူ နှစ်ဦးသုံးဦးခန့်သာရှိတော့ကြောင်း သိရသည်။

ရှေးယခင်က နှစ်စဉ်လိုလို သပိတ်အလုံးရေသောင်းချီပြီး လက်မလည်အောင် ထုတ်လုပ်ရောင်းချခဲ့ရသော်လည်း ယခုအခါတွင် သပိတ်အလုံးရေ ၂၀၀၀ မှ ၇၀၀၀ ခန့်အထိသာ တင်ပို့နိုင်တော့ကြောင်း၊ အဓိကဈေးကွက်မှာ အောက်မြန်မာပြည်ဈေးကွက်ဖြစ်ပြီး ရန်ကုန်၊ မော်လမြိုင်၊ ပြည်၊ ပဲခူး၊ ဟံသာဝတီနှင့် ရှမ်းပြည်နယ်၊ လားရှိုးမြို့များသို့ အဓိကတင်ပို့ပေးနေကြောင်း၊ ထုတ်လုပ်ရာတွင် ရှင်ဆောင်သပိတ်(သပိတ်ငယ်)၊ ဦးပဉ္စင်းကိုင်(သပိတ်လတ်)နှင့် ဘုန်းတော်ကြီးကိုင် (သပိတ်ကြီး) များအပြင် နေအိမ်များတွင် ဘုရားဆွမ်းတော်တင်ရန် သပိတ်အသေးလေးများလည်း ထုတ်လုပ်ကြောင်း သိရသည်။

ယခုအခါတွင် အချို့လုပ်ငန်းရှင်များမှာ တစ်ဖက်နိုင်ငံမှ တင်သွင်းလာသော ခေတ်ပေါ်သပိတ်များနှင့်ယှဉ်ပြိုင် ရောင်းချနိုင်ရန်အတွက် လုပ်ငန်းစဉ်အဆင့်များ လျှော့ချလာကြပြီး သစ်စေးသုတ်၊ သရိုးကိုင်၊ မြေတိုက်သိပ်ခြင်းများ မလုပ်ကြတော့ကြောင်း၊ ချေးချွတ်ပြီးပါက တိုက်သုတ်ဆေးများ၊ ပေါင်းဆေးများ၊ သဘော်ဆေးများ၊ မှုတ်ဆေးများအသုံးပြု၍ အရေအတွက်များများ စုဆောင်းထုတ်လုပ်ပြီး မန္တလေးဈေးကွက်တွင် သပိတ်တစ်လုံးလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်ဈေးဖြင့် ရောင်းချနေကြကြောင်း သိရသည်။

မြန်မာ့ရိုးရာသပိတ်လုပ်ငန်းများမှာ ပညာဆက်လက်သင်ယူမည့်သူမရှိဘဲ မျိုးဆက်သုဉ်း ပျောက်ကွယ်ရတော့မည့် အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း အင်းဝမြို့ မြန်မာ့နွယ်စင် သစ်စေးသရိုးကိုင် သံသပိတ်၊ ယွန်းသပိတ်လုပ်ငန်းမှ အထွေထွေ မန်နေဂျာ ဦးလှမြင့်က ပြောသည်။

"ကျွန်တော်တို့ မြန်မာ့နွယ်စဉ်ရိုးရာ သစ်စေသရိုးကိုင် သပိတ်လုပ်ငန်းကို နိုင်ငံတော်အစိုးရဆီမှာ ရေစ္စစရီပြုလုပ်ပြီး လုပ်ကိုင်ခဲ့တာကြာပါပြီ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ ကျော်လောက်က စတင်ပြီး လုပ်ကိုင်လာခဲ့တာဖြစ်ပါတယ်။ မျိုးဆက်သုံးဆက်ကျော် လက်ဆင့်ကမ်းလုပ်ကိုင်လာခဲ့ကြတာဖြစ်ပါတယ်။ သပိတ်ငယ်လေးတွေက ကိုရင်ငယ်လေးတွေ ၄၅ လုပ် စာ၊ သပိတ်လတ်တွေက ကိုရင်ကြီးနဲ့ ဦးပဉ္စင်းလတ်တွေ ၄၅ လုပ်စာဖြစ်ပြီး သပိတ်ကြီးတွေက သံဃာတော်ကြီးတွေရဲ့ ၄၅ လုပ်စာဆံ့အောင် စီမံပြုလုပ်ရပါတယ်။ မြတ်စွာဘုရားရှင် ဘုရား မဖြစ်မီ ရွှေခွက်ထဲက ဃနာနို့ဆွမ်း ၄၅ လုပ် ဘုဉ်းပေးခဲ့တာကို ရည်ရွယ်စီမံလုပ်ဆောင် ထားတာ



ဖြစ်ပါတယ်။ အရင်က ဒီအလုပ်တိုက်မှာ အလုပ်သမား၃၀-၄၀ နဲ့လုပ်တဲ့အပြင် ရပ်ကွက်ထဲမှာလည်း လက်ခွဲတွေအများကြီးထားရပါတယ်။ အခုတော့ ကျွမ်းကျင်ပင်တိုင် အလုပ်သမား ၁၀ ဦးလောက်နဲ့လုပ်ငန်းလည်ပတ်နေရပါတယ်။ မျိုးဆက်သစ် သင်ယူလုပ်ကိုင် သူလည်း မရှိသလောက်နည်းပါးသွားပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။ **အောင်မင်း(စဉ့်ကိုင်)**

# သာသနာ့မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် မြေလွတ်များကို ခြံစည်းရိုးကာရံနိုင်ရေးစီစဉ်ဆောင်ရွက်

**လှိုင်ကော် စက်တင်ဘာ ၂၂**

ကယားပြည်နယ် လွိုင်ကော်မြို့၏အထင်ကရ ရတနာသီရိတောင်တော်၊ သာသနာ ၂၅၀၀ တောင်တော်၊ ဘေးမဲ့တောင်တော်၊ ရွှေလက်ဝါး တောင်တော်၊ တောရဂူတောင်တော်၊ မြကလပ်တောင်တော်၊ နေစက်လစက်စေတီတော်တို့တည်ရှိရာ သာသနာ့နယ်မြေများအတွင်း လူပုဂ္ဂိုလ်အချို့က ဥပဒေမဲ့ကျူးကျော်ဝင်ရောက် ပြုလုပ်လျက်ရှိကြသောကြောင့် ကျူးကျော်မှုများမှကာကွယ်ရန် သာသနာ့နယ်မြေအတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သာသနာ့မြေအလွတ်များကို ခြံစည်းရိုး ကာရံသွားနိုင်ရေးအတွက် သာသနာ့မြေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသာသနာ့နယ်မြေအတွင်း ဘုန်းတော်ကြီးကျောင်းရှစ်ကျောင်း၊ သီလရှင်ကျောင်းတစ်ကျောင်း၊ စေတီပုထိုးနှင့် သာသနိက အဆောက်အအုံများတည်ရှိသည်။ ဘုန်းတော်ကြီးကျောင်းအချို့နှင့် သာသနာ့မြေအဖြစ် သတ်မှတ်ထားပြီးဖြစ်သော မြေလွတ်များတွင် ခြံစည်းရိုးကာရံထားမှုမရှိခြင်း၊ နယ်နိမိတ်မှတ်တိုင်ခိုင်မာစွာ စိုက်ထူထားမှုမရှိခြင်းတို့ကြောင့် လူပုဂ္ဂိုလ်အချို့က ကျူးကျော်ဝင်ရောက်ကာ နေအိမ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ခြံရှင်းခြင်း၊ စီးပွားရေးလုပ်ငန်းများဝင်ရောက်လုပ်ကိုင်လာခြင်းတို့ ပြုလုပ်လာကြကြောင်း သိရသည်။

"တောရဂူကျောင်းနဲ့ သာသနာ ၂၅၀၀ ကျောင်းတွေရဲ့ကျောင်းဝင်းတွေထဲမှာဆိုရင် လူနေအိမ်ခြေတွေအတော်များနေပြီ။ နောက်နောင် ဆိုရင် ဘုန်းတော်ကြီးကျောင်းတွေတောင် ပျောက်ကွယ်သွားမှာစိုးရိမ်ရတယ်။ ရွှေလက်ဝါးတောင်တော်နဲ့ မြကလပ်တောင်တော်တွေ တစ်ဝိုက်မှာလည်း ခြံစည်းရိုးကာတာတွေ၊ ချုံရှင်းတာတွေ လုပ်နေကြပါတယ်။ ဒီလိုမလိုလားအပ်တဲ့ ကိစ္စရပ်တွေကို ကာကွယ်နိုင်ဖို့အတွက် ကျွန်တော်တို့ကျောင်းအလိုက် ခြံစည်း ရိုးဝင်းကာရံတာတွေ၊ နယ်နိမိတ်မှတ်တိုင်စိုက်ထူတာတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု သာသနာ့မြေများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ သာသနာ့မြေအတွင်းကျူးကျော်နေထိုင်သူများထံသို့ ဆက်လက် ကျူးကျော်နေထိုင်ခြင်းမပြုရန်အတွက် အကြောင်းကြားစာပေးပို့ခြင်း၊ တွေ့ဆုံရှင်းလင်းပြောကြား ဆွေးနွေးခြင်းများပြုလုပ်လျက်ရှိရာ ကျူးကျော်နေထိုင်သူအချို့မှာ ဆက်လက်နေထိုင်ခွင့်ပြု နိုင်ရေးအတွက် အသနားခံစာတင်ခြင်း၊ ဆန္ဒပြမည်ဟုခြိမ်းခြောက်ပြောကြားခြင်းတို့ ပြုလုပ်နေကြကြောင်း သိရသည်။

ယင်းနေရာသည် တောင်ကုန်း၊ တောင်ထွတ်များနှင့် သာယာလှပသော သဘာဝအနေအထားရှိပြီး စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာ အပန်းဖြေလျက်ရှိရာ ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် နေရာဒေသတစ်ခုအဖြစ် တည်ရှိနေကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

# ပြည်သူ့စာကြည့်တိုက်တွင် ကလေးတို့ကမ္ဘာပျော်စရာများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၂**

တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၊ ဗဂျီအိမ်စာကြည့်တိုက်၊ အားမာန်သစ်စာကြည့်တိုက်၊ ကျောက်မြောင်းစာဖတ်အသင်း၊ မေတ္တာညွန့်ရွှေလျားစာကြည့်တိုက်တို့ပူးပေါင်း၍ စက်တင်ဘာ ၂၀ ရက်က မြို့နယ်ရုံးပြည်သူ့ စာကြည့်တိုက်ခန်းမ၌ ကလေးတို့ကမ္ဘာပျော်စရာအစီအစဉ်များ



ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်ခန်းမတွင် ကျောင်းသားကျောင်းသူ ကလေးငယ်များက ရုပ်ပုံများကို ဆေးရောင်စုံခြယ်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှလှမြင့်က ကျောင်းသားလူငယ်များ ဉာဏ်ရည်ထက်မြက်စေရန်အတွက် ကိုယ်လက်လှုပ်ရှား ဂိမ်းကစားခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဗဂျီအိမ်စာကြည့်တိုက်မှ ဦးမောင်မောင်စိုးက "စာဖတ်ကြစို့" တေးသရုပ်ဖော်ဗီဒီယိုကို ပြသပြီး မေတ္တာညွန့် ရွှေလျားစာကြည့်တိုက်မှ ဦးမျိုးမင်းထွန်းနှင့် ကျောက်မြောင်း စာဖတ်အသင်းမှ ဦးထီးတို့က ကလေးငယ်များအား ပုံပြောခြင်းနှင့်စကားပြော နှုတ်စွမ်းရည်မြင့်မားစေရေးအတွက် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**လှလှ**

မြန်မာ့အလင်း

## စာတည်းထံပေးစာများ

### ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံများဖယ်ရှားပေးစေလို

နေပြည်တော် တပ်ကုန်းမြို့နယ်အနောက်ရထာရပ်ကွက် အောက်သီဟကတ္တရာလမ်းမကြီး၏ဘေး စည်ပင်လမ်းနယ်နိမိတ်အတွင်းတွင် ဈေးဆိုင်အဆောက်အအုံများ အခိုင်အမာဆောက်လုပ်ထားသဖြင့် လူသွားလမ်းဟောင်းပျောက်ဆုံးပြီး ပြည်သူများ သွားလာရေးအဆင်မပြေဖြစ်နေပါသည်။ မြို့နယ်စည်ပင်သာယာရေးသို့ ပြည်သူများမှ အသိပေးတိုင်ကြားသော်လည်း ယနေ့တိုင်အကြောင်းတစ်စုံတစ်ရာမျှ ထူးခြားမှုမရှိခဲ့ပါ။ အဆိုပါအဆောက်အအုံများကြောင့် မိုးတွင်းကာလ၌ စည်ပင်ရေနုတ်မြောင်းများ ပိတ်ဆို့ပြီး ကားလမ်းပေါ်တွင် ရေကျော်ကာရေရှည်တွင်ကတ္တရာလမ်းများပင် ယိုယွင်းပျက်စီးမည့်အခြေအနေနှင့် ရင်ဆိုင်နေရပါသောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ/သားများ**

### ရေစီးလမ်းကြောင်းမရှိသော ရေဗွက်အိုင် ရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဉ်ငူရပ်ကွက် ငါးခန်းတွဲ(၃)လမ်းတွင် မူရင်းရေစီးလမ်းကြောင်းအား ပိတ်ဆို့ပြီး ခြံစည်းရိုးကာထားခြင်း၊ ကွန်ကရစ်လမ်းမပေါ်တွင် သဲအိတ်များစီကာချထားခြင်းကြောင့် ရေစီးလမ်းကြောင်းမရှိသောကြောင့် ပြည်သူများသွားလာရန်အခက်အခဲဖြစ်နေပြီး ယင်းဗွက်အိုင်မှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ/သားများ**

### သားသတ်ရုံအားဖယ်ရှားပြီးစီး

ဇွန် ၃၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် တာပေါင်ကြား လမ်းပျဉ်းမနား တောင်လက်ထိပ်ကျောင်းစု(တောင်)ရပ်ရှိသားသတ်ရုံအားသက်ဆိုင်ရာမှ ရွှေ့ပြောင်းပေးနိုင်ပါရန် ပေးစာနှင့်ပတ်သက်၍ဇူလိုင် ၂ ရက်မှစပြီး အဆိုပါ သားသတ်ရုံအား ပိတ်သိမ်းကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# စပါးမျိုးကွဲပယ်ခြင်း လက်တွေ့ကွင်းဆင်းပြသ

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မျိုးစေ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)စပါးသီးနှံဌာနတွင် မျိုးစေ့နှင့်ပတ်သက်၍ သင်တန်းပို့ချလျက်ရှိရာ အဆိုပါသင်တန်းတက်ရောက်နေသော သင်တန်းသား ၅၀ အား စပါးမျိုးကွဲပယ်ခြင်း လက်တွေ့ကွင်းဆင်းပြသခဲ့သည်။

ထိုသို့ပြသရာတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်၏ဦးဆောင်မှုဖြင့် စက်တင်ဘာ ၂၀ ရက်က ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာအုပ်စု ဧက ၉၀၀ အဆင့်မြင့်လယ်ယာရှိ ကွင်းအမှတ်(၁၆၄၃)တွင် စိုက်ပျိုးထားသော တောင်သူဦးဌေးအောင်၏ မျိုးသန့်မျိုးပွားစိုက်ခင်း(ဆင်းသုခ)တွင် လက်တွေ့ကွင်းဆင်း၍ စပါးမျိုးကွဲပယ်ခြင်း ပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တစ်ကျော့ပြန်ခြေစွမ်းတွေနဲ့ ဆက်လက်စောင့်ကြည့်ရဦးမယ့်

## ကာဗာနီ

**ဥရုဂွေးတိုက်စစ်မှူးကာဗာနီဟာ ပါရမီရှင်ကစားသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတွေထဲမှာတော့ တစ်ဦးအပါအဝင်လို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် ကံဆိုးတယ်လို့ပဲ ပြောရမလား။ တိုက်စစ်မှူး ကာဗာနီဟာ ဘောလုံးပရိသတ်တွေအတွက်တော့ အမေ့ခံကစားသမားတစ်ဦးအဖြစ် ရောက်ရှိနေခဲ့တာ နှစ်အတော်လေးကိုကြာခဲ့ပြီလို့ ပြောရမလိုတောင် ဖြစ်နေပါတယ်။ တိတိကျကျ ပြောရမယ်ဆိုရင်တော့ ၂၀၁၃ ခုနှစ်၊ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း ကာဗာနီရဲ့တောက်ပမှုတွေဟာ အတော်ကလေးကို မှေးမှိန်ခဲ့တာကလည်း အမှန်လို့ဆိုရမှာပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ရက်ပိုင်းက ကိန်းနဲ့ကစားခဲ့တဲ့ပွဲ။ အဲ့ဒီပွဲမှာ ကာဗာနီရဲ့ခြေစွမ်းက အကောင်းဆုံးရှိခဲ့တာကြောင့် အမေ့ခံတိုက်စစ်မှူးတစ်ဦးရဲ့ တစ်ကျော့ပြန်ခြေစွမ်း ပြန်လာပြီလားလို့တောင် လူတိုင်းက ထင်နေခဲ့ကြပါတယ်။**

ကာဗာနီဟာ ပြီးခဲ့တဲ့သုံးနှစ်အတွင်း မေ့လျော့ခံကစားသမားတစ်ဦးအဖြစ် ရှိနေခဲ့ပေမယ့် နာပိုလီအသင်းအတွက် စီးရီးအေမှာ ကစားခဲ့စဉ်ကတော့ အီတလီမြေရဲ့အတောက်ပဆုံးကစားသမားတစ်ဦးအဖြစ်သာမက ချန်ပီယံလိဂ်မှာပါ ခြေစွမ်းတွေပြသနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ပါရီမှာတော့ နေပဲလ်မှာလို ခြေစွမ်းမျိုးတွေ ထုတ်မပြနိုင်ခဲ့တာကတော့ အမှန်ပါပဲ။ ပီအက်စ်ဂျီအသင်းမှာ အီဘရာဟီမိုဗစ်ရှိနေခဲ့တာကြောင့် တစ်ခါတစ်ရံ တောင်ပံထွက်ကစားခဲ့ရပေမယ့် အသင်းအတွက် လုံလောက်တဲ့ ကူညီမှုမျိုးကိုတော့ ပေးစွမ်းနိုင်ခြင်းမရှိခဲ့တာကတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း တချို့ အီဘရာဟီမိုဗစ်ရဲ့ လောင်းရိပ်ကို ကာဗာနီအနေနဲ့ မဖြတ်ကျော်နိုင်ဖူးလို့လည်းဆိုကြပါတယ်။

ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ တိုက်စစ်မှူးအီဘရာဟီမိုဗစ်အသင်းက နေထွက်ခွာသွားတာကြောင့် ကာဗာနီရဲ့တစ်ချိန်တုန်းကလို့ ခြေစွမ်းတွေ ပီအက်စ်ဂျီအသင်းမှာ ပြသနိုင်လာမလားဆိုပြီလည်း မျှော်လင့်နေခဲ့တဲ့သူတွေ ရှိလာခဲ့ကြပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီအစမှာတော့ လူတိုင်းထင် သလိုဖြစ်မလာခဲ့ပါဘူး။ ကာဗာနီဟာ ပီအက်စ်ဂျီအသင်းရဲ့ အစပိုင်းနှစ်ပွဲလောက်မှာ သတိထားဖွယ်ကောင်းလောက်တဲ့ အမှားတွေကျူးလွန်ခဲ့တာကြောင့် ယခင်နှစ်တွေကလိုပဲ အသင်းအတွက်




အကောင်းဆုံးဖြစ်မလာနိုင်ဘူးလို့လည်း သုံးသပ်သူတွေရှိနေခဲ့ပါတယ်။

ဒါပေမယ့် မကြာသေးခင်ကမှ ကာဗာနီရဲ့ ခြေစွမ်းက လူတိုင်းအတွက် စတင်သတိထားစရာ ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်ရာသီအစမှာ ပီအက်စ်ဂျီအသင်းအနေနဲ့ ရလဒ်ကောင်းတွေရရှိဖို့ ရုန်းကန်နေရတဲ့အချိန်မှာတော့ ကာဗာနီရဲ့ခြေစွမ်းပိုင်းဟာ ပိုမိုကောင်းမွန်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မိုနာကိုအသင်းနဲ့ပွဲမှာ ပီအက်စ်ဂျီအသင်းဟာ ၃-၁နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ကာဗာနီကတော့ အသင်းအတွက် တစ်လုံးတည်းသော ဂိုးကိုသွင်းယူပေးနိုင်ခဲ့ပါတယ်။ စိန့်အီတီယန်အသင်းနဲ့ပွဲမှာလည်း ဂိုးမသွင်းယူနိုင်ပေမယ့် အသင်းမှာ အကောင်းဆုံးခြေစွမ်းတွေနဲ့ ကစားနိုင်ခဲ့ပါတယ်။ အာဆင်နယ်အသင်းနဲ့ ချန်ပီယံလိဂ်ပွဲမှာလည်း အသင်းအတွက် တစ်လုံးတည်းသောဂိုးကို သွင်းယူပေးနိုင်သူဖြစ်ပါတယ်။ ဒ့ါအပြင် ကိန်းနဲ့ပွဲမှာ အသင်းအတွက် လေးဂိုးသွင်းယူပေးခဲ့ပြီးတဲ့နောက်မှာတော့ ပရိသတ်တွေရဲ့မျှော်လင့်ချက်ဟာ ကာဗာနီအပေါ်မှာ တစ်ဖန်ပြန်လည်တောက်ပလာခဲ့ပြန်ပါတယ်။

ဒါပေမယ့် ပရိသတ်တွေရဲ့ ကာဗာနီအပေါ်မှာ ယုံကြည်မှုတွေရှိလာခဲ့တာကတော့ ဂိုးသွင်းယူနိုင်မှုတစ်ခုတည်းကြောင့်တော့မဟုတ်ပါဘူး။ ကာဗာနီရဲ့ လှုပ်ရှားမှု၊ ကွင်းလယ်နဲ့ ခံစစ်အတွက် အားဖြည့်ကူညီပေးမှု၊ ဘောလုံး ပိုင်ဆိုင်မှု၊ လိုအပ်တဲ့နေရာကို လိုအပ်သလို ကစားနိုင်စွမ်းရှိမှုတွေကြောင့်လို့ ပြောရမှာဖြစ်ပါတယ်။ အဲ့ဒီအရာတွေကို ကာဗာနီဆီမှာ မတွေ့ခဲ့ရတာ အတော်ကလေးကို ကြာခဲ့ပြီလို့လည်း ပြောရမှာဖြစ်ပါတယ်။ အခုတော့ ကာဗာနီဟာ နည်းပြသစ်အန်မရီရဲ့လက်အောက်မှာတော့ အကောင်းဆုံးခြေစွမ်းတွေ စတင်ပြန်လည်ရရှိနေပြီလို့တောင် ပြောရမလိုဖြစ်နေခဲ့ပါပြီ။

ဒ့ါအပြင် ကာဗာနီအနေနဲ့ လူကပ်စ်မိုရာ၊ ကာဗာနီတို့နဲ့ အတွဲညီညီကစားပြီး သူ့ရဲ့နောက်ဘက်ကနေ ကွင်းလယ်ကစားသမား သုံးဦးကလည်း ပံ့ပိုးမှုအားကောင်းကောင်းနဲ့သာ ကစားနိုင်ခဲ့မယ်ဆိုရင် ကာဗာနီရဲ့ခြေစွမ်းနဲ့အတူ ပီအက်စ်ဂျီအသင်းဟာ လိဂ်ဝမ်းအမှတ်ပေးဇယားရဲ့ထိပ်ဆုံးကို ပြန်လည်ရောက်ရှိလာမှာဖြစ်ပါတယ်။ ဒ့ါကြောင့်လည်း ကာဗာနီအနေနဲ့ ဒီနှစ်ရာသီမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ နာပိုလီအသင်းမှာတုန်းကလို ခြေစွမ်းမျိုးတွေနဲ့ ပြန်လည်တောက်ပလာဦးမလားဆိုတာကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

■ **အောင်က**

| ပရီမီယာလိဂ်ပွဲစဉ်(၆) | |
|---|---|
| **စနေနေ့ (၂၄-၉-၁၆)** | |
| ည ၆း၀၀ | မန်ယူ - လက်စတာ |
| ည ၈း၃၀ | ဘုန်းမောက် - အဲဗာတန် |
| ည ၈း၃၀ | လီဗာပူး - ဟားလ် |
| ည ၈း၃၀ | မစ်ဒယ်ဘရော့ - စပါး |
| ည ၈း၃၀ | စတုတ် - ဝက်စ်ဘရွန်း |
| ည ၈း၃၀ | ဆန်းဒါးလန်း - ပဲလေ့စ် |
| ည ၈း၃၀ | ဆွမ်ဆီး - မန်စီးတီး |
| ည ၁၁း၀၀ | အာဆင်နယ် - ချဲလ်ဆီး |
| **တနင်္ဂနွေနေ့ (၂၅-၉-၁၆)** | |
| ည ၉း၃၀ | ဝက်စ်ဟမ်း - ဆောက်သမ်တန် |
| **တနင်္လာနေ့ (၂၅-၉-၁၆)** | |
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | ဘန်လေ - ဝက်ဖို့ဒ် |

| ဘွန်ဒက်စ်လီဂါပွဲစဉ်(၅) | |
|---|---|
| **သောကြာနေ့ (၂၃-၉-၁၆)** | |
| နံနက် ၁း၀၀ (စနေနံနက်) | ဒေါ့မွန် - ဖရိုင်းဘတ် |
| **စနေနေ့ (၂၄-၉-၁၆)** | |
| ည ၈း၀၀ | ဂလာဘတ် - အင်ဂိုစလက် |
| ည ၈း၀၀ | မိန့်ဇ် - လေဗာကူဆင် |
| ည ၈း၀၀ | ဟမ်းဘတ် - ဘိုင်ယန် |
| ည ၈း၀၀ | အော့ဘတ် - ဒမ်စတက် |
| ည ၈း၀၀ | ဖရန့်ဖတ် - ဟာသာဘာလင် |
| ည ၁၁း၀၀ | ဝါဒါဘရီမင် - ဝုဖ်ဘတ် |
| **တနင်္ဂနွေနေ့ (၂၅-၉-၁၆)** | |
| ည ၈း၀၀ | ဟော့ဖန်ဟိမ်း - ရှော်လ်ကေး |
| ည ၁၀း၀၀ | ကိုလုံး - လိုက်ပစ်ဇ် |

# အီမရိတ်ကွင်းမှ ဖာဘရီဂက်စ်၏ ရုပ်ပုံနှင့်ပတ်သက်၍ အီယန်ရိုက် မေးခွန်းထုတ်






အာဆင်နယ်အသင်း၏ အိမ်ကွင်းဖြစ်သော အီမရိတ်ကွင်းအနီးတွင် စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်၏ ရုပ်ပုံလွှင့်ထူထားဆဲဖြစ်ခြင်းကို အာဆင်နယ်တိုက်စစ်မှူးဟောင်း အီယန်ရိုက် မေးခွန်းထုတ်လိုက်သည်။

စပိန်ကစားသမား ဖာဘရီဂက်စ်သည် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ကာ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် ဇွန်လအတွင်းတွင် ဘာစီလိုနာမှ ချယ်လ်ဆီးသို့ ပြန်လည်ပြောင်းရွှေ့ခြင်းဖြင့် ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် ရောက်ရှိလာသူဖြစ်သည်။ လန်ဒန်မြို့ခံပြိုင်ဘက် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန် ဖာဘရီဂက်စ် ဆုံးဖြတ်ခဲ့ခြင်းအပေါ် အာဆင်နယ်အသင်း ပရိသတ်အချို့မကျေမနပ် ဖြစ်ခဲ့ကြသည်။ မန်နေဂျာ အာဆင်ဝင်းဂါးသည် ဖာဘရီဂက်စ်အား အာဆင်နယ်သို့ ပြန်လည်ခေါ်ယူနိုင်မည့် အခွင့်အရေးရရှိခဲ့သော်လည်း အာဆင်ဝင်းဂါးက အဆိုပါ အခွင့်အရေးကို အသုံးချခဲ့ခြင်း မရှိပေ။

အီမရိတ်ကွင်းနှင့် အာဆင်နယ် မြေအောက်ဘူတာရုံအနီးရှိ Drayton ပန်းခြံကို ဆက်သွယ်ထားသည့် The Ken Friar တံတားပေါ်တွင် အာဆင်နယ်အသင်း၏ နာမည်ကျော်ကစားသမားဟောင်းအချို့၏ ရုပ်ပုံများကို ဂုဏ်ပြုလွှင့်ထူထားရန် အသင်းတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ပြီး ရွေးချယ်လွှင့်ထူခဲ့သော ပုံများအနက် ဖာဘရီဂက်စ်၏ပုံ ပါဝင်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း အင်္ဂလန်တိုက်စစ်မှူးဟောင်း အီယန်ရိုက် (၅၂နှစ်)က သူ၏ Instagram တွင် ဖာဘရီဂက်စ်၏ ရုပ်ပုံကို ညွှန်ပြနေသည့်ပုံနှင့်အတူ “Ken Friar တံတားမှာ ဘာကြောင့် ဖာဘရီဂက်စ် ဆက်ရှိနေတာလဲ” ဟု မေးခွန်းထုတ် ရေးသားခဲ့သည်။

အီယန်ရိုက်၏ ရေးသားမှုနှင့်ပတ်သက်ပြီး အာဆင်နယ်အသင်း ပရိသတ်တစ်ဦးကလည်း “ဒီနေရာကို ဖြတ်လျှောက်တဲ့အချိန်တိုင်းမှာ ဒီမေးခွန်းက ကိုယ့်ကိုယ်ကိုယ် အမြဲပြန်မေးနေမိတဲ့ မေးခွန်းပါ” ဟု ထောက်ခံရေးသားခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့သူ အီယန်ရိုက်သည် အာဆင်နယ်အတွက် ၂၈၈ ပွဲ ပါဝင်ကစားခဲ့ကာ ၁၈၅ ဂိုး သွင်းယူပေးခဲ့ပြီး အာဆင်နယ်အသင်း သမိုင်းတစ်လျှောက် ဒုတိယမြောက်ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သည်။

# ကွန်တီကို အနိုင်ရဖို့ခက်ခဲနေတဲ့ ဝင်းဂါး

## 2016-17 PREMIER LEAGUE WEEK 6

ပရီမီယာလိဂ်ပွဲစဉ် (၅)မှာတော့ အာဆင်နယ်က ဟားလ်ကိုအနိုင်ရခဲ့ပေမယ့် ချယ်လ်ဆီးက လီဗာပူးကို ရှုံးနိမ့်ခဲ့ပါတယ်။ စက်တင်ဘာ ၂၄၊ ၂၅၊ ၂၇ ရက်မှာကျင်းပမယ့် ပွဲစဉ် (၆)မှာ အာဆင်နယ်နဲ့ ချယ်လ်ဆီး တို့ ဆုံတွေ့နေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်အနေနဲ့ နိုင်ပွဲဆက်နိုင်မလား၊ ဒါမှမဟုတ် ချယ်လ်ဆီးကပဲ နိုင်ပွဲ ပြန်ရမလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေကာ အဆိုပါပွဲစဉ်မှာ မန်ယူကလည်း လက်စတာနဲ့ ရင်ဆိုင်ရဖို့ရှိနေတာကြောင့် မန်ယူအနေနဲ့လည်း နိုင်ပွဲရနိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာဖြစ်နေပါတယ်။

### မန်ယူ v လက်စတာ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်ယူ | ၁ | ၁ | လက်စတာ |

ကွန်မြူနတီဒိုင်းပွဲမှာ ဆုံတွေ့ခဲ့တုန်းက မန်ယူက အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ မန်ယူအနေနဲ့ မန်စီးတီးကိုဆက်လက်ဖိအားပေးနိုင်ဖို့အတွက် ဒီအိမ်ကွင်းပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်အောင် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ လက်စတာကလည်း ဘန်လေကိုနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာမရှိသေးပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မန်ယူကသာ အိမ်ကွင်းနိုင်ပွဲ ကပ်ရသွားနိုင်ပါတယ်။

### လီဗာပူး v ဟားလ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရပေမယ့်လည်း အဆိုပါပွဲမှာ ဟားလ်ကစားပုံက ကောင်းမွန်မှုရှိခဲ့ပြီး တစ်ယောက်လျော့အနေအထားကြောင့် သာရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဒီပွဲမှာလည်း ဟားလ်အနေနဲ့ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ လီဗာပူးရဲ့ခြေစွမ်းကလည်း ကောင်းမွန်နေပြီး ဒီပွဲအပြီးမှာလည်း ဥရောပပွဲကစားရဖို့မရှိပါဘူး။ ဒါကြောင့် ခြေကုန်ထုတ်လာမယ့် လီဗာပူးပဲအနိုင်ရမယ်။

### ဘန်းမောက် v အဲဗာတန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဘုန်းမောက် | ၃ | ၃ | အဲဗာတန် |

အဲဗာတန်ရဲ့လက်ရှိခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပါတယ်။ အထူးသဖြင့် မစ်ဒယ်ဘရော့ကို အနိုင်ရခဲ့တဲ့ပွဲမှာ ဘိုလာစီနဲ့လူကာကူတို့ တွဲဖက်မိခဲ့တာကြောင့် တိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်လာပါတယ်။ ဘုန်းမောက်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက သာမန်သာရှိပါတယ်။ ဘုန်းမောက်အနေနဲ့ အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း အဲဗာတန်ကို ပွဲချိန်ပြည့်ထိန်းဖို့ ခက်ပါလိမ့်မယ်။ အဲဗာတန်ပဲအနိုင်ရမယ်။

### မစ်ဒယ်ဘရော့ v စပါး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

မစ်ဒယ်ဘရော့က အဲဗာတန်ကို ရှုံးနိမ့်ခဲ့ရကာ သုံးပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် ရလဒ်ကောင်းပြန်ရအောင် အားစိုက်လာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ခြေကုန်ထုတ်လာမှာပါ။ စပါးကတော့ ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် လိဂ်ဖလားကစားခဲ့ရသလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း စပါးတို့ ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်ကာ နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ခက်မယ်။

### ဆွမ်ဆီး v မန်စီးတီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆွမ်ဆီး | ၁ | ၁ | မန်စီးတီး |

ဆွမ်ဆီးရဲ့ ခြေစွမ်းပိုင်းကကောင်းမွန်နေတယ်ဆိုပေမယ့် မန်စီးတီးကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ မန်စီးတီးက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း လက်ရှိခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ ဒီဘရူနီ ခြေစွမ်းပြနေတာကြောင့် ထိုးဖောက်ကစားပုံကောင်းမွန်နေသလို နာချို၊ စတာလင်းတို့ ခြေစွမ်းပြနေတာကြောင့်လည်း အဆုံးသတ်ပိုင်း အားကောင်းနေပါတယ်။ ဘုန်းမောက်ကိုအနိုင်ရခဲ့တဲ့ မန်စီးတီးပဲ နှစ်ဂိုးအသာနဲ့ နိုင်ပွဲဆက်မယ်။



### စတုတ် v ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | စတုတ် | ၀ | ၁ | ဝက်စ်ဘရွန်း |

စတုတ်က ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ အားနည်းနေပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းရဲ့ ခြေစွမ်းကလည်း သာမန်သာရှိပါတယ်။ ဝက်စ်ဘရွန်းအနေနဲ့ ဝက်စ်ဟမ်းကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် အဆိုပါပွဲမှာ ခြေသာမန်သာရှိခဲ့ပြီး ဝက်စ်ဟမ်းရဲ့အားနည်းမှုတွေကြောင့်သာ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သရေပွဲပါ။

### အာဆင်နယ် v ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အာဆင်နယ် | ၀ | ၁ | ချယ်လ်ဆီး |

အာဆင်နယ်က ဟားလ်ကိုအနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာမရှိပါဘူး။ ဟားလ်တစ်ယောက်လျော့ခဲ့လို့သာ နိုင်ပွဲရခဲ့တာဖြစ်ပြီး ဒီပွဲအပြီးမှာလည်းချန်ပီယံလိဂ်ကစားရဖို့ရှိပါတယ်။ ချယ်လ်ဆီးကတော့ လီဗာပူးကို ရှုံးခဲ့ရတဲ့အပြင် ဒီပွဲအပြီးမှာ ဥရောပပွဲလည်း ကစားရဖို့မရှိတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်စတာနဲ့ လိဂ်ဖလားကစားခဲ့ရလို့ ချယ်လ်ဆီးပွဲပန်းနိုင်ပေမယ့် အနိမ့်ဆုံးသရေရမယ်။

### ဆန်းဒါးလန်း v ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆန်းဒါးလန်း | ၂ | ၂ | ပဲလေ့စ် |

ဆန်းဒါးလန်းက ဒီရာသီမှာခြေစွမ်းပိုင်းအရ အားနည်းလွန်းနေပါတယ်။ အသင်းလိုက်ကစားပုံ မဆိုးပေမယ့် ခံစစ်ပိုင်းက အားနည်းမှုတွေရှိနေတာကြောင့် ပဲလေ့စ်ရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ပဲလေ့စ်ခြေကလည်း သာမန်သာရှိတယ်ဆိုပေမယ့် အသင်းလိုက်စုစည်းမှုအားနဲ့ ခံစစ်ပိုင်းကစားပုံတွေမှာ ဆန်းဒါးလန်းထက် ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့် ဆန်းဒါးလန်းတို့ အိမ်ကွင်းဖြစ်ပေမယ့် သရေထက် မပိုနိုင်ပါဘူး။

### ဝက်စ်ဟမ်း v ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်စ်ဟမ်း | ၂ | ၁ | ဆောက်သမ်တန် |

ဝက်စ်ဟမ်းက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်မှုမရှိပေမယ့်လည်း အိမ်ကွင်းဖြစ်တယ်။ ဒီပွဲစဉ်အပြီးမှာလည်း ဥရောပပွဲ ကစားရဖို့မရှိတဲ့အပြင် ရလဒ်ပိုင်းကလည်း ဆက်တိုက်မကောင်းခဲ့တာကြောင့် ဒီပွဲမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာ သေချာနေတယ်။ ဒါ့အပြင် ဆောက်သမ်တန်ကလည်း ခြေစွမ်းပိုင်းမတည်ငြိမ်သေးဘူး။ ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ပွဲ ကစားရဖို့ရှိနေတယ်။ ဒီပွဲမှာတော့ ဝက်စ်ဟမ်း နိုင်ပွဲရဖို့ရှိနေတယ်။

## စပိန်ကစားသမားမပါသည့် ပွဲထွက်စာရင်းအသုံးပြုသော ပထမဆုံးအသင်းအဖြစ် ဆီဗီလာမှတ်တမ်းဝင်

ပြီးခဲ့သည့် စက်တင်ဘာ ၁၇ ရက်တွင် ဆီဗီလာအသင်း အဝေးကွင်း၌ အီဘာအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သော စပိန်လီဂါပွဲစဉ်၌ ဆီဗီလာအသင်း ပွဲထွက်ကစားသမား ၁၁ ဦး စာရင်းတွင် စပိန်ကစားသမားပါဝင်လာခြင်းမရှိသောကြောင့် ဆီဗီလာအသင်းသည် စပိန်လီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် ပွဲထွက်စာရင်း၌ စပိန်ကစားသမားများကို ထည့်သွင်းအသုံးမပြုသည့် ပထမဆုံးအသင်းဖြစ်လာခဲ့ ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆီဗီလာအသင်းသည် ကစားသမားများကို အလှည့်ကျ အသုံးပြုနေသောကြောင့် ယခုကဲ့သို့ ပွဲထွက်စာရင်း၌ စပိန်ကစားသမားပါဝင်မှုမရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ဆီဗီလာအသင်းသည် စက်တင်ဘာ ၁၅ ရက်တွင် ဂျူဗင်တပ်စ်နှင့် ဂိုးမရှိသရေကျခဲ့သော ချန်ပီယံလိဂ်အုပ်စုပွဲ၌ အသုံးပြုခဲ့သော ပွဲထွက်ကစားသမား စာရင်းမှ ခုနစ်ဦးကို အပြောင်းအလဲပြုလုပ်ကာ အီဘာနှင့်ပွဲတွင် အသုံးပြုခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အီဘာနှင့်ပွဲ၌ လူစားလဲ အသုံးပြုခဲ့သည့် ကစားသမားသုံးဦးမှာမူ စပိန်ကစားသမား များဖြစ်ခဲ့သည်။



ဆီဗီလာအသင်းနည်းပြ ဆမ်ပါအိုလီသည် အီဘာနှင့်ပွဲ၌ အသုံးပြုခဲ့သော ပွဲထွက်စာရင်းတွင် အာဂျင်တီးနားကစားသမား လေးဦး၊ ပြင်သစ်ကစားသမား သုံးဦး၊ အီတလီ၊ ပေါ်တူဂီ၊ ဘရာဇီးနှင့် ဂျပန်ကစားသမား တစ်ဦးစီတို့ကို ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်သည်။ နည်းပြ ဆမ်ပါအိုလီသည် အာဂျင်တီးနားနိုင်ငံသားဖြစ်ခြင်းကြောင့် ဆီဗီလာအသင်းတွင် အာဂျင်တီးနား ကစားသမား အများစုအား ထည့်သွင်းအသုံးပြုနေခြင်းမှာ အံ့အားသင့်ဖွယ် မဟုတ်ဟုဆိုသည်။

ဆီဗီလာအသင်းသည် ပြီးခဲ့သည့် နွေရာသီအတွင်းတွင် ကစားသမားသစ် ၁၂ ဦး ခေါ်ယူခဲ့ရာတွင် အာဂျင်တီးနားကစားသမားလေးဦး ပါဝင်ခဲ့သည်။

ဆီဗီလာအသင်းသည် အသင်း၏ ကစားသမားစာရင်း၌ စပိန်ကစားသမား ခြောက်ဦးသာပါဝင်သည့် တစ်သင်းတည်းသော အသင်းလည်းဖြစ်သည်။

## ဘိုင်ယန်မြူးနစ်အသင်းအား ကာလရှည်တာဝန်ယူလိုကြောင်း အန်ဆယ်လော့တီ ဖွင့်ဟ



ဘိုင်ယန်မြူးနစ်အသင်းနည်းပြ အန်ဆယ်လော့တီက ဘိုင်ယန်အသင်းအား ကာလရှည်တာဝန်ယူသွားရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အီတလီလူမျိုး နည်းပြ အန်ဆယ်လော့တီသည် ပြီးခဲ့သည့် ဇူလိုင် ၁ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီ၌ ကစားခဲ့ပြီးသော ခြောက်ပွဲစလုံး နိုင်ပွဲရရှိထားသည်။

နည်းပြ အန်ဆယ်လော့တီက "ကျွန်တော့်အနေနဲ့ ဘိုင်ယန်မြူးနစ် အသင်းမှာ နှစ်နှစ်ထက်ပိုပြီး ကြာရှည်စွာ နေချင်ပါတယ်။ ဘောလုံးကလပ်အသင်းတွေမှာ စီးပွားရေး ကုမ္ပဏီလုပ်ငန်းပုံစံနဲ့ တူညီတဲ့အသင်းမျိုး၊ မိသားစုပုံစံနဲ့တူညီတဲ့ အသင်းမျိုးရှိပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းကတော့ မိသားစု ပုံစံနဲ့ တူညီတဲ့အသင်းမျိုးပါ"ဟု ပြောဆိုခဲ့သည်။

နည်းပြ အန်ဆယ်လော့တီသည် သတင်းစာရှင်းလင်းပွဲများတွင် ဂျာမန်ဘာသာစကားဖြင့် ပြောဆိုမှုများ ပြုလုပ်နေသော်လည်း ဂျာမန်စကားပြောဆိုရသည်မှာ မိမိအတွက် ခက်ခဲရှုပ်ထွေးမှုများရှိကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

နည်းပြ အန်ဆယ်လော့တီသည် ပါးမား၊ ဂျူဗင်တပ်စ်၊ အေစီမီလန်၊ ချယ်လ်ဆီး၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ် စသည့် ကလပ်အသင်းများကိုလည်း တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

**အန်ဆယ်လော့တီသည် ပါးမား၊ ဂျူဗင်တပ်စ်၊ အေစီမီလန်၊ ချယ်လ်ဆီး၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ် စသည့် ကလပ်အသင်းများကိုလည်း တာဝန်ယူခဲ့ဖူးသူဖြစ်**

# ထီလင်း၊ ကျောက်ထုနှင့် ဆောမြို့များသို့ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် တည်ဆောက်မှုများဆောင်ရွက်နေ

**မကွေး စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ထီးလင်း၊ ကျောက်ထုနှင့် ဆောမြို့နယ်များသို့ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် တစ်နေ့လျှင် နှစ်နာရီ အချိန်ပိုင်းဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာမှ မကြာမီကာလတွင် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းနှင့်အဖွဲ့သည် ဂန့်ဂေါခရိုင်သို့ စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ရောက်ရှိကာ ၆၆ ကေဗွီ ဂန့်ဂေါခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကိုလည်းကောင်း၊ လက်ရှိတည်ဆောက်နေသည့် မြစ်သာတမံ ဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိသည့်အခါ နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်နိုင်ရန်အတွက် ဂန့်ဂေါဓာတ်အားခွဲရုံဝင်းအတွင်း ၆၆ ကေဗွီ Switch Bay တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အသစ်တည်ဆောက်လျက်ရှိသော ထီးလင်းမြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ကျောက်ထုမြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ဆောမြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများကိုလည်းကောင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



ယခင်က အရန်ဒီဇယ် ဓာတ်အားပေးစက်များဖြင့် ဓာတ်အား ဖြန့်ဖြူးပေးထားသော ဂန့်ဂေါခရိုင်အတွင်းရှိ အဆိုပါမြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် အမြန်ဆုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများကို အမြန်ပြီးစီးအောင်တည်ဆောက်ရန် မှာကြားခဲ့ပြီး ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးသည့် အချိန်တွင် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းဆောင်ရွက်ကြရန်၊ ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက်လည်း အသိပေးဟောပြောပွဲများပြုလုပ်ပေးခြင်း၊ သတိပေးပိုစတာများ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ကြိုတင်ဆောင်ရွက်ထားကြရန် ခရိုင်နှင့် မြို့နယ်များရှိ လျှပ်စစ်ဝန်ထမ်းများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရန် ကျောက်သွေးသင်တန်းဖွင့်

**ဆိပ်ဖြူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်အတွက် ကျောက်သွေးသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် မြင်ကဝကျေးရွာ၌ စက်တင်ဘာ ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကျောက်သွေးပညာရပ်သင်တန်းမှာ ပြင်ပတွင် ဆည်းပူးလေ့လာပါက သင်တန်းကြေး ကျပ်သုံးသိန်းဝန်းကျင်ခန့်အထိ ပေးဆောင်ရသော သင်တန်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခမဲ့ စီစဉ်ဖွင့်လှစ်သင်ကြားပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ သင်တန်းဖွင့်လှစ်ရာတွင် လိုအပ်သောကိစ္စရပ်များကို ဒေသခံရပ်မိရပ်ဖများက ညှိနှိုင်းပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြသိန်းက ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်မွန်အေးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲမင်းအောင်တို့က အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာမ ဒေါ်နွယ်နွယ်ဝင်းက ကျောက်သွေးသင်တန်းတွင် သင်ကြားပေးမည့် ပညာရပ်များကိုလည်းကောင်း၊ စက်ပစ္စည်းများဖြင့် ဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလ ၄၅ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး မြို့နယ်ရဲတပ်ဖွဲ့က ဆောင်ရွက်ပေးလျက်ရှိ

**ကန်ကြီးထောင့် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းများရှေ့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းမှုများကို ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးမင်းဆွေ ဦးဆောင်သော မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ယာဉ်ကြောရှင်းလင်းပေးခြင်း၊ ကျောင်းသားကျောင်းသူလေးများအား လမ်းကူးရန် ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မတော်တဆမှုများ လျော့နည်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့နှင့်အတူ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကန်ကြီးထောင့်မြို့လူစည်ကားရာ ရွှေဘိုတန်းလမ်းမနှင့် ဘုရားပတ်လမ်းဆုံတို့၌ ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်းနှင့် စည်းကမ်းနှင့်မညီညွတ်သော ယာဉ်များအား ကြပ်မတ်အရေးယူခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**




**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်မြက်များကို စက်တင်ဘာ ၁၈ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကိုနှင့် တပ်ဖွဲ့ဝင်များ ရှင်းလင်းစဉ်။**
(မြို့နယ် ပြန်/ဆက်)

## အဆင့်မြင့်လယ်ယာမြေဖော်ထုတ်နိုင်ရေး ဆောင်ရွက်

**ကျောက်ထု စက်တင်ဘာ ၂၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ဒေသ ယောမြို့ရွာနှင့် အကြည်ပန်းပလွန်းကျေးရွာအုပ်စုများတွင် စက်မှုလယ်ယာ ဖော်ထုတ်နိုင်ရေးနှင့် ယာမှလယ်သို့ ပြောင်းလဲ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ကျေးရွာများမှ တောင်သူများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယောမြို့ရွာရှိ လယ်မြေဧက ၅၀ တွင် ချီချောင်းမှရေကို သွယ်ယူ၍လည်းကောင်း၊ အကြည်ပန်းပလွန်းကျေးရွာရှိ လယ်မြေဧက ၅၀ တွင် ကြီးချောင်းမှရေကို သွယ်ယူ၍လည်းကောင်း အဆင့်မြင့်လယ်ယာအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေအသုံးချရေး ဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ ဒါရိုက်တာအဖွဲ့ဝင်များက ကျေးရွာများသို့ စက်တင်ဘာ ၁၈ ရက်က ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။ **(၁၀၁)**

## စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ငါန်းဇွန် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးကျော်စွာထွန်းက ကျန်းမာရေးဆိုင်ရာ ဆောင်ရန်ရှောင်ရန်အချက်အလက်များကိုလည်းကောင်း၊ မြင်းခြံခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးဇော်မင်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဆန်းလင်းက ဟင်းသီးဟင်းရွက်များနှင့်ပတ်သက်၍ စားသုံးသူများသိရှိသင့်သော ဆောင်ရန် ရှောင်ရန်အချက်များကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြကာ ဟောပြောပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်လှုပ်ရှားမှုများဆောင်ရွက်

**ဗန်းမော် စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဗန်းမော်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအောင်ကျော်ထွန်းက ဗဟုသုတတိုးပွားဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်ဖြင့် စာပေကို လေ့လာလိုက်စားခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများအကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများကိုလည်း လေ့လာဖတ်ရှုသင့်ကြောင်း၊ ပြည်သူ့စာကြည့်တိုက်များတွင် အသင်းဝင်ရောက်ရန် နည်းလမ်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ၊ လက်ကိုင်ဖုန်းသုံးစွဲခြင်းဖြင့် ကြုံတွေ့နိုင်သော ဆိုးကျိုးများနှင့် မသောက်သုံးသင့်သည့် ရေငါးမျိုးအကြောင်း သိကောင်းစရာများ စသည့်အကြောင်းအရာများကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသစာအုပ် ၁၅၀ ကို ခရိုင်ဦးစီးမှူးက ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ခင်းကျင်းပြသကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## စစ်ဘေးရှောင်ပြည်သူများအတွက် အစားအသောက်နှင့် ပစ္စည်းများ သွားရောက်လှူဒါန်း

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသတွင် ရောက်ရှိနေသော စစ်ဘေးရှောင်ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးပစ္စည်းများနှင့် စာရေးကိရိယာများကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၁)ဘိလပ်မြေစက်ရုံ (တန် ၉၀၀) မြိုင်ကလေးမှ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ စုပေါင်း၍ စက်တင်ဘာ ၁၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘိလပ်မြေစက်ရုံမှူး ဦးတင်ဝင်းနှင့် စက်ရုံဝန်ထမ်းမိသားစုဝင်များ၊ မြိုင်ကလေးစက်ရုံဈေးမှ ဈေးသူ ဈေးသားများနှင့် စေတနာရှင် အလှူရှင်များစုပေါင်း၍ စစ်ဘေးရှောင်ပြည်သူများအတွက် လှူဒါန်းထားသည့် ဆန်အိတ် ၇၀၊ ဆီတစ်လီတာဘူး ၁၂ ဘူးပါ ၂၆ ဖာ၊ ကြက်သွန်နီပိဿာချိန် ၁၃၀၊ ရေသန့်နှင့် အခြားစားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ စုစုပေါင်း တန်ဖိုး ကျပ် ၃၃ သိန်းခွဲခန့်ရှိ ပစ္စည်းများကို လက်ထောက်စက်ရုံမှူးဦးသန်းနွဲ့ ဦးဆောင်သော စက်ရုံဝန်ထမ်းများက မြိုင်ကြီးငူအထူးဒေသရှိ စစ်ဘေးရှောင်ပြည်သူများထံသို့ လက်ဝယ်အရောက် သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ဧရာဝတီမြစ်နှင့်မုန်းချောင်းကြားရှိ စပါးစိုက်ခင်းများတွင် အမည်မသိဖျက်ပိုးကျ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ပွင့်ဖြူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ် အနောက်ဘက်နှင့် မုန်းချောင်းအရှေ့ဘက်ကြား ကျေးရွာအုပ်စုကိုးခုတွင် မြစ်ရေကျပြီးနောက် ဒေသခံတောင်သူများစိုက်ပျိုးထားသော စပါးဧက ၁၂၀၀ ကျော်၌ အမည်မသိဖျက်ပိုးများကျရောက်နေပြီး ဆေးပက်ဖျန်း၍လည်းမနိုင်ကြောင်း ဒေသခံတောင်သူများ၏ သတင်းပေးချက်အရ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၂၀ ရက်က အဆိုပါကျေးရွာများသို့ ကွင်းဆင်း စစ်ဆေးကာ ဖျက်ပိုးနှိမ်နင်းရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်နှင့် မုန်းချောင်းကြားရှိ သံကိုင်း၊ ပေါက်ကုန်း၊ ကုန်းဇောင်း၊ အနောက်ကိုင်း၊ ပေတော၊ သရက်တော၊ ညောင်ခြုံ၊ လေးအိမ်နှင့် နန်းတော်ကျွန်း ကျေးရွာအုပ်စုများမှ မြစ်ရေနစ်မြုပ်ခဲ့သော စိုက်ကွင်းများတွင် ဒေသခံတောင်သူများ ပြန်လည်စိုက်ပျိုးသော စပါးဧက ၁၂၀၀ ကျော်၌ အမည်မသိဖျက်ပိုးများ ကျရောက်ခဲ့ခြင်းဖြစ်ကာ ဆေးပက်ဖျန်း၍လည်း မနိုင်ကြောင်း သဖန်းတန်းကျေးရွာမှ တောင်သူဦးသန်းဌေးက ပြောသည်။

“ကျွန်တော်တို့ ကျေးရွာတွေမှာ ဧရာဝတီမြစ်ရေကျပြီး တောင်သူတွေ တစ်ဦးကို စပါးငါးဧကစပြီး တစ်ဆယ့်ငါးဧကကျော်အထိ စိုက်ကြတယ်။ စပါးစိုက်ခင်းတွေမှာ အရွက်တော်တော်ဝါနေတယ်။ ဘာပိုးကျတယ်လို့တော့ မသိကြဘူး။ တချို့ စိုက်ပျိုးရေးဆေးကုမ္ပဏီတွေတော့ ကွင်းဆင်းပြီး ဆေးရောင်းကြတယ်။ တောင်သူတွေကတော့ စိုက်ပျိုးရေးဦးစီးဌာနတွေက ကွင်းဆင်းစစ်ဆေးတာကို မျှော်လင့်နေကြတယ်”ဟု ၎င်းက ဆက်ပြောသည်။

ယခုအခါ အဆိုပါ စပါးစိုက်ခင်းများသို့ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းနှင့်အဖွဲ့၊ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ စုစုပေါင်း ၁၀ ဦးအဖွဲ့က ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

“ယခုလို ဖြုတ်ပိုးကျတတ်တဲ့လက္ခဏာကို တောင်သူတွေ စုပေါင်းပြီးနှိမ်နင်းဖို့လည်း လိုအပ်တယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်းနဲ့ မရနိုင်ဘူး။ စိုက်ပျိုးရေးဦးစီးဌာနတွေကလည်း ချက်ချင်းကွင်းဆင်းဆောင်ရွက်နေကြတယ်။ ပိုတက်ဆေးတွေအပြင် တောင်သူတွေ ပိုးသတ်ဆေးသုံးစွဲရာမှာ အန္တရာယ်မဖြစ်အောင် နှာခေါင်းစည်း၊ လက်အိတ်နဲ့ လက်ကမ်းစာစောင်တွေလည်း တောင်သူတွေကို အခမဲ့ပေးဝေခဲ့တယ်။ ဒါ့အပြင် ဂျပန်ရှေးနည်းပညာဖြစ်တဲ့ ငရုတ်သီးစိမ်းတစ်ပိဿာ၊ ချင်းတက်တစ်ပိဿာ လေးစိပ်ကွဲထောင်းပြီး စိုက်ပျိုးရေးဌာနမှာရနိုင်တဲ့ အီးအမ်(EM) နှစ်လီတာနဲ့ ငါးဆယ်ဝင်အိုးထဲမှာ စုပေါင်းရေပြည့်ထည့်ပြီး ဆယ်ရက်ခန့်လေလုံအောင်ထား၊ နို့ဆီဘူးတစ်ဘူးဆေးပုံးထဲထည့်ပြီး ရေနဲ့ဆေးပက်ဖျန်းသလိုဖျန်းရင်လည်း ဖြုတ်ပိုးနှိမ်နင်းလို့ရတယ်။ ရေဝင်ကောင်းတဲ့ ကတ္တတ်ပေါက်မှာလည်း ရေဘူးထဲကိုထည့် အပေါက်ဖောက်ပြီး တစိမ့်စိမ့်ကျအောင်လုပ်ပေးထားရင်လည်း ဖြုတ်ပိုးမျိုးပွားမှု နိုင်နင်းစေတယ်”ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး တာဝန်ခံ ပြောသည်။

ကွင်းဆင်းစစ်ဆေးချက်များအရ သံကိုင်း၊ ပေါက်ကုန်းနှင့် ကုန်းဇောင်းအုပ်စုများတွင် စိုးရိမ်ရသည့်အနေအထား မတွေ့ရကြောင်း၊ ကျန်အုပ်စုများတွင်မူ မြစ်ရေကျပြီး စိုက်ပျိုးသည့်လယ်များ၌ ရေသွင်းများပြီး ရေအိုင်မှုများသဖြင့် ဖြုတ်ပိုးလက္ခဏာတွေ့ရကာ ဆေးများဖျန်းထားကြောင်း၊ ကောက်မြို့တစ်မြို့တွင် နှစ်ပင်မှသုံးပင်ခန့်ဝါပြီး ဖြုတ်ပိုးနှစ်ကောင်မှ သုံးကောင်အထိ တွေ့ရကြောင်း သီးနှံကာကွယ်ရေးတာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

**ဇွဲထက်ရှင်**

# စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးစာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲ ဝေါမြို့နယ်၌ ပြုလုပ်

**ဝေါ စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အသိပညာပေးစာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဝေါမြို့နယ် စာပေစေတမန်ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်ကြွယ်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာဖတ်ဝိုင်းကျင်းပသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ် စာပေတမန်ပရဟိတအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာဘုန်းဇော်မိုး(ဥဿာ)က စာစီစာကုံးရေးသားခြင်းအခြေခံနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဦးအောင်မြတ်လင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများအကြောင်းကို ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား စာဖတ်ဝိုင်းပြုလုပ်၍ စာအုပ်များဖတ်ရှုစေပြီး မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ပြသခဲ့သည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**



# ပြည်နယ်ရဲတပ်ဖွဲ့၏ ပြခန်းမော်တော်ယာဉ်ဖြင့် မှုခင်းကျဆင်းရေး လှည့်လည်ပညာပေး

**လားရှိုး စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မှုခင်းကျဆင်းရေးအတွက် အသိပညာပေးမှုများကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က ပြခန်းမော်တော်ယာဉ်ဖြင့် လှည့်လည်အသိပေးလျက်ရှိရာ စက်တင်ဘာ ၁၉ ရက်က ရပ်ကွက်(၉)ဘူတာလမ်းရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ သွားရောက်ပညာပေးပြသခဲ့ကြောင်း သိရသည်။

ပြခန်းမော်တော်ယာဉ်ပေါ်တွင် မူးယစ်ဆေးဝါး၊ လူကုန်ကူးခြင်း၊ မှုခင်း ကာကွယ်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်သက်ဆိုင်သော ပိုစတာများ၊ ဓာတ်ပုံများ၊ ဇာတ်လမ်းတိုပြကွက်များကို ပညာပေးပြသထားပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ယာဉ်ပေါ်သို့ တက်ရောက်လေ့လာစေကာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် အသိပညာပေးဟောပြောခဲ့ကြောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၀၀ ခန့်ကို အသိပေးဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**



# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ လိပ်သိုမြို့နယ်၌ ပြုလုပ်

**လိပ်သို စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် လိပ်သိုမြို့ ကလေခိုကျေးရွာအုပ်စု သောက်ရေခပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အထက်တန်းကျောင်း(ခွဲ)တွင် လာရောက်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများနေထိုင်ရာ ပတ်ဝန်းကျင်ကျေးရွာအချို့တွင် လွန်ခဲ့သောနှစ်က လူကုန်ကူးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သောကြောင့် ထပ်မံဖြစ်ပွားခြင်းမရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အသိပညာဗဟုသုတရှိစေရန် ဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ဂျူဝါးနာက ပတ်ဝန်းကျင်ကျေးရွာများမှ လူကုန်ကူးခံရမှုဖြစ်စဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နွယ်နွယ်အေးက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ သတ်မှတ်ခဲ့ပုံနှင့် ကမ္ဘာ့လူကုန်ကူးမှုအကြောင်းကိုလည်းကောင်း၊ ဂေဘား တိုင်းရင်းသားဘာသာအသံလွှင့်ဌာနမှ ဦးစောဘော့စကိုက လူကုန်ကူးမှုဆိုင်ရာအကြောင်းများကို တနင်္လာနေ့နံနက်တိုင်းတွင် တိုင်းရင်းသားရုပ်သံလိုင်းများမှ ထုတ်လွှင့်ပေးနေပုံများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြကာ ဟောပြောပွဲအပြီးတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်ပိုစတာများကို ကျောင်းသား ကျောင်းသူများအား ပြသခဲ့သည်။

**လိပ်သို(ပြန်/ဆက်)**



# စိတ်ကြွရူးသွပ်ဆေးပြားလက်ဝယ်ထားရှိသူကို ဖမ်းဆီးပြီး ရောင်းချသူကိုပါ ဖော်ထုတ်အရေးယူနိုင်ခဲ့

**ဘီးလင်း စက်တင်ဘာ ၂၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအနီး စားသောက်ဆိုင်တစ်ခုတွင် မူးယစ်ဆေးဝါးသတင်းအရ စိတ်ကြွရူးသွပ်ဆေးပြားလက်ဝယ်ရှိသူတစ်ဦးကို သထုံ ခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက်က စောင့်ဆိုင်းဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းအား စစ်ဆေးချက်အရ စက်တင်ဘာ ၁၇ ရက်တွင် ကွင်းဆက်ရောင်းချသူများကိုပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

“ခုလိုမိတာဟာ ပြည်သူတွေက ရဲလုပ်ငန်းစဉ်တွေမှာ အရင်ကထက်ပိုပြီး ပူးပေါင်းပါဝင်လာလို့ပါ။ သတင်းရလို့မိတာနဲ့ နောက်ဆက်တွဲတွေကိုပါရအောင် ကြိုးစားမှာပါ။ ဖမ်းမိတဲ့သူတွေကို ဥပဒေအရ အရေးယူမယ်။ နောက်လည်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်လာရင် အထူးကြပ်မတ်ပြီး ရှာဖွေဖော်ထုတ်ဖမ်းဆီးတာမျိုး အစဉ်လုပ်နေမှာပါ”ဟု သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးနန္ဒဝင်းက ပြောသည်။

ဖြစ်စဉ်မှာ သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ တာဝန်ရှိသူများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအနီး အိုအေစစ် စားသောက်ဆိုင်တွင် စက်တင်ဘာ ၁၆ ရက်ညက မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်အတွင်းဝင်လာသူ ဖြိုးမောင်(၂၇ နှစ်) ဘီးလင်းမြို့နေသူအား စစ်ဆေးရာ ၎င်းထံမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား၊ အစိမ်းရောင် နှစ်ပြား စုစုပေါင်း ၉၇ ပြားကို ဖမ်းဆီးရမိခဲ့သည်။

၎င်းအား ဆက်လက်စစ်ဆေးရာ ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စု ရွှေအင်ဒုံကျေးရွာနေ ကိုကုဋ္ဌေလင်းစိုး(ခ)ကိုဇေ(၃၉ နှစ်)နှင့် မနီနီအေး(၃၉ နှစ်)တို့ထံမှ ဝယ်ယူကြောင်းထွက်ဆိုသဖြင့် ဖုန်းဖြင့်ချိတ်ဆက်ဝယ်ယူခိုင်းရာ ကိုဇေ၏ ညီမဖြစ်သူ မမြတ်စုရောစိုး(၃၀ နှစ်)က ဆေးပြားများလာပို့သဖြင့် ၎င်းအား ဆက်လက်ဖမ်းဆီးပြီး ကိုဇေနှင့် မနီနီအေးနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၄၈၄ ပြား၊ အစိမ်းရောင် သုံးပြား စုစုပေါင်း ၄၈၇ ပြားကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိ ရောင်းချသုံးစွဲသူ ဖြိုးမောင်၊ ကုဋ္ဌေလင်းစိုး(ခ)ကိုဇေ၊ မနီနီအေးနှင့် မမြတ်စုရောစိုးတို့အား ဘီးလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော

**လဟယ် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ဒေသခံ နာဂတိုင်းရင်းသားပြည်သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအကြောင်း အသိပညာပေး ဟောပြောပွဲကို လဟယ်မြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လဟယ်မြို့နယ်ရဲစခန်း အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် နာဂဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်(စီမံ)ဦးလောယုံက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲမှူး ဒုတိယရဲမှူးဝင်းမောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ဒုတိယ ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးရှားဆက်က လူကုန်ကူးမှုနှင့်ပတ်သက်၍ သိရှိသင့်သော အကြောင်းအရာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ လဟယ်မြို့ မြို့ပေါ် ရပ်ကွက်လေးခုမှ အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဒေသခံနာဂတိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စန်းလွင်ဦး**



# ကိုရီးယားချက်ပြုတ်မှုသင်တန်း ဖွင့်လှစ်နိုင်ရန်လိုအပ်သော ဒေါ်လာတစ်သောင်းနီးပါးတန်ဖိုးရှိပစ္စည်းများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မန္တလေး အောင်မြေသာစံမြို့နယ်၌ ဖွင့်လှစ်ထားသော အမျိုးသမီး အသက်မွေးလုပ်ငန်း ပညာကျောင်း၌ ကိုရီးယားချက်ပြုတ်မှုသင်တန်း ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည့်ပစ္စည်းများကို KOICA က စက်တင်ဘာ ၂၀ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။




လှူဒါန်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းကြီးရှစ်ခုထဲတွင် အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်းမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှုပညာရပ်များကို ကျွမ်းကျင်လာပြီး မိမိကိုယ်တိုင် ရပ်တည်နေထိုင်လာစေရန်ရည်ရွယ်၍ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း ကိုးကျောင်းကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှင်းတို့တွင် ဖွင့်လှစ်ထားကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် Korea International Cooperation Agency(KOICA) မြန်မာရုံးမှ ဌာနေကိုယ်စားလှယ် Mr. Shin Eui Cheol က အမျိုးသမီး အသက်မွေးလုပ်ငန်းပညာကျောင်း၌ ကိုရီးယားအစားအစာသင်တန်း ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သော မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာနှစ်လုံး၊ မုန့်ဖုတ်စက်နှစ်လုံး၊ အခြောက်ခံစက်တစ်လုံး၊ ဂက်စ်မီးဖို၊ ဂက်စ်ဒယ်အိုး၊ ရေသန့်စက်၊ ပန်ကာများ၊ ဆရာထိုင်စားပွဲနှင့် ထိုင်ခုံများအပါအဝင် သင်ကြားရာတွင်လိုအပ်သော ပစ္စည်းများ(တန်ဖိုး ၉၉၇၂ ဒေါ်လာ)ကို လှူဒါန်းခဲ့သည်။

"KOICA မှ စေတနာ့ဝန်ထမ်းတစ်ဦးက ဒီလုပ်ငန်းကို တစ်နှစ်တာအချိန်ယူခဲ့ရပြီး KOICA ရုံးချုပ်ခွင့်ပြုချက်ရယူပြီး ပြင်ဆင်ခဲ့ရပါတယ်။ ကိုရီးယားအစားအစာသင်တန်း ဖွင့်လှစ်နိုင်ဖို့ လိုအပ်သောပစ္စည်းများ ကူညီပေးခဲ့တဲ့ KOICA ရုံးမှ Coordinator အပေါင်းကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

မန္တလေး အမျိုးသမီးအသက်မွေးလုပ်ငန်းပညာကျောင်းကို ၁၉၈၂ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန စက်မှု၊ စိုက်ပျိုးရေးနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ မှစ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းရောက်ရှိပြီး အမျိုးသမီးများ သက်မွေး ပညာများတတ်မြောက်ကာ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာရပ်သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

## ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ဒေသတွင်းလုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်း

**ခန္တီး စက်တင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က ခန္တီးမြို့၌ ရေဘေးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပုံနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မြသိန်းဘုရား၏ ချင်းတွင်းမြစ်ဘက်အခြမ်း၌ မြေထိန်းနံရံဆောင်ရွက်ပေးနိုင်ရန် ပညာရှင်အဖွဲ့နှင့် တိုင်းတာဆောင်ရွက်နေမှု၊ လူမှုကွန်ရက်တွင် လတ်တလော ပျံ့နှံ့နေသည့် ခန္တီးနှင့်လဟယ်အကြားရှိ ပင်လုံဟတ္ထိရွာတွင် ဖျားနာရောဂါဖြစ်ပွားမှုကို ကွင်းဆင်းစစ်ဆေးနေသည့်အခြေအနေများ၊ ခန္တီးရတနာမြေမှထွက်ရှိနေသော ကျောက်စိမ်းအရိုင်းများကို တရားမဝင်ထုတ်ယူ/သယ်ဆောင်မှု မရှိစေရေးအတွက် ရှောင်တခင်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ ဝင်ပေါက်ထွက်ပေါက်များတွင် စစ်ဆေးဖမ်းဆီးနေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းက ခန္တီးဒေသမှ ပြည်သူများသည် ကျောက်စိမ်းမှော်ကိုအမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုနေရခြင်းကြောင့် ပြည်သူကိုမျက်နှာမူ၍ ထိန်းကျောင်းဆောင်ပေးရွက်ရန် ဆွေးနွေးပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကျောက်စိမ်းတူးဖော်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့် ခရိုင်တရားသူကြီး ဦးဇေယျာတင့်ညိုတို့က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။
**စန်းလွင်ဦး**

## ငါ့သရောက်မြို့၌ စာပေဟောပြောပွဲကျင်းပ

**ငါ့သရောက် စက်တင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ပညာတံခွန် မျိုးဆက်သစ် ပရဟိတအသင်းက ကြီးမှူး၍ ကျောင်းသားလူငယ်များအတွက် အသိပညာပေး စာပေဟောပွဲကို ငါ့သရောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ချုပ်ခန်းမ၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

စာပေဟောပြောပွဲသို့ ငါ့သရောက်မြို့ အခြေခံပညာ အထက်တန်း ကျောင်းများမှ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူဦးရေ ၇၀၀ ခန့်နှင့် မြို့ပေါ်ရပ်ကွက်များမှ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြပြီး စာရေးဆရာ ဦးဘုန်း(ဓာတု)နှင့် ဇော်ခိုင်ဦး(မန္တလေး)တို့က ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပအသိပညာ ဗဟုသုတများ တိုးပွားစေရေးအတွက် ပြင်ပစာပေများကို လေ့လာကြရန် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**

## စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများပြုလုပ်

**ကျုံပျော် စက်တင်ဘာ ၂၂**
ဥပဒေအရ ခွင့်ပြုခြင်းမရှိသည့် ဆိုးဆေးပါသောအစားအစာများ၊ တာရှည်ခံ ဓာတုဆေးဝါး အသုံးပြုထုတ်လုပ်ထားသော အစားအစာများ၊ သက်တမ်းလွန်သော အစားအစာများကို သိရှိရှောင်ကြဉ်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စားသုံးသူအကာအကွယ်ပေးရေးဦးစီးဌာနက ကြီးမှူး၍ ပင်လုံရပ်ကွက် မီးလောင်ရိုး အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် စားသုံးသူအကာအကွယ်ပေးရေး ဦးစီးဌာနမှူး ဦးမြင့်အောင်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများဖြင့်ပြုလုပ်သော အစားအစာများ မစားသုံးရန်၊ ကွမ်းစားခြင်းကြောင့်ဖြစ်ပွားနိုင်သောရောဂါများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ရရန်အခွင့်အရေးများနှင့် ပတ်သက်သည်များကို ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် ကျောင်းတွင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော မုန့်ဆိုင်များအား စစ်ဆေး၍ ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**နေဝင်းမြင့်(ပြန်/ဆက်)**

**တာချီလိတ်မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တာချီလိတ်မြို့နယ် တိုင်းရင်းဆေးကုဌာန၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အဖြစ် ဝမ်ကောင်းရပ်ကွက် ဓမ္မာရုံ၌ စက်တင်ဘာ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။**
မောင်ယဉ်ကျေး



## သတင်းတိုများ

### အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်/မြို့နယ်အဆင့်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အမှာစကားပြောကြားပြီး အဆို၊ အကပြိုင်ပွဲများကို ယှဉ်ပြိုင်ရာ ဝါသနာရှင် အဆိုကိုးဦး၊ တပင်တိုင်အက လေးဦး၊ လားဟူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် ကျောင်းသား ကျောင်းသူအဖွဲ့ ခြောက်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

### မိုးစိုက်ချည်မျှင်ရှည်ဝါစိုက်ပျိုးနည်း တောင်သူပညာပေးသရုပ်ပြ

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ကမ်းပြုကျေးရွာရှိ မိုးစိုက်ချည်မျှင်ရှည်ဝါ ငွေချည်(၉) မျိုးသန့်မျိုးပွားစံပြကွက် နှစ်ကော၌ ဒေသခံတောင်သူများအား ဝါစိုက်ပျိုးမှု သရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့သည်။ သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးကြည်က ငွေချည်(၉)ဝါ တစ်ဧကလျှင် ပိဿာ တစ်ထောင်နှင့်အထက်ထွက်ရှိအောင် စိုက်ပျိုးရမည့်နည်းလမ်းများနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်း (၁၀)ချက်ကို တောင်သူများအား ရှင်းလင်းပြောကြားပြီး ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ်ပြန်လည်အသက်သွင်းကာ အခြားသီးနှံများ နည်းတူ သီးထပ်သီးညှပ်စိုက်ပျိုးထုတ်လုပ်ကြရန် ဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်မန်းအုပ်စု ဝမ်မန်းကျေးရွာတွင် အကောင်အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်သွင်က ဝမ်မန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌထံသို့ စက်တင်ဘာ ၁၇ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

### အသက်၁၂ နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အသက် ၁၂ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို မြို့မဘောလုံးကွင်း၌ စက်တင်ဘာ ၁၉ ရက်က စတင်ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစိုင်းခမ်းမတ်တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲတွင် မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ အသက် ၁၂ နှစ်အောက် အမျိုးသားဘောလုံးအသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စပါးအထွက်နှုန်းတိုးတက်ရေး တောင်သူပညာပေးဆွေးနွေး

**ပဲခူး စက်တင်ဘာ ၂၂**
ပဲခူးခရိုင်အတွင်း မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးနည်းပညာများကို တောင်သူအချင်းချင်း လက်ဆင့်ကမ်းပေးနိုင်ရန် ရည်ရွယ်၍ တောင်သူပညာပေးဆွေးနွေးပွဲ(Community Learning Center)ကို ပဲခူးမြို့နယ် ဘုရားကြီး စိုက်ပျိုးရေးပညာပေးစခန်း၌ စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ပဲခူးခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ခုနှစ် မိုးရာသီတွင် စပါးတစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာများနှင့် မြေ၊ မျိုး၊ ပိုးနည်းဥပဒေများ၊ လိုက်နာကျင့်သုံးရမည့် နည်းစနစ်များကို တောင်သူများအနေဖြင့် သိရှိပြီး လက်ဆင့်ကမ်း နည်းပညာပေးဆွေးနွေးဖြန့်ဝေပေးနိုင်ရန် တောင်သူပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပဲခူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလေးမြင့်က အမှာစကား ပြောကြားသည်။ တောင်သူပညာပေးဆွေးနွေးပွဲတွင် ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်း၊ တိုင်း/ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ စိုက်ပျိုးရေးဝန်ထမ်းများက ကျေးရွာခုနစ်ရွာမှ တောင်သူ ၁၀၀ ခန့်အား စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သီးနှံမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**ဖယ်ခုံ စက်တင်ဘာ ၂၂**
ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်အတွင်း ကြွက်များကျရောက်ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံစိုက်ခင်းများအတွက် မျိုးစေ့များနှင့် ဘိန်းအစားထိုးသီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။ မျိုးစေ့များ ထောက်ပံ့ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သင်းသင်းထက်က ဒေသခံတောင်သူများအား မျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်း ရည်ရွယ်ချက်နှင့် စိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြွက်များကျရောက်ခြင်းကြောင့် သီးနှံများထိခိုက်ပျက်စီးသွားသော ကျေးရွာများဖြစ်သည့် သိကျိတ်ကျေးရွာအုပ်စုရှိ ရေကန်ဖူးလောကျေးရွာ၊ ကယောကျေးရွာအုပ်စုရှိ ဆူးပြောင်းကျေးရွာနှင့် အလယ်ကယန်းကျေးရွာအုပ်စုရှိ ဆီးဘူးကျေးရွာများမှ တောင်သူများအတွက် မျိုးစပါးတင်း ၁၅၀ နှင့် ဘိန်းအစားထိုးသီးနှံအဖြစ် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် နေကြာမျိုးစေ့ ကီလို ၃၀၀ ကိုလည်းကောင်း၊ တစ်ဧကလျှင် အိတ်တစ်ဝက်နှုန်းဖြင့် စိုက်ပျိုးဧက ၁၀၀ အတွက် ဓာတ်မြေဩဇာအိတ် ၅၀ ကိုလည်းကောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ပေးအပ်ခဲ့ကြသည်။ **မောင်မောင်ထွေး(ပြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တွင် စတီးလ်ပစ္စည်းထုတ်လုပ်ရန် လိုအပ်သော အောက်ပါကုန်ကြမ်း(၂)မျိုးအား ဝယ်ယူလိုပါသည်-

(က) Steel Sheet နှင့် Steel Pipe

(ခ) စတီးလ်ပစ္စည်းအရောင်တင်ဘီးအမျိုးမျိုး

တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်နှင့် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖုန်း-၀၆၇-၄၀၈၂၈၇၊ ၀၆၇-၄၀၈၃၃၂၊ ၀၉-၇၉၆၅၅၇၃၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါဖွင့်ရက်** - ၂၃-၉-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ

**တင်ဒါပိတ်ရက်** - ၃၀-၉-၂၀၁၆ ရက် ညနေ ၁၆း၀၀ နာရီ

## တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ရုံးသုံးစက်ကိရိယာ ၈ မျိုး

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၉-၂၀၁၆ ရက်မှ ၆-၁၀-၂၀၁၆ ရက်အတွင်း အောက်ပါလိပ်စာ၌ ရုံးချိန်တွင် လာရောက်ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၁၀-၂၀၁၆

**စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊**
**ရုံးအမှတ်(၄၁)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၄၀၇၊ ၀၆၇-၄၀၈၂၉၈**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၅၀၄/၅၀၆၊ ကုန်သည်လမ်းနှင့် (၃၉)လမ်းထောင့်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းရှိ ဌာနပိုင် လူနေတိုက်ခန်း(၁၂)ခန်းကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာ ရောင်းချမည်ဖြစ်ပါ၍ တင်ဒါအဆိုပြုလွှာများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၂၇-၉-၂၀၁၆ ရက် (အင်္ဂါနေ့)

(၂) **တင်ဒါပိတ်မည့်နေ့ရက်** - ၂၀-၁၀-၂၀၁၆ ရက် (ကြာသပတေးနေ့)

(၃) **တင်ဒါဖွင့်လှစ်မည့်နေ့ရက်** - ၂-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)

(၄) **တင်ဒါဖွင့်လှစ်မည့်နေရာ** - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး (ရုံးချုပ်)အစည်းအဝေးခန်းမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်

(၅) **တင်ဒါတင်သွင်းမည့်နေရာ** - (က) ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနရုံး၊ အိမ်ရာဖွံ့ဖြိုးရေး ဌာနခွဲရုံးအမှတ်(၄၀)၊နေပြည်တော် (ခ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာနရုံး၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၇၀၁၊ ၀၁-၂၄၅၆၈၆**

**Ministry of Agriculture, Livestock and Irrigation**
**Department of Rural Development**
**National Community Driven Development Project**
**IDA Grant:H813-MM**
**Post of Project Accountant**
**Ref. C 71**

The Department of Rural Development (DRD) invites expressions of interest from qualified and experienced Myanmar Nationals for the above position. This is an exciting opportunity for an experienced senior accountant to support financial management of a World Bank project helping rural communities in Myanmar.

The selected candidate shall support the DRD Union Finance Office in maintaining appropriate accounting and records in accordance with World Bank policies and international accounting standards. H/She shall assist in preparing budgets, monthly, quarterly, and annual financial reports, maintaining a computerized accounting system and staff training.

We seek a Certified Public Accountant (Myanmar) or International recognized accounting institute with a minimum of three years televant experience or a Masters degree in a related subject with a minimum of five years accounting experience.

Expressions of Interest must be submitted in a written form to the address below(in person, or by mail, or by e-mail) by **Friday 7 October, 2016.**

Further information and a copy of the detailed Terms of Reference (TOR) may be obtained from the NCDD webpage:http://www.cdd.drdmyanmar.org or the address below during office hours from 0900 to 1600, Monday through Friday, except public holidays.

**Attn: U Kyaw Swa Aung (Director),**
NCDD Project Secretariat Office,
Department of Rural Development, Ministry of Agriculture, Livestock and Irrigation
Office No.14, Nay Pyi Taw, Myanmar.
Tel & Fax:067-409071.
Email addresses:unioncddprocurement@gmail.com

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမြို့နယ် သင်တန်းအမှတ်စဉ်(၇)ကို ၄-၁၀-၂၀၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်။

**ဆက်သွယ်ရန်** ဖုန်း-၀၉-၇၉၉၈၀၈၆၄၀၊ ၀၉-၄၂၁၁၂၄၉၆၇၊ ၀၉-၇၃၀၂၁၁၇၆ (၁-၈)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်
နယ်မှသင်တန်းသားများ-ဘော်ဒါဆောင် အခမဲ့
သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ကြီးဌာန ကိုယ်စားပြု ရင်ထိုးတံဆိပ်များကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တံဆိပ်အမျိုးအစား၊ အရောင်နှင့် အရွယ်အစား၊ ရင်ထိုးတံဆိပ်မျက်နှာပြင်တွင် ပါရှိရမည့်အချက်များကို တင်ဒါပုံစံတွင် ဖော်ပြပါရှိမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်မှာ ၂၂-၉-၂၀၁၆ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့်ရက်မှာ ၃၀-၉-၂၀၁၆ ရက် (သောကြာနေ့) ၁၅း၀၀နာရီ ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်၊ ဝန်ကြီးရုံး(ဌာနခွဲ-၃) ဖုန်း-၀၆၇-၄၁၀၀၉၈ သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့၊ ဝန်ကြီးရုံး**

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်**

## "အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြားများ တပ်ဆင်ရန်"

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အင်္ဂလိပ်အက္ခရာပါ ဖောင်းကြွနံပါတ်ပြားများအား မော်တော်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်ပေးနေပါသဖြင့် ပြောင်းလဲတပ်ဆင်ရန် ကျန်ရှိနေသေးသော ယာဉ်ပိုင်ရှင်များအနေဖြင့် ၃၁-၁၂-၂၀၁၆ နောက်ဆုံးထား၍ သက်ဆိုင်ရာ ခရိုင်ရုံးများတွင် လာရောက်ထုတ်ယူတပ်ဆင်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | 2-11(T)/MESC/ 2016 -2017 | လက်ပံလှဇရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅)မိုင် တည်ဆောက်ခြင်း(Log-1) (လုပ်အားခ) |
| (ခ) | 2-12(T)/MESC/ 2016 -2017 | လက်ပံလှဇရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅)မိုင် တည်ဆောက်ခြင်း(Log-2) (လုပ်အားခ) |
| (ဂ) | 2-13(T)/MESC/ 2016 -2017 | လက်ပံလှဇရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅)မိုင် တည်ဆောက်ခြင်း(Log-3) (လုပ်အားခ) |
| (ဃ) | 2-14(T)/MESC/ 2016 -2017 | လက်ပံလှဇရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅.၅၁)မိုင်တည်ဆောက်ခြင်း(Log-4) (လုပ်အားခ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၉-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၃-၁၀-၂၀၁၆ရက် မွန်းလွဲ ၁း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
၂၇ လမ်း၊ ၇၇×၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၇၃၈၀၁

**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တတိယအကြိမ်**

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခရိုင်များ၏ လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၉-၂၀၁၆ ရက်မှ စတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန် တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး ကချင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၂၃၃၂၊ ၂၂၃၆၉ တွင် စုံစမ်းဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၁-၁၀-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

(ခ) **တင်ဒါတင်သွင်းမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) နော်ဝေသတင်းစာစက္ကူ (Newsprint Paper) (၈၀၀၀)ထုပ်

(ခ) ပုံနှိပ်စက်အရန်ပစ္စည်းများ 1 Lot

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၆-၁၀-၂၀၁၆ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) 60 Tons Truck Scale (၂) ခု

(ခ) ၂၄၀ လီတာဝင်အမှိုက်ပုံး (၆၅) ပုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၆-၁၀-၂၀၁၆ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## CLAIMS DAY NOTICE

**M.V MODERN LINK VOY:NO(7)**

Consignees of cargo carried by M.V MODERN LINK VOY:NO (7)are here by notified that the vessel will arrive of about 24-9-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အဆင့်မြင့် (OBD II) မော်တော်ယာဉ်စက်ပြင်သင်တန်း (အပတ်စဉ်-၁၀)နှင့်**
**အခြေခံမော်တော်ယာဉ်စက်ပြင်သင်တန်း (အပတ်စဉ်-၅)**

## လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့်မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်(OBD II) မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၁၀)နှင့် အခြေခံမော်တော်ယာဉ်စက်ပြင်သင်တန်း အပတ်စဉ်(၅)တို့ကို ၂၀၁၆ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှ စတင်ဖွင့်လှစ် သင်ကြားကြမည်ဖြစ်ပါသည်။ လူဦးရေကန့်သတ်ထားပါသည်။ လျှောက်လွှာများကို စတင်လက်ခံနေပြီးဖြစ်ပြီး လူတွေ့စစ်ဆေးမှုအောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။

| | | အခြေခံ | အဆင့်မြင့် (OBD II) |
|---|---|---|---|
| 1 | သင်တန်းကြေး | ကျပ်နှစ်သိန်း | ကျပ်သုံးသိန်း |
| 2 | သင်တန်းကာလ | နှစ်လ | နှစ်လ |
| 3 | ပညာအရည်အချင်း | မလိုအပ်ပါ | ၁၀ တန်း |
| 4 | အသက်ကန့်သတ်ချက် | မရှိပါ | မရှိပါ |
| 5 | သင်တန်းရက် | တစ်ပတ်လျှင် (၄)ရက် | တနင်္လာမှ သောကြာထိ |
| 6 | သင်တန်းချိန် | နံနက် ၉း၀၀ မှ ညနေ ၄း၀၀နာရီ | နံနက် ၉း၀၀ မှ ညနေ ၄း၀၀နာရီ |
| 7 | မှတ်ချက် | နယ်မှလာသူများအတွက် အဆောင်ရှိသည်။ | |

**လျှောက်လွှာတင်ရန်** -

(၁) Training Manager, မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။

(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

(၃) စုံစမ်းရန် ဖုန်း-၀၉-၂၆၁၇၈၈၈၈၀၊ ၀၁-၂၃၃၉၀၇၃၊ ၀၁-၂၃၃၉၀၇၄၊ ၀၁-၈၅၆၆၁၀၆၊ ၀၁-၈၅၆၆၁၀၉

(၄) Email ဖြင့် လျှောက်လွှာတင်ရန်- info@sakuratradecentre.com,

## ရန်ကင်း ကျောက်ကုန်းမီးပွိုင့်အနီး စားသောက်ဆိုင်(၁)ခုတွင် အောက်ပါဝန်ထမ်းများ အလိုရှိသည်

Restaurant Manager ကျား (၁)ဦး

Supervisor ကျား (၂)ဦး

Waiter & Waitress ကျား/မ (၅)ဦး

Cashier မ (၂)ဦး

စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာအတိုင်း ကိုယ်ရေးရာဇဝင်အကျဉ်း၊ လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၉-၄၂၀၀၇၇၂၀၇၊ ၀၁-၂၉၆၈၁၀**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ အဋ္ဌမတန်း (B)မှ မယမုံဖူး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်ကိုဝင်း ဖြစ်ပါကြောင်း။

**ဦးအောင်ကိုဝင်း**
**၆/ကစန(နိုင်)၀၆၅၆၁၇**

## အမည်ပြောင်း

ဦးသီဟအောင်၏သမီး မြိတ်မြို့၊ ကန်စွန်အင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒုတိယတန်း(ခ)မှ ကျောင်းဝင်အမှတ် KA-၃၄၃၅ မဖြူစင်ရှင်းသန့်အား မမြတ်သွန်းစံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမြတ်သွန်းစံ**

## ဖခင်အမည်မှန်

တောင်ငူ အထက(၄) တက္ကသိုလ်ဝင်တန်း(B)မှ မောင်မျိုးမင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဘဘု ၇/တငန(နိုင်)၁၈၈၁၁၁ ဖြစ်ပါသည်။

**ဖခင်-ဦးဘဘု (တောင်ငူ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်ခန့်ဇော်၏ဖခင် ဦးညီညီအောင်နှင့် ဦးညီအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညီညီအောင်(ခ)ဦးညီအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၁၈၆၀၈ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတင့်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

# အာဆီယံအဖွဲ့ဝင်နိုင်ငံများ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် H.E .Dr. Lim Hong Hin တို့အား ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အာဆီယံ အဖွဲ့ဝင် ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

## ကလိုထူးဘော ကရင်အစည်းအရုံး (KKO) ခွဲထွက်အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲရန် စီစဉ်မှုများကို တပ်မတော်က ရှင်းလင်း

စာ-၈

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ည ၇ နာရီ ၅၃ မိနစ် ၄၄ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်၊ အနောက်မြောက်ဘက် မိုင် ၂၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ထမံ့သီမြို့၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကျောက်တံတားမြို့နယ်အတွင်း ကလေးသူငယ်များ ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား နိုင်ငံတော်သမ္မတရုံးက စောင့်ကြည့်လျက်ရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ဖြစ်ပေါ်ခဲ့သည့် ကလေးသူငယ်များ ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့်ပတ်သက်၍ တာဝန်သိပြည်သူတစ်ဦးက ကျောက်တံတားမြို့နယ်ရဲစခန်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့် ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းတို့အား စိစစ်မေးမြန်းခဲ့ပြီးနောက် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည့် ကာယကံရှင်များ၊ ၎င်းတို့၏မိသားစုဝင်များနှင့် သတင်းပေးတိုင်ကြားမှုပြုလုပ်ခဲ့သည့် တာဝန်သိပြည်သူတစ်ဦးတို့အား လုံခြုံရေးအရ စောင့်ရှောက်ကာကွယ်မှုများဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသူများ လုံခြုံစွာနေထိုင်နိုင်ရေးနှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးအားပေးမှုများဆောင်ရွက်ပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့လည်းကောင်း ညွှန်ကြားခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့် ဤဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကျောက်တံတားမြို့နယ်ရဲစခန်းမှ တာဝန်ရှိသူများ၏ အရေးယူဆောင်ရွက်ခဲ့ပုံ အသေးစိတ်အခြေအနေများကို တင်ပြရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ ညွှန်ကြားထားပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ဆောင်ရွက်မှုအခြေအနေများကိုလည်း လေ့လာလျက်ရှိသည့်အပြင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အလေးထားစောင့်ကြည့်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**(သတင်းစဉ်)**



## တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသော ငါးဈေးနှုန်း

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး**

**ရန်ကုန် စက်တင်ဘာ ၂၂**

ဒေသတွင်းစားသုံးမှုအများဆုံးဖြစ်သည့် ငါးဈေးနှုန်းသည် တစ်နှစ်ထက်တစ်နှစ် မြင့်သည်ထက် မြင့်တက်လာနေကြောင်း နေ့စဉ်ဈေးဝယ်နေရသည့် အိမ်ရှင်မတိုင်းက ဆိုကြသည်။

“ဟိုးအရင်တုန်းကဆို ရန်ကုန်ကလူတွေက ပင်လယ်ငါး သိပ်မစားကြဘူး။ မြစ်ချောင်း၊ အင်းအိုင်၊ ကန်ကထွက်တဲ့ ရေချိုငါးကိုပဲ စားကြတယ်။ ရေချိုငါးစားသုံးမှု မြင့်မားလာတာနဲ့အမျှ ငါးဈေးနှုန်းတွေက လိုက်မြင့်လာတယ်၊ ဒါနဲ့ ရေငန်(ပင်လယ်ငါး) ကို

*စာမျက်နှာ ၅ ကော်လံ ၁*

